# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**မမေ့မလျော့ခြင်း**

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည်သေသည် မမည်ကုန်။ မေ့လျော့သောသူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၉၄)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက ရွှေလင်ပန်းစက်မှုမြို့အတွင်း စက်ရုံ၊ အလုပ်ရုံများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆူပူအကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ စက်မှုဇုန်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◯

- **❖ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးလုပ်ငန်းများကို ဒီမိုကရေစီစနစ်၊ စည်းကမ်း၊ ကျင့်စဉ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်**
- **❖ တိုင်းပြည်၏ ယိုယွင်းနေမှုများကို အမြန်ဆုံးပြန်လည်တည့်မတ်အောင် ကြိုးပမ်းလုပ်ဆောင်ပေးရမည်**
- **❖ ပြည်သူလူထုမှ စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်**

# တရုတ်နိုင်ငံ ဂျယ်ဂေါင်မြို့တွင် ပိတ်မိနေသော မြန်မာကုန်တင်ယာဉ်များ ပြန်လည်ထွက်ခွာခွင့်ပြု

**မူဆယ် ဧပြီ ၁၁**

တရုတ်နိုင်ငံ ဂျယ်ဂေါင်မြို့၌ ပိတ်မိနေသော မြန်မာကုန်တင်ယာဉ်များ ယနေ့နံနက် ၈ နာရီတွင် မူဆယ်မြို့ မန့်ဝိန်းဂိတ်ပေါက်မှတစ်ဆင့် ပြန်လည်ဝင်ရောက်လျက်ရှိသည်ကို သိရသည်။

မူဆယ်မြို့ရှိ နှစ်နိုင်ငံ ဂိတ်ပေါက်တစ်ခုဖြစ်သော မန့်ဝိန်းဂိတ်ပေါက်သည် တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်တွင် လက်ရှိတစ်ကျော့ပြန် ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကြောင့် ဧပြီ ၂ ရက်မှစ၍ အသွားအလာကန့်သတ်ထားရှိခဲ့သဖြင့် မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်အစီး ၂၀၀ ခန့်သည် တရုတ်နိုင်ငံ ဂျယ်ဂေါင်မြို့တွင် ရပ်နား (ပိတ်မိ)ခဲ့သည်။

ယခုအခါ မြန်မာ-တရုတ် နှစ်နိုင်ငံမှ တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် တရုတ်နိုင်ငံတွင် ပိတ်မိကျန်ရှိနေသော မြန်မာကုန်တင်ယာဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ မြန်မာနိုင်ငံဘက်သို့

*စာမျက်နှာ ၉ ကော်လံ ၁* ❏

# ကုသိုလ်တရားဖြင့် နှစ်သစ်ဆီ

တပေါင်းမှသည် တန်ခူး၊ ရာသီတစ်ပတ်လည်၍ နှစ်သစ်ကူးတော့မည်။ ဩကာသလောကကြီးသည် သူ့အစီအစဉ်အတိုင်း မှန်မှန်ဖြစ်ပေါ်လျက်ရှိသည်။ နေဝင်နေထွက်၊ လဝင်လထွက်၊ ဂြိုဟ်နက္ခတ်တို့ သူ့ရာသီနှင့်သူ လှည့်ပတ်ထွန်းပလျက်။ သစ်ပင်ပန်းမန်တို့လည်း အခါရာသီနှင့်အညီ ဖူးပွင့်ကြလျက်။ ဝနပ္ပဂုမ္ဗေ ယထ ဖုသိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။ တထူပမံ ဓမ္မဝရံ အဒေသယိ၊ နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။ နွေလများ၏ အဦးအစ တန်ခူးလ၌ ကောင်းစွာပွင့်သော ခက်ဖျားအစုံရှိသည့် တောရဂုံသည် အသရေဖြင့် တင့်တယ်သကဲ့သို့ မြတ်သောလောကုတ္တရာ အကျိုးစီးပွားအလို့ငှာ ထိုတောအုပ်နှင့်တူသော ပရိယတ္တိတရားတော်မြတ်ကို ဘုရားရှင်ဟောတော်မူခဲ့ကြောင်း ရတနသုတ္တတွင် ပါရှိရာ တန်ခူးလတွင် တောအုပ်တို့မည်မျှလှပတင့်တယ်ကြောင်း အနက်သဒ္ဒါတို့ စုံလင်သည့် တရားတော်နှင့်ပင် နှိုင်းယှဉ်ခဲ့သည်ကို တွေ့နိုင်သည်။

နှစ်သစ်သို့ ကူးပြောင်းခြင်း၏ အထိမ်းအမှတ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်အခါသည်လည်း ကျရောက်လာတော့မည်။ သို့ရာတွင် ယမန်နှစ်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိတ်ရောကိုယ်ပါ မဆင်နွဲလိုက်ရသည့် သင်္ကြန်သည် ယခုနှစ်တွင်လည်း ထိုနည်းနှင်နှင်။ ပတ်ဝန်းကျင် နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲများ ဝင်ရောက်မှုကြောင့် ကပ်ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း ပြန်လည်မြင့်မားလျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆင်ခြင်နေရဦးမည့် အခြေအနေပင်ဖြစ်သည်။ လူစုလူဝေးကို ရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် မကြာခဏ ဆေးကြောခြင်းတို့ကို ဆက်လက်ကျင့်သုံးကြရင်း သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုမပျက် ဆင်နွှဲကြရမှာဖြစ်သည်ဟု အကြံပြုလိုသည်။ အထူးသဖြင့် နှစ်ဟောင်းမှ မကောင်းမှုဒုစရိုက် အကုသိုလ်အစုတို့ကို သင်္ကြန်ရေဖြင့် ဆေးကြောကာ မျှောလိုက်ကြဖို့နှင့် နှစ်သစ်ဆီသို့ ကုသိုလ်ကောင်းမှုပြုကာ ကူးပြောင်းကြရေးအတွက် အားထုတ်ကြရန်သာ တိုက်တွန်းလိုသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူ့အိမ်ရာပြစ်မှားခြင်းဟူသော ကာယဒုစရိုက်သုံးပါး၊ လိမ်ညာပြောဆိုခြင်း၊ ကုန်းတိုက်ပြောဆိုခြင်း၊ ရန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်း၊ အကျိုးမဲ့သိမ်ဖျင်းသည့် စကားပြောဆိုခြင်းဟူသော ဝစီဒုစရိုက်လေးပါး၊ မနာလိုတစ်ကိုယ်ကောင်းဆန်ခြင်း၊ ပျက်စီးစေလိုခြင်း၊ အယူမှားခြင်းဟူသော မနောဒုစရိုက်သုံးပါးတို့ ပါဝင်သည့် အကုသိုလ်တရားတို့သည် သယ်ဆောင်ထားသူကိုလည်းကောင်း၊ လောကကိုလည်းကောင်း ဖျက်ဆီးတတ်သည့် တရားများဖြစ်သည့်အလျောက် အကြွင်းမဲ့ ရှင်းလင်းသုတ်သင်အပ်သည်သာဖြစ်သည်။ အလိုရမ္မက်ကြီးခြင်း၊ ပြစ်မှားကြမ်းတမ်းခြင်း၊ မိုက်မဲတွေဝေခြင်းဟူသော ကိလေသာတို့ကြောင့် လောင်သောမီးများနှင့် အနိဋ္ဌာရုံတို့ကို ကြုံခဲ့၊ တွေ့ခဲ့ကြရပြီဖြစ်ရာ နောက်ထပ် ဆက်လက်မလောင်ကျွမ်းရေးအတွက် ကြိုးပမ်းသွားကြမှသာ ငြိမ်းအေးချမ်းသာမှုကို ခံစားနိုင်ကြမည်ဖြစ်သည်။ မီးဟူသည် အကြွင်းအကျန်အစအနမျှပင် မကျန်သင့်သလို ထပ်မံလောင်ကျွမ်းမလာစေရန်အတွက်လည်း ကြိုတင်တားဆီးကြရမည်သာ။ မကောင်းမှုဟူသည် ပြုပြီးသည်နှင့်ပြီးမသွား။ မကောင်းမှုအတွက် အကျိုးပေးက နောက်မှ ထက်ကြပ်လိုက်လာနေသည်သာ။

မကောင်းမှုပြုသောသူသည် ကောင်းကင်၌နေသော် လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ နေသော်လည်းကောင်း၊ တောင်အခေါင်းထဲဝင်၍ နေသော်လည်းကောင်း၊ မကောင်းမှုအပြစ်မှ မလွတ်။ မကောင်းမှုအပြစ် ခံစားခြင်းမှ လွတ်သောအရပ်ဟူ၍ တစ်ကွက်မျှမရှိကြောင်း ဓမ္မပဒက ပြဆိုထားသည့်အလျောက် ကုသိုလ်ကောင်းမှုတို့ပြုခြင်း မိမိတို့၏စိတ်ကို ဖြူစင်အောင် ဆောက်တည်ခြင်းတို့ဖြင့်သာ နှစ်သစ်ကို ကူးပြောင်းနိုင်ကြရေးအတွက် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကျင်းပသော ရက္ခပူရသာသနာလင်္ကာရစာမေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပထမဆုံးကျင်းပသည့် သာသနာတော်ဆိုင်ရာစာမေးပွဲဖြစ်

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်တွင် ကျင်းပပြုလုပ်လေ့ရှိသော ပရိယတ္တိဆိုင်ရာစာမေးပွဲများအနက် ၁၉၄၉ ခုနှစ်မှစ၍ သက်တော် ၂၀ မပြည့်သေးသည့် ရှင်သာမဏေများအတွက် သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကို နှစ်စဉ် တန်ဆောင်မုန်းလမှ တပို့တွဲလ(နိုဝင်ဘာလမှ ဖေဖော်ဝါရီလ) အတွင်း ကျင်းပလေ့ရှိကြောင်း၊ သို့သော်လည်း COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေအရ ကျင်းပရန် ခေတ္တရွှေ့ဆိုင်းခဲ့ရကြောင်း၊ ယခုအခါ COVID-19 ရောဂါဖြစ်ပွားမှု အတော်အတန်ထိန်းချုပ်နိုင်သည့် အခြေအနေပေါ်မူတည်၍ သာမဏေကျော်စာမေးပွဲများကို ကျင်းပခဲ့သည်။

သို့အတွက် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်ရှိ ရက္ခပူရသာသနာလင်္ကာရအသင်းသည် အဆိုပါအသင်း၏ ဗိမာန်၌ ရက္ခပူရသာသနာလင်္ကာရစာမေးပွဲ (သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ)ကို နာယကဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း၊ စာဖြေသာမဏေ ၇၁ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ စာမေးပွဲ ကျင်းပဖြေဆိုရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

အဆိုပါစာမေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပထမဆုံးကျင်းပသော သာသနာတော်ဆိုင်ရာစာမေးပွဲဖြစ်ပြီး မြတ်ဗုဒ္ဓသာသနာတော် ရေရှည်တည်တံ့ပြန့်ပွားရေးကို ဦးတည်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရက္ခပူရသာသနာလင်္ကာရ အသင်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးပို့ထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

**နေပြည်တော် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ် ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ (၃) စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmar-newspaper တွင် လည်းကောင်း၊ Myanmar Digital News _ MDN ဖေ့စ်ဘွတ်စာမျက်နှာတွင် လည်းကောင်း ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် စက်မှုဇုန်အတွင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများအား ကြည့်ရှုစဉ်။ သတင်းစဉ်

**“အချို့ စက်ရုံ အလုပ်ရုံများရှိ အလုပ်သမားများ လစာများထုတ်ယူရရှိရန် ခက်ခဲလျက်ရှိကြောင်း တင်ပြချက်အပေါ် အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်၊ စက်ရုံအလုပ်ရုံများ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ငွေကြေးထုတ်ယူသုံးစွဲမှုများကိုလည်း စည်းကမ်းချက်များနှင့်အညီ အဆင်ပြေစွာထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်၊ စက်ရုံအလုပ်ရုံများလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန်လိုအပ်၊ နယ်မြေခံပြည်သူလူထုကလည်း မိမိရပ်ရွာလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း နယ်မြေလုံခြုံရေးပူးပေါင်း ဆောင်ရွက်ပေးမည်ဖြစ်”**

○ *ရွှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလင်ပန်းစက်မှု မြို့စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေလင်ပန်းစက်မှုမြို့အတွင်း စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ မြို့နယ်အတွင်း ပြည်သူများနေထိုင်နေမှုအခြေအနေနှင့် ရွှေ့ပြောင်းလုပ်သားများ၏ နေထိုင်မှုအခြေအနေများ၊ စက်ရုံအလုပ်ရုံများအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့မှုအခြေအနေများ၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် နေအိမ်အဆောက်အဦ စီစဉ်ဆောင်ရွက်ပေးနိုင်မည့် လျာထားအခြေအနေများ၊ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**အမြန်ဆုံးဆောင်ရွက်ပေးရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ အလုပ်အကိုင်ပြန်လည်ရရှိရေးအတွက် စက်ရုံအလုပ်ရုံများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဆူပူအကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် စက်ရုံအလုပ်ရုံများ၏ အာမခံငွေကြေးများ ထုတ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့ စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများ လစာများထုတ်ယူရရှိရန် ခက်ခဲလျက်ရှိကြောင်း တင်ပြချက်အပေါ် အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ငွေကြေးထုတ်ယူသုံးစွဲမှုများကိုလည်း စည်းကမ်းချက်များနှင့်အညီ အဆင်ပြေစွာထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများ လုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန် လိုအပ်ကြောင်း၊ နယ်မြေခံပြည်သူလူထုကလည်း မိမိရပ်ရွာလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း နယ်မြေလုံခြုံရေး ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသခံပြည်သူများအား လှိုင်သာယာမြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ညှိနှိုင်းဆောင်ရွက်ပေး**


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်အတွင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံအလုပ်ရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်ငန်းရှင်များ၏ ဖြစ်စဉ်အကြောင်းအရာအပေါ် တင်ပြချက်၊ လုပ်ငန်းဆိုင်ရာအပေါ် တင်ပြချက်များအား အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မြို့နယ်ခန်းမများသို့ ရောက်ရှိပြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဆန်၊ ဆီ၊ ပဲများ ပေးအပ်လှူဒါန်းပွဲများသို့ သီးခြားစီတက်ရောက်သည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲများ ပေးအပ်လှူဒါန်းစဉ်။
သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်သာမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲများ ပေးအပ်လှူဒါန်းစဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အခမ်းအနားများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီးနောက်ပိုင်း ရန်ကုန်မြို့အတွင်း ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ စက်ရုံ၊ အလုပ်ရုံများ မီးလောင်ပျက်စီးခဲ့ရသည့် အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှုခြင်းပင်ဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ရသည့် နောက်ခံအကြောင်းရင်းမှာ လူအများ၏ စားဝတ်နေရေး အခက်အခဲများနှင့် နိုင်ငံရေးမကျေနပ်မှုများကြောင့် ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်အရ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လက်ခံသော်လည်း အကြမ်းဖက် ဖျက်ဆီးမှုများကို လက်ခံ၍မရကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများ ရှိသကဲ့သို့ စားဝတ်နေရေးအခက်အခဲများကြောင့် သွေးထိုးလှုံ့ဆော်လိုသူများထံမှ ငွေကြေးများရယူ၍ ဆူပူအကြမ်းဖက်မှု၊ မီးရှို့မှုများအထိ ကျူးလွန်ခဲ့သူများလည်းရှိကြောင်း၊ COVID-19 ရောဂါဖြစ်ပွားသည့်ကာလအတွင်း စက်ရုံအလုပ်ရုံများ ပိတ်သိမ်းထားမှုကြောင့် ပြည်သူလူထုအနေဖြင့် စားဝတ်နေရေးအတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်ကလည်း တပ်မတော်မှ လှိုင်သာယာမြို့နယ်အတွင်း ဆန်၊ ဆီနှင့် ပဲများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

### စနစ်တကျခွဲဝေပေးအပ်

ယခုကာလတွင်လည်း လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်အိတ် ၃၃၃၃၃ အိတ်၊ ဆီ ပိဿာ ၁ သိန်းနှင့် ပဲပိဿာချိန် ၁ သိန်းတို့အား ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ မိမိတို့လှူဒါန်းသည့် ဆန်၊ ဆီနှင့် ပဲများကိုလည်း အမှန်တကယ် လိုအပ်နေသည့် ရသင့်ရထိုက်သည့် ဒေသခံပြည်သူများ လက်ဝယ်သို့ရောက်ရှိရေး တာဝန်ရှိသူများက စနစ်တကျခွဲဝေပေးအပ်ကြစေလိုကြောင်း၊ အခါအခွင့်သင့်ချိန်များတွင်လည်း ဆက်လက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသည့်အတိုင်း ပြည်သူအားလုံး စုပေါင်းအားဖြင့် ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်သာမြို့နယ်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
သတင်းစဉ်

### ပိုမိုအောင်မြင်အောင် ဆောင်ရွက်

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးလုပ်ငန်းများကို ဒီမိုကရေစီစနစ်၊ စည်းကမ်း၊ ကျင့်စဉ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ယိုယွင်းနေမှုများကို အမြန်ဆုံးပြန်လည်တည့်မတ်အောင် ကြိုးပမ်းလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုမှ စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ပေးအပ်လှူဒါန်းသည့် ဆန်၊ ဆီနှင့် ပဲများအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

### ရွှေ့ပြောင်းအလုပ်သမား အများဆုံးရှိ

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဆန်၊ ဆီနှင့် ပဲများ လှူဒါန်းခဲ့မှုအပေါ် မြို့နယ်အလိုက် တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်၍ ပေးအပ်လှူဒါန်းသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ အများဆုံးရှိသည့် မြို့နယ်ဖြစ်ပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းအလုပ်သမား အများဆုံးရှိသည့် မြို့နယ်ဖြစ်ပါကြောင်း၊ မိမိတို့မြို့နယ်တွင် မတ် ၂၃ ရက်နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများမှတစ်ဆင့် အများပြည်သူ သွားလာလျက်ရှိသည့် လမ်းမကြီးများကို ပိတ်ဆို့ခြင်း၊ ၁၄ ရက်နှင့် ၁၅ ရက်တွင် လုပ်သားများ မှီခိုလုပ်ကိုင်နေသည့် အထည်ချုပ်စက်ရုံကြီးများအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အခြေခံလုပ်သားများအနေဖြင့် အလုပ်အကိုင်ခဏတာ ဆုံးရှုံးနေစဉ် ယခုကဲ့သို့ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

### ပုံမှန်အတိုင်း ပြန်လည် လည်ပတ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ် ၁၄ ရက်တွင် အကြမ်းဖက်ရမ်းကားသည့်လူအုပ်စုများက တာမွေ၊ အင်းစိန်၊ ရွှေပြည်သာ၊ သာကေတ မြို့မရဲစခန်းများကို လူအုပ်စုဖြင့်လာရောက်၍ မီးရှို့ပြီး ဝင်ရောက်တိုက်ခိုက် စီးနင်းရန်ကြိုးစားခဲ့ကြောင်း၊ ၎င်းအပြင် လှိုင်သာယာမြို့နယ်ရှိ လုံခြုံရေးရဲကင်းနေရာအား ဝင်ရောက်စီးနင်းပြီး အဆောက်အအုံနှင့် မော်တော်ယာဉ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်တို့ရှိ စက်ရုံများကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည့်လုပ်ရပ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေ အေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အား မတ် ၁၄ ရက်တွင် လည်းကောင်း၊ မတ် ၁၅ ရက်တွင် ဒဂုံမြို့သစ်မြို့နယ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) အား ထုတ်ပြန်ခဲ့ရသည်။ ယခုအခါ အဆိုပါနယ်မြေအတွင်း ပြန်လည်တည်ငြိမ်လျက်ရှိကြောင်းနှင့် စက်ရုံ အလုပ်ရုံများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးခဲ့

**“NLD ပါတီအစိုးရတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ထိခိုက်ခဲ့ရပြီး စီးပွားရေးဆိုင်ရာများ ထိခိုက်ကျဆင်းလာသဖြင့် ပြည်သူများမှ ၎င်းတို့အပေါ် ယုံကြည်မှုများ လျော့နည်းလာ၊ ပြည်သူများအနေဖြင့် ၎င်းတို့အပေါ် ယုံကြည်မှုနည်းပါးလာသည်ကို တွေ့ရှိရသဖြင့် NLD ပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရ၊ မိမိတို့အနေဖြင့် မဲမသမာမှုဖြင့် တက်လာသည့်အစိုးရအား လက်ခံရန် မဖြစ်နိုင်”**

**နေပြည်တော် ဧပြီ ၁၁**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံတတ်မှုကောင်းမွန်ခြင်းမှ တပ်မတော်တွင် စစ်သားဘဝကို စတင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအလေ့အကျင့်ကောင်းများသည် တပ်မတော်သားဘဝတစ်လျှောက်လုံးတွင်ရှိသဖြင့် ရှိပြီးသားကောင်းမွန်သည့် အလေ့အကျင့်ကောင်းများအပေါ်တွင် မူတည်၍ တပ်များစွမ်းရည်ရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်၏တာဝန်သည် ပြည်သူကိုကာကွယ်ရန်၊ တိုင်းပြည်၏ရန်ကို ကာကွယ်ပေးရန်ဖြစ်ပြီး ပြည်သူကိုအုပ်ချုပ်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ ယခုအခါ နိုင်ငံ့အရေးကိစ္စရပ်များကြောင့်သာ ဝင်ရောက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိကြောင်း၊ အဆိုပါကာလများအတွင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကိုလည်း ဖြေရှင်းခဲ့ရကြောင်း၊ တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့်ကောင်းမွန်သည့်အမွေဖြစ်သဖြင့် မိမိတို့အနေဖြင့် စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုများကိုအခြေခံပြီး မိမိတို့တစ်ဦးချင်း၏ အရည်အသွေး၊ တပ်ရင်းတပ်ဖွဲ့များ၊ တပ်ဌာနချုပ်များ၏ အရည်အသွေးများဖြင့် စုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်ပါက ပြည်သူကအားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်အဖြစ်တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**တရားမျှတသည့် ရွေးကောက်ပွဲကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခင်ကတပ်မတော်အနေဖြင့် နိုင်ငံရေးတာဝန်များကို ခေတ္တထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရသည်များရှိကြောင်း၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ တာဝန်ယူချိန်တွင် ဖဆပလအစိုးရမှ နိုင်ငံရေးအရ တိုင်းပြည်အားထိန်းသိမ်းနိုင်မှုမရှိတော့ခြင်းကြောင့် နိုင်ငံတော်၏ တာဝန်များအား ဥပဒေနှင့်အညီ လွှဲပြောင်းပေးခဲ့ကြောင်း၊ တပ်မတော်မှ ၁၈ လကြာ တာဝန်ယူခဲ့ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီထံ အာဏာပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်ပြိုကွဲမည့်အခြေအနေဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရေးမငြိမ်မသက် ဖြစ်ပေါ်ခဲ့မှုကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်၏တာဝန်အား ထမ်းဆောင်၍ တော်လှန်ရေးကောင်စီအဖြစ်

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

## တိုင်းပြည်နှင့် ပြည်သူလူထု၏အကျိုးအတွက် တစ်ဦးချင်းအသိစိတ်ဓာတ်များ ကောင်းမွန်စွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဒေသဆိုင်ရာ အထွေထွေအချက်အလက်များ၊ မြို့တော်သန့်ရှင်းသာယာလှပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ယာယီသမ္မတ၏ တာဝန်လွှဲအပ်မှုနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူဆောင်ရွက်နေရခြင်းကို ပြောကြားခဲ့ကြောင်း၊ ထိုသို့ ပြောကြားမှုများကို သတင်းထုတ်ပြန်ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ခြင်းနှင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းကို သိရှိနားလည်မှုများ မရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သို့ပင်ဖြစ်စေ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည်ဖြစ်ကြောင်း၊ မိမိ၏ နိုင်ငံ့ဝန်ထမ်းတာဝန်များကို သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရမည်ကို သိရှိနားလည်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမှု အခြေအနေများအရ အစိုးရကို ဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ မသမာသောသူများ၏ ခြိမ်းခြောက်မှုများအရ တာဝန်ဝတ္တရား လစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေး ခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြား ကဏ္ဍပေါင်းစုံတွင် နစ်နာမှုများ မဖြစ်ပေါ်စေလိုကြောင်းဖြင့် ဦးစွာပြောကြားသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်လာရသည့် နောက်ခံအကြောင်းအရာများနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံတွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ပေါ်လာစေရေး၊ မိမိတို့နိုင်ငံလူဦးရေ၏၉၂ဒသမ၄၈သန်းကျော်မဲပေးအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့် အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် အခက်အခဲများကြားမှ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များကို ပူးပေါင်းကူညီ လုပ်ဆောင်ပေးခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရေစီသက်တမ်းနုနယ်ပြီး အဘက်ဘက်မှ ဖိအားများ၊ အခက်အခဲများကြောင့် အချို့နေရာများတွင် ပြည်သူလူထုလိုလားသည်များတွင် လိုအပ်ချက်များရှိခဲ့ကြောင်း။

### ဥပဒေကို ပြင်ဆင်ပေးခဲ့

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအနေဖြင့် ၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်နိုင်စေရေး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီက ပြည်သူလူထုသို့ မဲဆွယ်စည်းရုံးပြီး ပေးအပ်ထားသည့် ကတိကဝတ်များနှင့်လည်း အလွဲလွဲအချော်ချော် ဖြစ်ခဲ့ကြောင်း၊ ထို့ပြင် အမျိုးသားရေးစရိုက်လက္ခဏာကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်မှုများ၊ ဥပဒေပြင်ဆင်ခြင်းများ၊ ပယ်ဖျက်ခြင်းများကိုပါ လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် မဲပေးခဲ့ကြသည့် အစိုးရများအပေါ် အလွှာအသီးသီး၏ ခံစားချက်များကိုမူတည်၍ အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို လေ့လာတွေ့ရပြီး No Vote မဲမပေးကြရေး လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ လုပ်သည့်အခါတွင် ရန်ကုန်တစ်မြို့နယ်လုံး၌ ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းကျော်ခန့် သာရှိသည်ကို သိရှိရပြီး ပြည်သူ့ကိုယ်စားလှယ်စစ်စစ်မဖြစ်နိုင်သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း။

### အကဲစမ်းမှုတစ်ခုပင်ဖြစ်ခဲ့

အဆိုပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲသည် မပြုလုပ်ပါကလည်း ရသည့်အခြေအနေတွင်ဖြစ်ပြီး NLD အစိုးရအနေဖြင့် ပြည်သူလူထု၏ ရွေးကောက်ပွဲအပေါ် ပြည်သူလူထု၏ စိတ်ပါဝင်စားမှုနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပေါ် အကဲစမ်းမှုတစ်ခုပင်ဖြစ်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးသူမရှိ၊ မဲမရရှိပါက နိုင်ငံရေးအရ သိက္ခာကျမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီများ ဖွဲ့စည်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေအပေါ်တွင် ကျော်လွန်၍ အမိန့်အမျိုးမျိုးကို ထုတ်ပြန်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် မိမိတို့တပ်မတော်သားများအနေဖြင့် ပြည်သူများနှင့်အတူ ပြင်ပမဲရုံများတွင် သတ်မှတ်စည်းကမ်းချက်များ၊ COVID-19 ထုတ်ပြန်ချက်များနှင့်အညီ မဲပေးခဲ့ကြောင်း၊ ထို့နောက် မဲစာရင်းရလဒ်များ ထုတ်ပြန်ကြေညာခဲ့ချိန်တွင် မဲမသမာမှုများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုမိခဲ့ပြီး ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များနှင့် ပါတီများ၏ တောင်းဆိုချက်များအရ တပ်မတော်က မဲစာရင်းများ စစ်ဆေးခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀ သန်းကျော်ထိ ရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ စစ်ဆေးတွေ့ရှိမှုများကိုလည်း နေ့စဉ်ထုတ်ပြန်ပေးခဲ့ကြောင်း။

*စာမျက်နှာ ၇ သို့*

**❖ တပ်မတော်အနေဖြင့် သန့်ရှင်းသည့် ဒီမိုကရေစီဖြစ်စေရေး၊ ရိုးသားသည့် ဒီမိုကရေစီဖြစ်စေရေးကိုသာ လိုလား၊ လက်ရှိဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများသည် အလွန်ဆိုးရွားသည့် ဖြစ်စဉ်ဖြစ်ပြီး ရိုးရိုးဖြေလျှင်အောင်သည့် စာမေးပွဲကို မတန်တဆအမှတ်များလိုချင်သဖြင့် မရိုးသားသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုသည်နှင့် တူနေ၊ ၁၉၅၆ ခုနှစ် ဟယ်ရီတန်အရေးအခင်းကဲ့သို့ဖြစ်ပြီး လွှတ်တော်အဖွဲ့အစည်းသည် "ဟယ်ရီတန်ကြောင့် စာမေးပွဲအောင်သလို" လုပ်၍မရဘဲ မဲမသမာခြင်းသည် ဒီမိုကရေစီစနစ်၊ ပြည်သူ့ဆန္ဒကို ပြက်ရယ်ပြုခြင်း၊ ဖျက်ဆီးခြင်းပင်ဖြစ်**

*စာမျက်နှာ ၆ မှ*

ထိုသို့မဲစာရင်းများ ကြီးမားစွာ မှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ကို ဖေဖော်ဝါရီ ၁ ရက်တွင် ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန်အထိ လုပ်ဆောင်လာခဲ့သဖြင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တရားဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း။

**မျှတအောင်ဖွဲ့စည်း**

ထို့နောက် တပ်မတော်သည် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ဒီမိုကရေစီစနစ် ခိုင်မာစေရေး ဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ ဒီမိုကရေစီစနစ်နှင့်အညီ အုပ်ချုပ်မှုလုပ်ငန်းများ ပုံမှန်အတိုင်း ဖြစ်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်ဘက်၊ အရပ်ဘက်မျှတအောင် ဖွဲ့စည်းခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ လုပ်ရည်ကိုင်ရည်ရှိပြီး အရည်အချင်းရှိသူများကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

**ပြန်လည်သွားလာလှုပ်ရှားလည်ပတ်**

စတင်တာဝန်ယူပြီးသည့်နောက်ပိုင်း ပထမပတ်ကာလအတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယပတ်မှစ၍ ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဆန္ဒပြမှုများတွင် ရိုးသားစွာဖြင့် NLD ကို ဆန္ဒမဲပေးခဲ့ကြသူများနှင့် မဲမသမာမှုများ ဖြစ်ပေါ်အောင်လုပ်ဆောင်ခဲ့ကြသူများ၊ လှုံ့ဆော်သွေးထိုးသူများဟူ၍ အမျိုးအစားနှစ်ခု ပါဝင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံရေးအမြတ်ထုတ်သူများ၏ လှုံ့ဆော်သွေးထိုးမှုများကြောင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှု၊ လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်တို့သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၆ မြို့နယ်ကို စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအလိုက် အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့်သာ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ခဲ့ပြီး လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများ လျော့နည်းကာ ပုံမှန်အနေအထားအတိုင်း ပြန်လည်သွားလာလှုပ်ရှားလည်ပတ်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သန့်ရှင်းသည့် ဒီမိုကရေစီဖြစ်စေရေး၊ ရိုးသားသည့် ဒီမိုကရေစီဖြစ်စေရေးကိုသာ လိုလားပါကြောင်း၊ လက်ရှိဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများသည် အလွန်ဆိုးရွားသည့် ဖြစ်စဉ်ဖြစ်ပြီး ရိုးရိုးဖြေလျှင်အောင်သည့် စာမေးပွဲကို မတန်တဆအမှတ်များလိုချင်သဖြင့် မရိုးသားသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုသည်နှင့် တူနေကြောင်း၊ ၁၉၅၆ ခုနှစ် ဟယ်ရီတန်အရေးအခင်းကဲ့သို့ဖြစ်ပြီး လွှတ်တော်အဖွဲ့အစည်းသည် "ဟယ်ရီတန်ကြောင့် စာမေးပွဲအောင်သလို" လုပ်၍မရဘဲ မဲမသမာခြင်းသည် ဒီမိုကရေစီစနစ်၊ ပြည်သူ့ဆန္ဒကို ပြက်ရယ်ပြုခြင်း၊ ဖျက်ဆီးခြင်းပင်ဖြစ်ပါကြောင်း။

**ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲ**

ဆက်လက်ပြီး စီးပွားရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်အစိုးရအဆက်ဆက် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများ၊ စီမံကိန်းများမှ ဒေသအတွက် အကျိုးရှိမည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းနေထိုင်သည့် ပြည်သူလူထု၏ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဦးစားပေးဖြေရှင်းပေးရန်လိုကြောင်း၊ ဥပမာအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ မိုးတွင်းကာလ မြို့တွင်း၌ ရေကြီး၊ ရေလျှံမှုမဖြစ်ရေး၊ ယာဉ်စည်းကမ်းလိုက်နာရေး၊ ခြောက်သွေ့ရာသီ၌ သုံးရေလုံလောက်ရေး စသည့်လက်တွေ့ပြည်သူဘဝကို အကျိုးရှိစေမည်ကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုတွင် ဆန် မလုံလောက်သည့် ဒေသများရှိနေသည်ကို အဖြေရှာကြရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြင်ပမှ ဝယ်ယူသုံးစွဲနေမှုများအား လျှော့ချရန်လိုပြီး ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲနိုင်မှသာလျှင် တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း။

**တိုးတက်အောင် လုပ်ဆောင်**

ထို့အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်အတွက် လက်တွေ့ကျသော ထုတ်ကုန်ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သွင်းအားစုကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေး မြှင့်တင်ရန်လိုအပ်ကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေး ကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ကြရန် လိုကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံ့ပညာရေးအတွက် ကျောင်းဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့် ပညာကဏ္ဍများကို အားပေးရမည် ဖြစ်ကြောင်း၊ အနာဂတ်တွင် ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ပညာရေးကို အားပေးရမည်ဖြစ်ပြီး ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေများကို ပေးခဲ့ရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ဝတ္တရားကိုသိရှိပြီး မိမိတာဝန်ကို ကျေပွန်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အလုပ်လုပ်ရမည်ဖြစ်ပြီး မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်မှသာလျှင် လုပ်ဖော်ကိုင်ဖက်များနှင့် ပြည်သူကလေးစားမည်ဖြစ်ကြောင်း၊ မိမိတိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးအတွက် တစ်ဦးချင်း အသိစိတ်ဓာတ်များ ကောင်းမွန်စွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၅ မှ*

ဖွဲ့စည်းပြီး ဥပဒေနှင့် အမိန့်များထုတ်ပြန်၍ နိုင်ငံတော်အား အုပ်ချုပ်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်များတွင် အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိခြင်းကြောင့် စီးပွားရေးထိခိုက်ခဲ့မှုများ ဖြစ်ပေါ်ခြင်းနှင့် နိုင်ငံတကာဆက်ဆံခြင်းများ အဆင်မပြေမှုများ ဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတော်အနေဖြင့် အကျပ်အတည်း အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပွား၍ အာဏာရအစိုးရ ပြိုကွဲခဲ့ပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များအား ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရပြီး ဆူပူအကြမ်းဖက်မှုများကြောင့် တပ်မတော်အစိုးရအုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခဲ့ရကြောင်း။

**ကန့်ကွက်မှုမရှိဘဲ လက်ခံခဲ့**

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေး အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာများကို ကြိုတင်ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်ကိုလည်း အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့သဖြင့် များစွာတိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှ အာဏာလွှဲပြောင်းပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသဖြင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအား ပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း NLD ပါတီအနေဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် ကန့်ကွက်မှုမရှိဘဲ လက်ခံခဲ့ကြောင်း။

**မဲစာရင်းများအား ပြန်လည်စစ်ဆေးလျက်ရှိ**

NLD ပါတီအစိုးရတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ထိခိုက်ခဲ့ရပြီး စီးပွားရေးဆိုင်ရာများ ထိခိုက်ကျဆင်းလာသဖြင့် ပြည်သူများမှ ၎င်းတို့အပေါ် ယုံကြည်မှုများ လျော့နည်းလာကြောင်း၊ ပြည်သူများအနေဖြင့် ၎င်းတို့အပေါ် ယုံကြည်မှုနည်းပါးလာသည်ကို တွေ့ရှိရသဖြင့် NLD ပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုဖြင့် တက်လာသည့်အစိုးရအား လက်ခံရန်မဖြစ်နိုင်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို မဲမသမာမှုပြုလုပ်ခြင်းအား လက်ခံမှုမရှိကြောင်း၊ ယခုစိစစ်သည့်အချိန်တွင်လည်း မဲမသမာမှုဖြစ်စေရန် ဆောင်ရွက်ချက်များအပြင် ငွေကြေးဆိုင်ရာ အဂတိလိုက်စားမှုများကိုပါ စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းများအား ပြန်လည်စစ်ဆေးလျက်ရှိပြီး မဲမသမာမှုဖြစ်ပွားသည့် မဲစာရင်းများအား ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၃ ရက် နောက်ပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နောက်ပိုင်းတွင် မဲမသမာမှုပြုလုပ်မှုတွင် ပါဝင်ခဲ့သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဝိုင်းဝန်းသွေးထိုး မြှောက်ပင့်ခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်းများကြောင့် ဆူပူအကြမ်းဖက်မှုများ၊ စက်ရုံအလုပ်ရုံများအား မီးရှို့ဖျက်ဆီးမှုများနှင့် သတ်ဖြတ်မှုများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့အား စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ခဲ့ရာ ယခုအခါ ဆူပူမှုများနည်းပါးလာပြီဖြစ်ပြီး ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်များတွင် သွေးထိုးလှုံ့ဆော်နေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

**ဒီမိုကရေစီစနစ်ပျက်ယွင်းမှု မရှိစေရန်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး ဆောင်ရွက်ရာတွင် ကောင်စီအဖွဲ့ဝင်များအား တာဝန်ပေးအပ်ရာတွင် တပ်မတော်သားများသာ သီးသန့်တာဝန်ပေးအပ် ခြင်းမဟုတ်ဘဲ နိုင်ငံရေးပါတီများမှပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များပါ ထည့်သွင်းတာဝန်ပေးအပ်ထားကြောင်း၊ ထိုသို့ အရပ်ဘက်ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ရခြင်းသည် တပ်မတော်နှင့် ပြည်သူများမှ လိုလားသည့် ဒီမိုကရေစီစနစ်ပျက်ယွင်းမှု မရှိစေရန်အတွက် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ် အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူနှင့် အမ်းမြို့နယ်တို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၁၁

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး မင်းသန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညို၊ တာဝန်ရှိသူများနှင့်အတူ မေ ၈ ရက်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်စစ်ဆေးခဲ့သည်။**

### အမှာစကား ပြောကြား

စစ်ဆေးစဉ် ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)သို့ ရောက်ရှိရာ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းများတွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ပြီး သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြောက်ဦးမြို့သို့ ရောက်ရှိပြီး မြောက်ဦးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မေ ၉ ရက်တွင် အမ်းမြို့နယ်သို့ ရောက်ရှိပြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ နည်းပြများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း (အမ်း) သို့ သွားရောက်၍ သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ကျောက်ဖြူခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ကျောက်ဖြူ) ရှိ ဝန်ထမ်းများ၊ နည်းပြများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

### တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း၊ နည်းပြများအတွက် ထောက်ပံ့ငွေများနှင့် တူညီဝတ်စုံများ ပေးအပ်ခဲ့ပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထားရှိအပ်သည့် နိုင်ငံ့ဝန်ထမ်းဂုဏ်သိက္ခာဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် လေ့ကျင့်သင်ကြားပေးမည့် နည်းပြများအနေဖြင့် စာပေဘာသာရပ်များ သင်ကြားရေးအပြင် စိတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်၊ ခံယူချက်များ မြင့်မားစေရေးအတွက် ပြုစုပျိုးထောင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်တိုင်းဒေသကြီးရှိ အဆင့်မြင့်ပညာ၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁၁

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အဆင့်မြင့်ပညာ၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



### လျှော့ချထားနိုင်မည်ဖြစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မိမိအနေဖြင့် ခရီးစဉ်များသွားလာရာတွင် နေပြည်တော်၊ မိတ္ထီလာ၊ မကွေးနှင့် ပုသိမ်မြို့တို့ရှိ အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ အခြေခံပညာကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းများအားလုံးကို ဇွန် ၁ ရက်တွင် နောက်ဆုံးထား ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ မေလ ၅ ရက်တွင် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များ၏ နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာတန်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တွင် ဖြေဆိုရန်ကျန်ရှိနေသည့် ဘာသာရပ်များကို ကျောင်းတက်နေသည့် ကာလအတွင်း ဘာသာရပ်အလိုက် Review များပြုလုပ်ပြီး ဖြေဆိုရမည်ဖြစ်ပါကြောင်း၊ မဟာ (ဒုတိယနှစ်) အောင်စာရင်းများကို အမြန်ဆုံး ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ထုတ်ပြန်ပေးခြင်းဖြင့် နည်းပြ၊ သရုပ်ပြရာထူးများ လျှော့ချထားလိုပါက လျှော့ချထားနိုင်မည်ဖြစ်ပါကြောင်း။

### ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်

ဆရာ ဆရာမများ ခန့်ထားရေးနှင့်စပ်လျဉ်း၍ အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ခုစလုံးတွင် ဖြည့်ဆည်းခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် တက်ရောက်သူနည်းပါးပါက ကျောင်းများကို ပူးပေါင်းဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ပညာရေးမဟာဘွဲ့ (M.Ed) တက်ရောက်ခွင့်များကိုလည်း မူလလက်ခံသည့် ဦးရေထက်ပိုမိုပြီး လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပညာရေးမဟာဘွဲ့(M.Ed) တက်ရောက်နေစဉ်အတွင်း လုပ်ငန်းတာဝန်များ မလစ်ဟင်းစေရန် ဆရာ ဆရာမ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### နှိုးဆော်တိုက်တွန်း

ပညာရေးတွင် ပညာသင်ကြားမှုများ ရပ်တန့်နေပါက ကျောင်းသားကျောင်းသူများအနေဖြင့် အခက်အခဲများရှိလာမည် ဖြစ်ပါကြောင်း၊ ဂန်ထမ်း စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ပြီး ရုံးတက်ရောက်ခြင်းမရှိသည့် ဝန်ထမ်းများအတွက် လစာငွေများကို ပေးချေရန်မလိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ ကျောင်းမတက်ပါက မိမိတို့၏တပည့်များ၊ နိုင်ငံတော်ရှိ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝများကို ထိခိုက်နစ်နာမည် ဖြစ်သည့်အတွက် ထည့်သွင်းစဉ်းစားပေးကြ စေလိုကြောင်း၊ ပညာရေးဝန်ထမ်းများ CDM တွင် ပါဝင်ပြီး ရုံးပြန်လည်တက်ရောက်ပါက ခံဝန်လက်မှတ်ရေးထိုးရန် လိုအပ်ပြီး ဒုတိယအကြိမ် ထပ်မံဖောက်ဖျက်ခြင်းများရှိပါက မိမိတို့အနေဖြင့် ကာကွယ်ပေးနိုင်မည် မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ဆရာ ဆရာမများ ကျောင်းတက်မှန်ကန်မှုရှိစေရန်နှင့် CDM လှုပ်ရှားမှုတွင် ပါဝင်နေသည့် ဆရာ ဆရာမများကို နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်တာဝန် ထမ်းဆောင်ကြစေရန် နှိုးဆော်တိုက်တွန်းပေးကြစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုမှ ပြန်လည်တာဝန်ထမ်းဆောင်လာကြသည့် ဆရာ ဆရာမများကိုလည်း ကြိုဆိုကြစေလိုပါကြောင်း။

ကျောင်းများတွင် ရေ၊ မီး ရရှိမှုအခြေအနေများကို စစ်ဆေးရန်၊ ဆရာ ဆရာမများအတွက်သီးသန့် သန့်စင်ခန်း လိုအပ်ချက်များကို တင်ပြကြရန်နှင့် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိကျောင်း၏ အထွေထွေ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းဆောင်ရွက်ပေးလိုပါကြောင်း၊ ကျောင်းများတွင် ကျောင်းသား၊ ဆရာ အချိုးအရ ကျောင်းအတွက် လိုအပ်သောပရိဘောဂပစ္စည်းများ၊ ရေ၊ မီး၊ ပြည့်စုံမှုတူညီရန် လိုသကဲ့သို့ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ပြည့်စုံ ကောင်းမွန်မှုများလည်း တူညီရန် လိုအပ်ပါကြောင်း၊ အထက်တန်း ကျောင်းများတွင်

*စာမျက်နှာ ၁၃ သို့*

# နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့

**နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့ကြောင်း၊ နောင်ကျင်းပသည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ရိုးသားသည့် နိုင်ငံရေးဖြစ်စေရေး၊ နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် COVID -19 ရောဂါဖြစ်ပွားခဲ့ကြောင်း၊ COVID -19 ရောဂါကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့မှုပေါ် မိမိတို့အနေဖြင့် နားလည်ကြောင်း၊ သို့သော်လည်း အာဏာရပါတီ၏ စည်းမျဉ်းစည်းကမ်းချိုးဖောက်ပြီး မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုကို သက်ဆိုင်ရာအဖွဲ့အစည်းများက မျက်နှာသာပေးဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံရေးပါတီများကို ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ပြင်ဦးလွင်၊ လားရှိုးမြို့တို့တွင် လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စုပေါင်းခန်းမတွင် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၃) မှ သင်တန်းဆင်းဒုရဲအုပ်အရာရှိများအား တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ၊ နိုင်ငံတော်လုံခြုံရေး ဆောင်ရွက်နေမှုများ၊ တာဝန်ထမ်းဆောင်စဉ် ဆောင်ရန်ရှောင်ရန်များကို မှာကြားသည်။




ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၆)ရှိ မြို့နယ်စုပေါင်းရုံးခန်းမတွင် ခရိုင်/မြို့နယ်/ ရပ်ကွက် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများ၊ မြေပြင်လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြရေးအတွက် အသေးစိတ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပြီး ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) စုပေါင်းခန်းမတွင် သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများ၊ ပြင်ဦးလွင်ခရိုင် တပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများကို တွေ့ဆုံပြီး နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ မိသားစုများ သက်သာချောင်ချိရေး ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများ ဆောင်ရန်/ရှောင်ရန် ကိစ္စရပ်များ၊ တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို အသေးစိတ် ချပြရှင်းလင်းအသိပေးပြီး မိသားစုများအတွက် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်သည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့သို့ ရောက်ရှိခဲ့ပြီး ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများကို တွေ့ဆုံ၍ ဧပြီ ၁၀ ရက်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းတွင် တာဝန်ထမ်းဆောင်စဉ် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ ဇနီး၊ မိသားစုများ၊ ဒဏ်ရာရရှိခဲ့သည့် တပ်ဖွဲ့ဝင်များ၏ ဇနီး၊ မိသားစုများအား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဌာနကြီးများမှ စုပေါင်းထောက်ပံ့ငွေများကို တစ်ဦးချင်း လက်ဝယ်သို့ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နောင်မွန်နယ်မြေရဲစခန်းသို့ ထွက်ခွာသွားပြီး တိုက်ပွဲဖြစ်စဉ် မြေပြင်အခြေအနေကို အသေးစိတ်လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ပြန်လည်စေလွှတ်ခြင်းကို COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံသို့ မောင်းဝင်လာသော ကုန်တင်ယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်း၊ ပြန်လည်ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များအား မောင်းနှင်မည့် ကုန်တင်ယာဉ်မောင်းများကိုလည်း ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်စေပြီး (မူဆယ်မြို့) မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များကို သတ်မှတ်သည့် နေရာတွင် ရပ်နားစေကာ သုံးရက်ပြည့်မှ ပြည်တွင်းသို့ ဆက်လက်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၁၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တမူးမြို့တွင် ၁ ဒသမ ၈၃ လက်မ၊ မဒေါက်မြို့တွင် ၁ ဒသမ ၇၁ လက်မ၊ သီပေါမြို့နှင့် နောင်ချိုမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ လွိုင်လင်မြို့တွင် ၁ ဒသမ ၃၅ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၃၂ လက်မနှင့် ကျောက်မဲမြို့နှင့် မိုးကုတ်မြို့တို့တွင် ၁ ဒသမ ၂၇ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ၁၃၈၃ နှစ်ဆန်းကို မေတ္တာပန်းဖြင့်ကြို

မောင်တင်လှိုင် (ဟိုတယ် / ခရီး)



နှစ်ဟောင်းဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်ကုန်ဆုံး၍ ၁၃၈၃ ခုနှစ်သို့ ကူးပြောင်းရောက်ရှိသော အချိန်ကာလဖြစ်ပေသည်။

**သင်္ကြန်**

သင်္ကြန်ဟူသည် ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပါဠိဘာသာအရ သင်္ကန္တ၊ သက္ကတဘာသာအရ သင်္ကြန္တိ၊ မြန်မာလို သင်္ကြန်ဟုဆိုကြသည်။

**အတာကြို**

၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၂ ရက်နေ့သည် အကြိုနေ့ဖြစ်ပေသည်။ အကြိုနေ့မှစ၍ အတာအိုးကို သန့်ပြန့်စွာဆေးကြော၍ သပြေပန်းနှင့်အတူ နေ့နံပန်းမျိုးစုံကို အတာမင်းကြီး (ခေါ်) သိကြားမင်းအား မိမိတို့၏ အိမ်ရှေ့ခုံပေါ်တွင် တင်၍ပူဇော်ကြိုထားတတ်ကြသည်။ အကြိုနေ့ရောက်သည့်အခါ ကလေးငယ်များ ရေပက်ကစားကြသည်။ အတက်နေ့အထိ လူကြီးများသည် နှစ်ဟောင်းမှ မကောင်းမှုများကို သန့်ရှင်းစင်ကြယ်စေခြင်းငှာ ရေပက်ကစားကြသည်။

**ပရိတ်တရားတော်များ နာယူခြင်း**

နှစ်ဆန်း ၁ ရက်နေ့သို့ ရောက်ရှိသည့် ညနေချမ်း အခါသမယတွင် ကျေးရွာများ၊ ရပ်ကွက်များတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် တစ်အိမ် ပရိတ်ပန်းအိုးတစ်လုံးနှင့် ပရိတ်ကြိုးများ၊ ကျေးရွာရပ်ကွက်အချက်အချာနေရာများ၌ ခုံများပေါ်တွင် ထားရှိကာ ဆရာတော်၊ သံဃာတော် အရှင်မြတ် သုံးပါး၊ ငါးပါးကို ပင့်ဖိတ်၍ အဖျော်ရည်နှင့် ဝတ္ထုများ၊ ကန်တော့ပွဲများကို လှူဒါန်းကာ ရှစ်ပါးသီလ ခံယူကာ ပရိတ်တရားတော်များကိုနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေခြင်း၊ ဆရာတော်သံဃာတော်များက ကမ္မဝါစာများကို ရွတ်ဖတ်ကြသည်မှာ အန္တရာယ်ကင်းရာ ရောက်စေပါသည်။

**ကုသိုလ်ကောင်းမှုပြုခြင်း**

နှစ်ဆန်း ၁ ရက်နေ့သို့ ရောက်သည့်အခါ မိသားစုဝင်များသည် ဘုရား၊ ကျောင်းကန်များသို့ သွားရောက်၍ ကုသိုလ်ဒါနပြုခြင်း၊ သက်ရှိသတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း၊ သက်ကြီးဝါကြီးများအား ခေါင်းလျှော်ခြင်း၊ လက်သည်း ခြေသည်းများ ညှပ်ပေးခြင်း စသည့် သန့်ရှင်းမှုများ ပြုလုပ်၍ ကုသိုလ်ယူကြခြင်းသည် မြန်မာများ၏ ကောင်းမြတ်သော စရိုက်လက္ခဏာများပင် ဖြစ်ပေသည်။

**အချိန်နှင့် ဒီရေသည် လူကိုမစောင့်**

**"အချိန်နှင့် ဒီရေသည် လူကိုမစောင့်"** ဟူသော သိုးဆောင်းစကားပုံရှိခဲ့သည်။ ယခုအချိန်အခါသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ပြောင်းခဲ့လေပြီ။ အသစ် အဟောင်းများသည်သာလျှင် ကာလရွေ့လျား၍ အဟောင်းအဟောင်းသို့ ပြောင်းရမည်မှာ ဓမ္မတာဖြစ်သည်။ လူတိုင်းလူတိုင်းသည် နေထွက်မှ နေဝင်ထိ အိပ်ရာထသည့် အချိန်မှ

**"မိမိဆောင်ရွက်ချက်များသည် အကျိုးရှိကြောင်း တွေ့ရှိပါက လာမည့်နှစ်တွင် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်စွမ်းရှိရပါမည်။ မေတ္တာစေတနာများကို ရှေ့ထား၍ ကောင်းသောဆောင်ရွက်ချက်များကို လုပ်ကိုင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။ ကိုယ်ချင်းစာတရားသည် မေတ္တာတရားကို တစ်နည်းအားဖြင့် အထောက်အကူပြုပေသည်။ တစ်ဦး၏ အကျိုးရှိရာ ရှိကြောင်းကို ရှာဖွေကြလျှင် အလျား၊ အနံနှင့် ပမာဏမရှိသော်လည်း မေတ္တာတရား၏ အသွားအပြန်နှင့် ပမာဏကို သိရှိနိုင်မည်ဖြစ်"**

အိပ်ယာဝင်သည့်အချိန်အထိ ကိုယ်ထိလက်ရောက် ပြောဆိုလုပ်ကိုင် ဆောင်ရွက်ခြင်းသို့ ပြုလုပ်ကြရသည်။ လပေါင်းအားဖြင့် ၁၂ လ ရှိ၍ ရက်ပေါင်းအားဖြင့် ၃၆၅ ရက်၊ နာရီပေါင်းအားဖြင့် ၈၇၆၀ နာရီ ဖြစ်ပါသည်။

**မလို မစ္ဆရိယစိတ်မထားဘဲ မေတ္တာတရားကိုသာ ထားဖို့လိုသည်**

တစ်ဦးနှင့် တစ်ဦးအပေါ်မှာ မလို မစ္ဆရိယစိတ် မထားကြဘဲနှင့် တစ်ဦးတစ်ယောက်၏ ကြီးပွားတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ အထူးဂုဏ်အင်္ဂါ ကျော်စောမှုများကိုလည်း မိမိတို့၏ မိဘ၊ အစ်ကို၊ အစ်မ၊ မောင်နှမသားချင်းများ၊ ဆွေမျိုးများကဲ့သို့ စိတ်မှာထားပြီး ရင်မှပွားသော မေတ္တာစေတနာများနှင့် ဝမ်းသာကြည်နူးခြင်းဖြင့် ဘ၀ ဘ၀က ချခဲ့သော ဒါန၊ သီလမျိုးစေ့၊ ကျင့်ကြံခဲ့ရသော ပါရမီအားကောင်းခဲ့၍ ယခု ဘ၀တွင် ဘုန်းကြီးပါပေသည်၊ ကြီးပွားတိုးတက်ကြပါသည် ဟု ဝမ်းသာအားရ ဖြစ်နိုင်ကြရမည်ဖြစ်ပါသည်။

**အကျိုးရှိအောင်ဆောင်ရွက်ခြင်း**

မိမိကြံစည်ပြောဆို အကြံအစည်များနှင့် လုပ်ဆောင်ခဲ့ရသော လုပ်ငန်းများသည် မိမိအတွက် အကျိုးရှိ/ မရှိ၊ မိမိ မိသားစုအပေါ် အကျိုးရှိ/မရှိ၊ ဆယ်အိမ်၊ ရာအိမ်၊ ရပ်ကွက်အတွက် အကျိုးရှိ / မရှိ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းများနှင့် ဌာနများအတွက် အကျိုးရှိ/ မရှိ၊ လူမျိုးအတွက် အကျိုးရှိ/ မရှိ ဟူသည်ကို ဆင်ခြင်သုံးသပ်ကြည့်ရန်လိုအပ်ပေသည်။ နှစ်ဟောင်းက ကြံစည်ခဲ့သော အကြံအစည်များ၊ ပြောဆိုခဲ့ရသော စကားများနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများသည် အားလုံးအတွက် အကျိုးမရှိကြောင်း သုံးသပ်မိပါက လာမည့်နှစ်တွင် မကောင်းသောအရာများ မလုပ်ဟူ၍ ဆုံးဖြတ်နိုင်သော သတ္တိများကို အစဉ်ထာဝရ မွေးရမည်ဖြစ်ပါသည်။

**လာမည့်နှစ်တွင် ကောင်းကျိုးကို ဆောင်ရွက်တတ်ရန်လိုသည်**

မိမိဆောင်ရွက်ချက်များသည် အကျိုးရှိကြောင်း တွေ့ရှိပါက လာမည့်နှစ်တွင် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်စွမ်း ရှိရပါမည်။ မေတ္တာစေတနာများကို ရှေ့ထား၍ ကောင်းသောဆောင်ရွက်ချက်များကို လုပ်ကိုင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။ ကိုယ်ချင်းစာတရားသည် မေတ္တာတရားကို တစ်နည်းအားဖြင့် အထောက်အကူပြုပေသည်။ တစ်ဦး၏ အကျိုးရှိရာ ရှိကြောင်းကို ရှာဖွေကြလျှင် အလျား၊ အနံနှင့် ပမာဏမရှိသော်လည်း မေတ္တာတရား၏ အသွားအပြန်နှင့် ပမာဏကို သိရှိနိုင်မည်ဖြစ်ပါသည်။

မေတ္တာတရား ခေါင်းပါးရခြင်းသည် ဒေါသတရားဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ဒေါသဖြစ်စေမည့် အကြောင်းရင်းကို စောင့်ထိန်းနိုင်ပါက မေတ္တာတရားတိုးပွားပြီး တစ်ဦးနှင့် တစ်ဦး ကိုယ်ချင်းစာတရား ထားရှိနိုင်မည်ဖြစ်ပါသည်။

**တင်ကျီးတစ်ဝမ်း၊ ဗျိုင်းတစ်ဝမ်း**

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်လာပြီ။ တစ်ဝမ်းတစ်ခါးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း " တင်ကျီးတစ်ဝမ်း၊ ဗျိုင်းတစ်ဝမ်း" ဟု ဖွင့်ဆိုကြသည်။ တရားသဘောအရ ရောင့်ရဲနိုင်စေရန် ပြဆိုခြင်းပင် ဖြစ်သည်။

**ကျွဲအုပ်နှင့် ခွန်အားကြီးသောခြင်္သေ့**

ကျွဲအုပ်ရှိရာသို့ ခွန်အားအလွန်ကြီးမားသော ခြင်္သေ့ကြီးရောက်ရှိပြီး ကျွဲအုပ်ကို အစာအလို့ငှာ တိုက်ခိုက်ရာတွင် ကျွဲများသည် စည်းလုံးညီညွတ်စွာဖြင့် ခွန်အားကြီးသော ခြင်္သေ့အား မခိုမကတ်တိုက်ခိုက်သည့်အတွက် ခွန်အားကြီးမားသော ခြင်္သေ့ကြီး ကျွဲအုပ်ကို ကြောက်ရွံ့ကာ ထွက်ပြေးရသည့် ဥပမာများကို စံနမူနာပြု၍ နှစ်သစ်တွင် စည်းစည်းလုံးလုံးနေထိုင်ကြဖို့ လိုအပ်ပေသည်။

ကောင်းသောအပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်များကို လုပ်ကိုင်ခြင်းဖြင့် ကောင်းကျိုးကို ရရှိနိုင်သည့် "အချိန်နှင့်ဒီရေသည် လူကိုမစောင့်" ဟူသော သိုးဆောင်းစကားပုံများကို ဥပမာယူသင့်သည်။ ထို့အတူ "အချိန်ရှိခိုက် လုံ့လစိုက်၊ ငုတ်မိသဲတိုင် တတ်နိုင်ဖျားရောက်" ဆိုသည့် မြန်မာစကားပုံများကို ရှိသည့်အတိုင်း အချိန်ကို တန်ဖိုးရှိရှိသုံး၍ ကုန်လွန်စေရန်ဖြစ်သည်။ ကောင်းသောဇွဲ၊ လုံ့လ၊ ဝီရိယတို့ ဖြင့် အလုပ်ကိုကြိုးစားဆောင်ရွက်ရန်နှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်ကူးအခါသမယတွင် ရည်မှန်းချက်ပန်းတိုင်များကို အောင်အောင်မြင်မြင်စိုက်ထူနိုင်ရေးအတွက် အားသွန်ခွန်စိုက် မေတ္တာတရားရှေ့ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**ပြန်လည်သုံးသပ်ရန်လိုအပ်ခြင်း**

သို့ဖြစ်ရာ နှစ်သစ်ကူး အခါသမယတွင် နှစ်ဟောင်းကာလကို ပြန်လည်သုံးသပ်၍ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်နှင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိစေမည့် အကြံအစည်၊ အပြောအဆို၊ အလုပ်အကိုင်များ ဆောင်ရွက်စေရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ဖို့ လိုအပ်ပေသည်။ ဆောင်ရွက်ရာတွင် စေတနာ၊ မေတ္တာတရားများပွားများ၍ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရားရှေ့ထား၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကို ခဝါချ၍ မကောင်းသည်များကို ရှောင်၍ ကောင်းသည်များကို ဆောင်ကာ နှစ်ဆန်းကို မေတ္တာပန်းဖြင့် ကြိုဆိုစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**"ကောင်းသောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အလုပ်ကိုကြိုးစားဆောင်ရွက်ရန်နှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့မင်္ဂလာရှိသော နှစ်သစ်ကူးအခါသမယတွင် ရည်မှန်းချက်ပန်းတိုင်များကို အောင်အောင်မြင်မြင်စိုက်ထူနိုင်ရေးအတွက် အားသွန်ခွန်စိုက် မေတ္တာတရားရှေ့ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်"**

❖ *ကျောဖုံးမှ*

## ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် ၁၂ရပ်ကွက်၊ကျေးရွာအုပ်စု ၁၀၉ အုပ်စု၊ မဲရုံပေါင်း ၃၇၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၅၇၈၉၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၁၃၇၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၆၅၁၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၂၁၀၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၅၆၁၀၀ | ၁၇၀၃၇၅ | ၈၅၇၂၅ | ၇၁၃၁၄ | ၁၆၀၈၈ | ၁၆၇၇ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၁၇၉၃ | ၁၀၀၃ | ၇၉၀ | ၇၉၂ | | ၂ |
| | စုစုပေါင်း | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၁၀၆ | ၁၆၀၈၈ | ၁၆၇၉ |

၆။ ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိ မဲရုံပေါင်း ၃၇၉ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၁၆၀၈၈ ပျောက်ဆုံးနေပြီး ၁၆၇၇ ပိုမို သုံးစွဲထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲ လက်မှတ်အရေအတွက်မှာ ၁၇၉၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၀၃ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၉၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၉၂ ဖြစ်သဖြင့် ၂ စောင် ပိုမိုသုံးစွဲထားကြောင်း စိစစ်တွေ့ရှိရသည်။

၇။ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တမ္ပဝတီရပ်ကွက် | ၃ | ၃၀၀၀ | ၂၁၇၅ | ၈၂၅ | ၃၂၅ | ၅၀၀ | |
| ၂ | မြို့မကွက်သစ်ရပ်ကွက် | ၁ | ၈၀၀ | ၆၃၂ | ၁၆၈ | ၁၆၈ | | |
| ၃ | စံပြရပ်ကွက် | ၄ | ၄၀၅၀ | ၂၇၅၃ | ၁၂၉၇ | ၉၄၇ | ၃၅၀ | |
| ၄ | ဘူတာရပ်ကွက် | ၂ | ၂၆၅၀ | ၉၀၁ | ၁၇၄၉ | ၆၉၉ | ၁၀၅၀ | |
| ၅ | အောင်မင်္ဂလာရပ်ကွက် | ၃ | ၄၀၅၀ | ၂၈၇၁ | ၁၁၇၉ | ၉၇၉ | ၂၀၀ | |
| ၆ | မြို့မတောင်ရပ်ကွက် | ၁ | ၉၀၀ | ၆၆၆ | ၂၃၄ | ၂၃၄ | | |
| ၇ | မြို့မရပ်ကွက် | ၁ | ၁၉၅၀ | ၁၄၄၅ | ၅၀၅ | ၅၅ | ၄၅၀ | |
| ၈ | သီရိမင်္ဂလာရပ်ကွက် | ၃ | ၃၈၅၀ | ၂၆၉၂ | ၁၁၅၈ | ၈၀၈ | ၃၅၀ | |
| ၉ | ဇလင်းတောင်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၄၆ | ၂၀၄ | ၁၀၄ | ၁၀၀ | |
| ၁၀ | တံခါးမကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၂၆ | ၃၇၄ | ၃၇၄ | | |
| ၁၁ | သဲဗုဒ်မကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၃၇၉ | ၇၇၁ | ၇၇၁ | | |
| ၁၂ | ညောင်ထိုကျေးရွာအုပ်စု | ၆ | ၂၈၅၀ | ၂၂၅၃ | ၅၉၇ | ၃၉၇ | ၂၀၀ | |
| ၁၃ | ဝက်ကြီးကန်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၃၀၆ | ၄၄၄ | ၄၉၄ | | ၅၀ |
| ၁၄ | မကျီးတိုင်းကျေးရွာအုပ်စု | ၅ | ၂၀၅၀ | ၁၃၄၀ | ၇၁၀ | ၈၁၀ | | ၁၀၀ |
| ၁၅ | ဆင်တိုင်းကန်ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၁၁၆ | ၇၈၄ | ၆၈၄ | ၁၀၀ | |
| ၁၆ | အင်တောကျယ်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၈၄ | ၅၁၆ | ၅၁၆ | | |
| ၁၇ | ဆင်တပ်ကျင်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၅ | ၁၉၅ | ၁၉၅ | | |
| ၁၈ | အင်တောကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၀၉ | ၂၄၁ | ၂၄၁ | | |
| ၁၉ | စီပေါက်ကုံးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၃၀ | ၄၂၀ | ၃၇၀ | ၅၀ | |
| ၂၀ | ဘင်ဂွကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၂၁ | ၂၇၉ | ၂၇၉ | | |
| ၂၁ | ဈေးကုန်းကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၂၂၉ | ၉၂၁ | ၈၇၁ | ၅၀ | |
| ၂၂ | ဒဝါးကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၆၉၁ | ၅၀၉ | ၅၀၉ | | |
| ၂၃ | အင်တိုင်း(အရှေ့)ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၉၈၁ | ၆၆၉ | ၆၁၉ | ၅၀ | |
| ၂၄ | ရွာလုကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၇၅ | ၅၂၅ | ၅၂၅ | | |
| ၂၅ | လယ်ယားကျေးရွာအုပ်စု | ၆ | ၄၁၀၀ | ၃၀၀၆ | ၁၀၉၄ | ၆၈၄ | ၄၁၀ | |
| ၂၆ | မုန်ကန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၉၇၄ | ၆၇၆ | ၆၇၆ | | |
| ၂၇ | ညောင်ကန်ဒေါင့် ကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၃၉၁ | ၆၅၉ | ၅၅၉ | ၁၀၀ | |
| ၂၈ | တလင်းကုန်း ကျေးရွာအုပ်စု | ၆ | ၂၅၀၀ | ၁၃၆၀ | ၁၁၄၀ | ၆၄၀ | ၅၀၀ | |
| ၂၉ | ဆင်ခေါင်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၆၆၀ | ၆၄၀ | ၆၉၀ | | ၅၀ |
| ၃၀ | ရွာကောက်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၆၈၉ | ၇၆၁ | ၇၁၁ | ၅၀ | |
| ၃၁ | ကြက်ဆူတော ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၆၂ | ၁၃၈ | ၁၃၈ | | |
| ၃၂ | လက်ပံပြားကျေးရွာအုပ်စု | ၆ | ၄၀၅၀ | ၂၈၈၄ | ၁၁၆၆ | ၁၁၁၆ | ၅၀ | |
| ၃၃ | တယ်ပင်တဲကျေးရွာအုပ်စု | ၈ | ၃၇၅၀ | ၂၄၄၈ | ၁၃၀၂ | ၁၀၀၂ | ၃၀၀ | |
| ၃၄ | ကြို့ပင်သာကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၂၇ | ၃၂၃ | ၃၂၃ | | |
| ၃၅ | ခပေါင်းကုန်းကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၁၉၃၃ | ၁၃၁၇ | ၈၁၇ | ၅၀၀ | |
| ၃၆ | တောင်ပေါ်ဗလုံ ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၃၅ | ၄၁၅ | ၄၁၅ | | |
| ၃၇ | ကြက်ပြစ်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၅၈၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၃၈ | ကျွဲကန်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၂၂ | ၄၂၈ | ၄၂၈ | | |
| ၃၉ | အိုင်လျား(တောင်)ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၉၀ | ၂၁၀ | ၁၆၀ | ၅၀ | |
| ၄၀ | ကတောကျေးရွာအုပ်စု | ၅ | ၂၆၀၀ | ၁၅၁၅ | ၁၀၈၅ | ၉၉၀ | ၉၅ | |
| ၄၁ | ကံလွင်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၂၈၉ | ၄၁၁ | ၄၁၁ | | |
| ၄၂ | ညောင်ပင်သာ ကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၂၃၀၇ | ၉၄၃ | ၅၄၃ | ၄၀၀ | |
| ၄၃ | မကျီးငုတ်တိုကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၂၇ | ၂၂၃ | ၂၂၃ | | |
| ၄၄ | ရေဆုံးကျေးရွာအုပ်စု | ၆ | ၄၂၀၀ | ၂၈၁၀ | ၁၃၉၀ | ၆၉၀ | ၇၀၀ | |
| ၄၅ | ကံနီကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၁၈ | ၁၈၂ | ၁၈၂ | | |
| ၄၆ | တွင်းဖြူကျေးရွာအုပ်စု | ၄ | ၂၁၀၀ | ၁၂၉၂ | ၈၀၈ | ၈၅၈ | | ၅၀ |
| ၄၇ | အိုင်လျား(မြောက်)ကျေးရွာအုပ်စု | ၄ | ၁၇၅၀ | ၁၂၅၆ | ၄၉၄ | ၅၄၄ | | ၅၀ |
| ၄၈ | မကြီးကုန်းကျေးရွာအုပ်စု | ၉ | ၄၅၀၀ | ၂၅၆၃ | ၁၉၃၇ | ၁၇၃၇ | ၂၀၀ | |
| ၄၉ | လယ်ကြီးတောင် ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၄၄ | ၅၀၆ | ၆၀၆ | | ၁၀၀ |
| ၅၀ | ခင်မွန်ကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၃၅၀ | ၈၅၀ | ၆၅၀ | ၂၀၀ | |
| ၅၁ | ဟင်းခွက်အိုင် ကျေးရွာအုပ်စု | ၆ | ၃၁၀၀ | ၂၁၅၁ | ၉၄၉ | ၉၉၉ | | ၅၀ |
| ၅၂ | သရက်တော ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၆၇၆ | ၃၂၄ | ၃၈၄ | | ၆၀ |
| ၅၃ | ကျောက်စစ်ကန် ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၂၅၃ | ၈၄၇ | ၃၉၇ | ၄၅၀ | |
| ၅၄ | ဘုရားကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၉၈၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၅၅ | မင်းဂေါင်း(တောင်)ကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၀၁ | ၄၉၉ | ၄၉၉ | | |
| ၅၆ | ငါးရှန်တောင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၀၅ | ၄၄၅ | ၂၉၅ | ၁၅၀ | |
| ၅၇ | ဆုံကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၇၃၆ | ၉၆၄ | ၄၁၄ | ၅၅၀ | |
| ၅၈ | မင်းဂေါင်း(မြောက်)ကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၆၉၁ | ၁၀၀၉ | ၉၅၈ | ၅၁ | |
| ၅၉ | မဲဒီးကျေးရွာအုပ်စု | ၈ | ၃၉၀၀ | ၂၅၇၄ | ၁၃၂၆ | ၁၁၃၄ | ၁၉၂ | |
| ၆၀ | အမြောင်ကန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၅၃ | ၆၄၇ | ၂၉၇ | ၃၅၀ | |
| ၆၁ | ပွေးကျစ်ကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၃၄၀ | ၉၁၀ | ၉၁၀ | | |
| ၆၂ | တလိုင်းကန်(ခ)ကဇီ ကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၅၃၁ | ၉၁၉ | ၉၁၉ | | |
| ၆၃ | မြောက်ပြည်တော်သာရပ်ကွက် | ၃ | ၄၂၅၀ | ၂၈၀၂ | ၁၄၄၈ | ၁၂၄၈ | ၂၀၀ | |
| ၆၄ | သာယာအေးရပ်ကွက် | ၆ | ၇၃၀၀ | ၅၂၂၈ | ၂၀၇၂ | ၁၆၅၃ | ၄၁၉ | |
| ၆၅ | လွတ်လပ်ရေးရပ်ကွက် | ၃ | ၄၂၅၀ | ၂၄၇၄ | ၁၇၇၆ | ၃၂၆ | ၁၄၅၀ | |
| ၆၆ | ဈေးကွက်သစ်ရပ်ကွက် | ၁ | ၁၂၅၀ | ၉၅၃ | ၂၉၇ | ၂၉၇ | | |
| ၆၇ | ဘဲများ(ခ)စီရင်စုကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၉၀၈ | ၁၉၂ | ၁၉၂ | | |
| ၆၈ | ကိုင်းကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၅၃ | ၂၄၇ | ၂၄၇ | | |
| ၆၉ | ညောင်ချိုင်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၁၆၇ | ၆၈၃ | ၆၈၃ | | |
| ၇၀ | တောင်ဇင်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၄၁၂ | ၄၃၈ | ၂၃၈ | ၂၀၀ | |

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၇၁ | လက်ပံအိုင့်ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၆၄ | ၁၃၆ | ၁၃၆ | | |
| ၇၂ | ကန်ပေါက်ကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၂၂၄၁ | ၈၀၉ | ၅၂၉ | ၂၈၀ | |
| ၇၃ | လက်ပံပင်ကျေးရွာအုပ်စု | ၇ | ၄၁၀၀ | ၂၄၂၂ | ၁၆၇၈ | ၇၂၉ | ၉၄၉ | |
| ၇၄ | နှစ်ကျပ်ခွဲကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၂၃၇၉ | ၈၇၁ | ၈၇၁ | | |
| ၇၅ | ကန်ပတ်လည်ကျေးရွာအုပ်စု | ၇ | ၅၃၅၀ | ၃၇၆၂ | ၁၅၈၈ | ၁၃၈၆ | ၂၀၂ | |
| ၇၆ | တင့်ကန်ကျေးရွာအုပ်စု | ၇ | ၄၀၀၀ | ၃၁၆၈ | ၈၃၂ | ၇၈၂ | ၅၀ | |
| ၇၇ | ကမ်းဖြူကျေးရွာအုပ်စု | ၆ | ၅၇၅၀ | ၃၃၇၀ | ၂၃၈၀ | ၂၂၇၀ | ၁၁၀ | |
| ၇၈ | သံဘိုကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၇၂ | ၄၇၈ | ၄၂၈ | ၅၀ | |
| ၇၉ | ဆည်ပေါက်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၅၇၈ | ၉၇၂ | ၁၀၂၂ | | ၅၀ |
| ၈၀ | နတ်ကန်လည်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၉၄၉ | ၆၅၁ | ၇၀၁ | | ၅၀ |
| ၈၁ | ခွေးတောက်ကုန်း ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၇၂ | ၆၇၈ | ၆၇၈ | | |
| ၈၂ | ကူလည်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၁၁ | ၁၈၉ | ၂၃၉ | | ၅၀ |
| ၈၃ | တောင်ပေါ်(မြောက်) ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၆၃ | ၃၈၇ | ၂၈၇ | ၁၀၀ | |
| ၈၄ | လျှော်တောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၇၇ | ၁၇၃ | ၁၇၃ | | |
| ၈၅ | ဆည်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၀၉ | ၂၄၁ | ၂၃၁ | ၁၀ | |
| ၈၆ | တောင်ပေါ်(တောင်) ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၈၇ | ၄၆၃ | ၄၁၃ | ၅၀ | |
| ၈၇ | မြောက်တောကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၂၆ | ၅၂၄ | ၂၇၄ | ၂၅၀ | |
| ၈၈ | လယ်ကြီးမြောက်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၂၁ | ၃၂၉ | ၃၂၉ | | |
| ၈၉ | ကျောက်တံခါးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၅၇၃ | ၇၂၇ | ၄၅၇ | ၂၇၀ | |
| ၉၀ | မြင်သာတောင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၇၁ | ၆၂၉ | ၆၂၉ | | |
| ၉၁ | ပုပ္ပါးလွင်ကျေးရွာအုပ်စု | ၄ | ၁၉၀၀ | ၁၀၆၂ | ၈၃၈ | ၄၈၈ | ၃၅၀ | |
| ၉၂ | ပုပ္ပါးကျေးရွာအုပ်စု | ၆ | ၅၀၀၀ | ၃၈၀၃ | ၁၁၉၇ | ၁၄၉၇ | | ၃၀၀ |
| ၉၃ | လေးပင်(တောင်) ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၁၃၅ | ၆၁၅ | ၅၁၅ | ၁၀၀ | |
| ၉၄ | ဆူးဖြူကုန်းကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၅၉၉ | ၄၀၁ | ၄၀၁ | | |
| ၉၅ | ဒီးဒုတ်ကုန်းကျေးရွာအုပ်စု | ၈ | ၅၆၅၀ | ၃၉၃၄ | ၁၇၁၆ | ၁၃၆၆ | ၃၅၀ | |
| ၉၆ | ဒေါင်းလည်ကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၀၃၃ | ၈၆၇ | ၈၆၇ | | |
| ၉၇ | လှိုင်သာကျေးရွာအုပ်စု | ၅ | ၃၁၀၀ | ၂၂၇၁ | ၈၂၉ | ၇၇၉ | ၅၀ | |
| ၉၈ | ဆိတ္တိန်းကျေးရွာအုပ်စု | ၆ | ၅၄၀၀ | ၃၃၈၄ | ၂၀၁၆ | ၂၁၁၆ | | ၁၀၀ |
| ၉၉ | ကျောက်ခွက်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၄၁ | ၃၅၉ | ၃၅၉ | | |
| ၁၀၀ | ဆုံကုန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၈၈ | ၇၆၂ | ၄၆၂ | ၃၀၀ | |
| ၁၀၁ | ကျားနေအိုင့်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၀၂၄ | ၄၂၆ | ၄၂၆ | | |
| ၁၀၂ | ကမ္ဘာ့တဲ(တောင်) ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၈၈၀ | ၇၂၀ | ၆၂၀ | ၁၀၀ | |
| ၁၀၃ | သီးကုန်းကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၈၄ | ၈၆၆ | ၇၆၆ | ၁၀၀ | |
| ၁၀၄ | တောင်ဦးကျေးရွာအုပ်စု | ၆ | ၄၅၀၀ | ၂၆၄၂ | ၁၈၅၈ | ၁၈၀၈ | ၅၀ | |
| ၁၀၅ | ဖြိုစင်အင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၀၈ | ၁၉၂ | ၄၂ | ၁၅၀ | |
| ၁၀၆ | ဖက်တောရေကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၅၇ | ၁၉၃ | ၁၉၃ | | |
| ၁၀၇ | လွန်အိုင်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၆၁ | ၂၃၉ | ၂၃၉ | | |
| ၁၀၈ | ခေါင်းရဲကျေးရွာအုပ်စု | ၂ | ၈၅၀ | ၆၂၉ | ၂၂၁ | ၂၇၁ | | ၅၀ |
| ၁၀၉ | စင်မြင့်ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၅၆၈ | ၁၂၃၂ | ၁၂၃၂ | | |
| ၁၁၀ | ကျောက်ချောကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၃၄၇ | ၈၀၃ | ၅၀၃ | ၃၀၀ | |
| ၁၁၁ | အုံ့မှုံးရိုးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၄၉ | ၃၀၁ | ၃၀၁ | | |
| ၁၁၂ | အိုင်မ(မြောက်) ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၅၁ | ၂၉၉ | ၂၉၉ | | |
| ၁၁၃ | သပြေကိုင်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၈၁ | ၃၁၉ | ၃၁၉ | | |
| ၁၁၄ | ကူကျေးရွာအုပ်စု | ၂ | ၆၀၀ | ၃၅၀ | ၂၅၀ | ၃၅၀ | | ၁၀၀ |
| ၁၁၅ | ကျောက်ပုံကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၂၉၀ | ၈၁၀ | ၄၁၀ | ၄၀၀ | |
| ၁၁၆ | သစ်တိန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၄၃ | ၂၅၇ | ၃၀၇ | | ၅၀ |
| ၁၁၇ | မိုးနံကျင်းကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၉၉ | ၁၀၁ | ၁၆၈ | | ၆၇ |
| ၁၁၈ | ရေင်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၈၇၁ | ၇၉ | ၄၂၉ | | ၃၅၀ |
| ၁၁၉ | ပျဉ်မကြီးကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၃၉ | ၁၆၁ | ၁၆၁ | | |
| ၁၂၀ | ဝက်သားချဉ်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၂၃ | ၂၇၇ | ၂၇၇ | | |
| ၁၂၁ | သက္ကယ်ကျင်း ကျေးရွာအုပ်စု | ၂ | ၇၅၀ | ၃၅၄ | ၃၉၆ | ၃၉၆ | | |
| | **ရပ်ကွက်ချုပ်စုစုပေါင်း** | ၃၇၉ | ၂၅၆၁၀၀ | ၁၇၀၃၇၅ | ၈၅၇၂၅ | ၇၁၃၁၄ | ၁၆၀၈၈ | ၁၆၇၇ |
| | **မြို့နယ်ကြိုတင်မဲလက်မှတ်** | | ၁၇၉၃ | ၁၀၀၃ | ၇၉၀ | ၇၉၂ | | ၂ |
| | **မြို့နယ်ချုပ်စုစုပေါင်း** | ၃၇၉ | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၁၀၆ | ၁၆၀၈၈ | ၁၆၇၉ |

## မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ မဲရုံပေါင်း ၂၁၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၈၉၇၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၇၂၀၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၁၇၇၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၅၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၀၉၀၆ | ၉၆၇၂၃ | ၃၄၁၈၃ | ၃၀၇၉၅ | ၃၇၃၈ | ၃၅၀ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၄၈၅ | ၄၈၅ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၇၅၈၈ | | ၇၅၈၈ | ၈၇၃၄ | | ၁၁၄၆ |
| | **စုစုပေါင်း** | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |

၉။ မလှိုင်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ မဲရုံ ၂၁၀ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၃၇၃၈ ပျောက်ဆုံးနေပြီး ၃၅၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၇၅၈၈ ဖြစ်သော်လည်း မြေပြင်တွင် ၈၇၃၄ ကျန်ရှိသဖြင့် မဲလက်မှတ် ၁၁၄၆ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၃)ရပ်ကွက် | ၄ | ၄၀၀၀ | ၃၀၃၀ | ၉၇၀ | ၈၂၀ | ၁၅၀ | |
| ၂ | အမှတ်(၄)ရပ်ကွက် | ၂ | ၁၉၅၀ | ၁၄၁၁ | ၅၃၉ | ၂၈၉ | ၂၅၀ | |
| ၃ | ထန်းပင်ကန်းကျေးရွာ အုပ်စု | ၂ | ၂၀၅၀ | ၁၈၂၀ | ၂၃၀ | ၁၈၄ | ၄၆ | |
| ၄ | မှရိုးကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၆၃၃ | ၃၁၇ | ၃၁၇ | | |
| ၅ | ဖက်ကုန်းကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၂၁၉ | ၂၈၁ | ၂၈၁ | | |
| ၆ | ထမ္ဘကြီးကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၈၄၀ | ၂၆၀ | ၂၆၀ | | |
| ၇ | ရွာသစ်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၂၄၆ | ၃၀၄ | ၃၀၄ | | |
| ၈ | ကံကြီးကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၇၉၃ | ၅၀၇ | ၃၈၁ | ၁၂၆ | |

*စာမျက်နှာ ၁၄ သို့*

# ရှမ်းပြည်နယ် ကျိုင်းတုံနှင့် တာချီလိတ်ခရိုင်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော်  မေ ၁၁

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၉ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ကျောင်းသို့ ရောက်ရှိပြီး သီလဓမ္မကုန်းသာတောရကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကောဝိဒ (ဝစီပိတ်ဆရာတော်) အား ဖူးမြော်ကြည်ညိုကာ အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။**



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သော ဘုရားဖူးခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်နိုင်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ပန်ကွဲကျေးရွာ ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်သို့ သွားရောက်ကြည့်ရှုသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်း**

အဆိုပါဥယျာဉ်တော် ပရိဝုဏ်အတွင်း၌ ဉာဏ်တော်အမြင့် ၇၂ ပေရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီး၊ မိုင်းဖုန်းဆရာတော်ဓမ္မဂူ၊ အလက်ာပန်းခင်း၊ သြဝါဒပန်းခင်း၊ မုဒြာပန်းခင်းနှင့် ဘုရားစေတီပုထိုးများ၊ စတော်ဘယ်ရီနှင့် နှင်းဆီပန်းစိုက်ခင်းများရှိပြီး လာရောက်သူ ခရီးသွားပြည်သူများအတွက် ဘုရားဖူး အပန်းဖြေအနားယူရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားဧည့်သည်များအနေဖြင့် အဆိုပါဗုဒ္ဓဥယျာဉ်တော်၏ ပတ်ဝန်းကျင် ကျေးရွာများ၌ တိမ်ပင်လယ်ကြည့်ရှုခြင်း၊ trekking ပြုလုပ်နိုင်ခြင်းနှင့် ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို လေ့လာနိုင်သည့် လူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism (CBT) အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော နေရာများဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၅၄၀ မှ ၆၀၁၂ အထိ မြင့်မားသည့် တောင်ကုန်း တောင်တန်းများပေါ်၌ တည်ရှိသော လွယ်မွေမြို့သို့ ရောက်ရှိပြီး လွယ်မွေမြို့ရှိ ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုဖြစ်သည့် ဗြိတိသျှကိုလိုနီခေတ် ၁၉၁၈ ခုနှစ်၌ ဆောက်လုပ်ခဲ့သော နှစ် ၁၀၀ ကျော် သက်တမ်းရှိသည့် Colonel Rubel ၏ နေအိမ်နှင့် ကောင်းမှုတော်ဆည်တို့ကို ကြည့်ရှုပြီး မြန်မာ-ထိုင်း-လာအို-တရုတ် ၄ နိုင်ငံ ပြည်သူများ ကောင်းကျိုးချမ်းသာ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံရေးအတွက် ရည်ရွယ်ပြီး တည်ထားကိုးကွယ်ထားသော စတုရဌသုမင်္ဂလစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသများတွင် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်းခရီးစဉ် (Caravan Tour) များ အဆင်ပြေလွယ်ကူချောမွေ့စွာ ဖော်ဆောင်နိုင်ရေးအတွက် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုသည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်**

ယင်းတံတားကို ၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ အာရှလမ်းမကြီးနှင့် ဆက်သွယ်ထားကာ နောင်တွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မေ ၁၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ရှိ Golden Triangle Mountain Resort ဟိုတယ်သို့ သွားရောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်ပြန်လည်ဖွင့်လှစ်နိုင်ရေးပြင်ဆင်ထားရှိမှုနှင့် ဟိုတယ်မွမ်းမံပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာအပေါ်ပုံ)**

**အဆင်ပြေစွာ ဝင်ထွက်နိုင်ရေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ အလွန် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် ခရီးသွားဧည့်သည်များ အဆင်ပြေ လွယ်ကူချောမွေ့စွာ ဝင်/ထွက်နိုင်ရေးနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများ အဆင်ပြေစေရေးတို့အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖုန်းကျေးရွာရှိ မိုင်းဖုန်း ဆရာတော်ကျောင်းသို့ သွားရောက်ကာ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ကျောင်းတော်သို့ လာရောက်ဖူးမြော်ရေးနှင့် ဘုရားဖူးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး အခြေအနေများကိုကြည့်ရှုပြီး ဝမ်ပုံစံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်ကာ မဲခေါင်မြစ်တစ်လျှောက် ရေယာဉ်ဖြင့် လှည့်လည် ကြည့်ရှုသည်။

**ဖွံ့ဖြိုးတိုးတက်လာနိုင်**

အဆိုပါ ဝမ်ပုံဆိပ်ကမ်းစစ်ဆေးရေးဂိတ်မှ လာအိုနိုင်ငံသားများကို Temporary Border Pass (TBP) ဖြင့် ၅ ညအိပ်၊ ၆ ရက် တာချီလိတ်မြို့အထိ ဝင်ရောက်လည်ပတ်ခွင့် ပြုပေးထားသော်လည်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီပိတ်ထားပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက်တွင် ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ်နိုင်ရေးအတွက် ဖော်ထုတ်ဆောင်ရွက်နိုင်ပါက နောင်တွင် မြန်မာ-လာအို-ထိုင်း ၃ နိုင်ငံ နယ်စပ်တစ်လျှောက် အပျော်စီးမြစ်ကြောင်း လေ့လာရေးခရီးစဉ် ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Golden Triangle Paradise Resort ဟိုတယ်သို့ ရောက်ရှိပြီး ကိုဗစ်-၁၉ အလွန်ကာလ ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ရှိ 1G1-11 ဟိုတယ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတြိဂံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဟိုတယ်များမှ တာဝန်ခံများနှင့်အတူ တာချီလိတ်ခရိုင်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံပွဲသို့ တက်ရောက်သည်။

**ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်မှာ ၁ နှစ်ကျော်ခန့် ရှိခဲ့ပြီးဖြစ်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာရန်မှာ နိုင်ငံတော်အစိုးရ- ပြည်သူလူထု-လုပ်ငန်းရှင်များအားလုံး ယုံကြည်မှုရှိရှိ အရှိန်အဟုန်ဖြင့် ပြန်လည်ပူးပေါင်း လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပါကြောင်း၊ တာချီလိတ်ဒေသတွင် ပြည်တွင်း/ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သော နေရာများစွာရှိသည့်အပြင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသမြို့များအနက် တစ်ခုဖြစ်သောကြောင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင်လည်း ယခုဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါအား သတိမေ့လျော့ပေါ့ဆမနေဘဲ ကျန်းမာရေးအသိဖြင့် လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရန်မှာ ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများအပြင် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်သွားကြရန် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက လုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

၈ ပေ၊ ၄ ပေ ကြော်ငြာဘုတ် ငါးခု၊ အလယ်တန်း ကျောင်းများတွင် သုံးခုနှင့် မူလတန်းကျောင်းများတွင် နှစ်ခုပေးမည်ဖြစ်၍ မြို့နယ်ပညာရေးမှူးများ အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့ပြင် စာသင်ခုံလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်များကို မြို့နယ်တစ်ခုချင်းစီအလိုက် မေ ၂၃ ရက် နောက်ဆုံးထား တင်ပြကြစေလိုကြောင်း၊ မြို့နယ်ပညာရေးမှူးများအနေဖြင့် ဆရာ ဆရာမများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဘယ်နေရာ ဘယ်အခြေအနေမှာပဲရှိရှိ စိတ်စေတနာကောင်းရှိရန်နှင့် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်ထားကာ မိမိတာဝန်ယူသည့် အလုပ်အပေါ် ကြိုးစားဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍအပါအဝင် ပညာရေးဝန်ထမ်းများအနေဖြင့် လုပ်သက် (၃၆) နှစ်နှင့်အထက် အလုပ်ထုတ်ပယ်ခံခဲ့ကြရသူများအနေဖြင့် မိမိတို့၏ ထိခိုက်နစ်နာမှုများ ရှိသည်ဟု ယူဆပါက ပညာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ပြီး ပြန်လည်ဖြေရှင်းဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများက ဆရာ ဆရာမ လိုအပ်ချက်၊ စာသင်ခုံနှင့် ပရိဘောဂပစ္စည်း လိုအပ်ချက်၊ ကျောင်းဆောင်လိုအပ်ချက်များ၊ အန္တရာယ်ရှိ ကျောင်းဆောင်ဖျက်သိမ်းနိုင်ရေးနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော်  မေ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်းမှာ ၆၀ ရာခိုင်နှုန်းဖြစ်သည်။ **မိုး/ဇလ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

**နေပြည်တော် မေ ၁၁**

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီမြတ်ကြီး တို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး ရှိဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက် ရှိကြသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားတွင် မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး COVID-19 စည်းကမ်းချက်များနှင့်အညီ လာရောက် ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြောင်း သိရှိရသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများ တွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများ ကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ် ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားအား ဘုရားဖူးလာ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နေသည်ကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၉ | ကူကြီးကျေးရွာအုပ်စု | ၅ | ၂၀၅၀ | ၁၆၆၄ | ၃၈၆ | ၃၂၇ | ၅၉ | |
| ၁၀ | ရုံးတောကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၅၁ | ၄၄၉ | ၄၄၉ | | |
| ၁၁ | အုတ်ဖိုကန်ကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၃၉၃ | ၄၅၇ | ၃၀၇ | ၁၅၀ | |
| ၁၂ | နတ်စဉ်ကုန်းကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၃၉၅ | ၆၅၅ | ၄၈၀ | ၁၇၅ | |
| ၁၃ | ဝါးခွကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၇၂၅ | ၆၂၅ | ၆၂၅ | | |
| ၁၄ | မြင်းတွင်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၇၃ | ၄၇၇ | ၄၁၇ | ၆၀ | |
| ၁၅ | ဆုံတွင်းကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၇၄၇ | ၁၂၀၃ | ၉၅၃ | ၂၅၀ | |
| ၁၆ | သဲကန်ကျေးရွာအုပ်စု | ၆ | ၃၆၅၀ | ၂၃၈၅ | ၁၂၆၅ | ၁၀၆၅ | ၂၀၀ | |
| ၁၇ | ဝမ္ဘဲလူးကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၄၉ | ၂၀၁ | ၂၀၁ | | |
| ၁၈ | သပြေပင်ကျေးရွာအုပ်စု | ၅ | ၂၂၀၀ | ၁၈၂၀ | ၃၈၀ | ၂၈၀ | ၁၀၀ | |
| ၁၉ | ကျွဲခြံကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၄၂၇ | ၁၀၂၃ | ၁၀၂၇ | | ၄ |
| ၂၀ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၅ | ၄၂၀၀ | ၃၃၀၀ | ၉၀၀ | ၈၈၁ | ၁၉ | |
| ၂၁ | အိမ်ကြီးတောကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၄ | ၁၂၆ | ၁၂၆ | | |
| ၂၂ | သရက္ကောင်းပင်ရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၀၅ | ၃၄၅ | ၃၄၅ | | |
| ၂၃ | သုံးတောင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၅၅၆ | ၃၄၄ | ၃၄၄ | | |
| ၂၄ | ပျော်ဘွယ်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၁၃ | ၂၈၇ | ၂၈၇ | | |
| ၂၅ | နွှေကန်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၇၁၇ | ၂၃၃ | ၁၈၃ | ၅၀ | |
| ၂၆ | ဘောက်ခွေးတောရွာအုပ်စု | ၃ | ၂၇၀၀ | ၂၁၁၃ | ၅၈၇ | ၄၈၇ | ၁၀၀ | |
| ၂၇ | ညောင်အုပ်ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၀၅၇ | ၃၄၃ | ၃၃၇ | ၆ | |
| ၂၈ | လက်ဆွဲကျေးရွာအုပ်စု | ၈ | ၃၈၀၀ | ၂၈၆၈ | ၉၃၂ | ၈၉၉ | ၃၃ | |
| ၂၉ | မြောက်လည်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၄၄၂ | ၄၅၈ | ၄၀၈ | ၅၀ | |
| ၃၀ | ရေငံကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၈၁၉ | ၃၈၁ | ၃၈၁ | | |
| ၃၁ | အိုင်မရိုးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၆၃၆ | ၁၁၄ | ၁၁၄ | | |
| ၃၂ | အမှတ်(၁)ရပ်ကွက် | ၄ | ၃၀၅၀ | ၂၂၁၁ | ၈၃၉ | ၅၇၆ | ၂၆၃ | |
| ၃၃ | အမှတ်(၂)ရပ်ကွက် | ၅ | ၃၆၅၀ | ၂၆၀၇ | ၁၀၄၃ | ၅၄၇ | ၄၉၆ | |
| ၃၄ | ထန်းတောကျေးရွာအုပ်စု | ၃ | ၂၄၀၄ | ၁၆၄၈ | ၇၅၆ | ၅၄၇ | ၂၀၉ | |
| ၃၅ | လယ်ကြီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၁၀၅၀ | ၂၀၀ | ၂၀၀ | | |
| ၃၆ | ကမ္မာဖြူကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၇၈ | ၃၇၂ | ၃၇၂ | | |
| ၃၇ | ပန်းအိုင်ကျေးရွာအုပ်စု | ၅ | ၃၂၅၀ | ၂၄၇၈ | ၇၇၂ | ၇၇၂ | | |
| ၃၈ | ရေနီကျေးရွာအုပ်စု | ၃ | ၂၂၀၂ | ၁၆၆၇ | ၅၃၅ | ၅၃၅ | | |
| ၃၉ | ရေထွက်ကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၉၂၁ | ၆၂၉ | ၆၂၉ | | |
| ၄၀ | ဖျောက်ဆိပ်ကျင်းရွာအုပ်စု | ၅ | ၂၀၀၀ | ၁၅၀၃ | ၄၉၇ | ၄၈၇ | ၁၀ | |
| ၄၁ | မြင်းဦးလှည့်ကျေးရွာအုပ်စု | ၆ | ၄၄၅၀ | ၂၆၄၈ | ၁၈၀၂ | ၁၄၀၅ | ၃၉၇ | |
| ၄၂ | ကျောက်တန်းကျေးရွာအုပ်စု | ၇ | ၅၀၅၀ | ၃၇၂၆ | ၁၃၂၄ | ၁၀၈၅ | ၂၃၉ | |
| ၄၃ | ကံတွင်းကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၂၄၂ | ၅၀၈ | ၅၀၈ | | |
| ၄၄ | ကုန်းတဲကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၅၄ | ၃၉၆ | ၂၉၆ | ၁၀၀ | |
| ၄၅ | သိမ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၅၃ | ၄၄၇ | ၄၄၇ | | |
| ၄၆ | သဘွတ်ကုန်းကျေးရွာအုပ်စု | ၆ | ၃၀၀၀ | ၂၄၅၉ | ၅၄၁ | ၆၄၁ | | ၁၀၀ |
| ၄၇ | ရုံးပင်ဇောက်ကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၆၆၃ | ၄၈၇ | ၄၈၇ | | |
| ၄၈ | အုပ်ကြီးကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၇၂၆ | ၉၂၄ | ၉၂၄ | | |
| ၄၉ | ကြပ်ဆည်ကျေးရွာအုပ်စု | ၇ | ၃၈၀၀ | ၂၆၂၉ | ၁၁၇၁ | ၁၁၂၁ | ၅၀ | |
| ၅၀ | ဆည်တိုကျေးရွာအုပ်စု | ၈ | ၄၉၀၀ | ၃၅၄၉ | ၁၃၅၁ | ၁၅၀၁ | | ၁၅၀ |
| ၅၁ | ဒဟတ္တန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၄၂ | ၂၅၈ | ၂၅၈ | | |
| ၅၂ | လဲတောကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၄၆ | ၁၅၄ | ၁၅၄ | | |
| ၅၃ | ဖျောက်ဆိပ်ကုန်းရွာအုပ်စု | ၄ | ၂၅၀၀ | ၁၅၂၈ | ၉၇၂ | ၉၂၄ | ၄၈ | |
| ၅၄ | ရေချိုဘုတာကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၃၅ | ၅၁၅ | ၅၁၅ | | |
| ၅၅ | ယာကြီးကုန်းကျေးရွာအုပ်စု | ၆ | ၃၂၀၀ | ၁၈၇၁ | ၁၃၂၉ | ၁၂၂၇ | ၁၀၂ | |
| ၅၆ | လယ်ဗျားကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၂၆၈ | ၇၈၂ | ၈၇၈ | | ၉၆ |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၁၀ | ၁၃၀၉၀၆ | ၉၆၇၂၃ | ၃၄၁၈၃ | ၃၀၇၉၅ | ၃၇၃၈ | ၃၅၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၈၅ | ၄၈၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၇၅၈၈ | | ၇၅၈၈ | ၈၇၃၄ | | ၁၁၄၆ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၁၀ | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၄,၂၆၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၈၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၅၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၁-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၆၉၉၈၆ | ၂၆၄၂၃၅၈၉ | ၅၇၅၅၉၅ |
| ၂။ | ဘရာဇီး | ၁၅၄၄၅၀၀၆ | ၁၁၈၃၈၅၆၄ | ၃၅၁၄၆၉ |
| ၃။ | အိန္ဒိယ | ၁၃၃၅၈၈၀၅ | ၁၂၀၈၁၄၄၃ | ၁၆၉၃၀၅ |
| ၄။ | ပြင်သစ် | ၅၀၂၃၇၈၅ | ၃၀၃၆၃၉ | ၉၈၆၀၂ |
| ၅။ | ရုရှား | ၄၆၄၁၃၉၀ | ၄၂၆၅၀၉ | ၁၀၂၉၈၆ |
| ၆။ | ဗြိတိန် | ၄၄၆၈၀၄၅ | ၃၉၆၁၇၃၈ | ၁၂၇၀၈၀ |
| ၇။ | တူရကီ | ၃၇၉၈၃၃၃ | ၃၃၀၁၂၁၇ | ၃၃၇၀၂ |
| ၈။ | အီတလီ | ၃၇၅၄၀၇၇ | ၃၁၀၇၀၆၉ | ၁၁၃၉၂၃ |
| ၉။ | စပိန် | ၃၃၄၇၅၁၂ | ၃၀၉၅၉၂၂ | ၉၆၃၂၈ |
| ၁၀။ | ဂျာမနီ | ၂၉၉၂၈၀၃ | ၂၆၇၁၂၀၀ | ၇၈၈၅၈ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၁၆၆၉၉၅ | ၁၅၁၅၅၀၇ | ၄၂၅၃၀၂ |
| ဖိလစ်ပိုင် | ၈၆၄၈၆၈ | ၇၀၃၄၀၄ | ၁၄၉၄၅ |
| မလေးရှား | ၃၆၀၈၅၆ | ၃၄၃၉၅၃ | ၁၃၂၉ |
| မြန်မာ | ၁၄၂၅၈၇ | ၁၃၁၈၅၆ | ၃၂၀၆ |
| စင်ကာပူ | ၆၁၆၅၃ | ၆၀၃၂၂ | ၃၀ |
| ထိုင်း | ၃၂၆၂၅ | ၂၈၂၁၄ | ၉၇ |
| ကမ္ဘောဒီးယား | ၄၂၃၈ | ၂၁၅၂ | ၂၉ |
| ဗီယက်နမ် | ၂၆၉၃ | ၂၄၂၉ | ၃၅ |
| ဘရူနိုင်း | ၂၁၉ | ၂၀၆ | ၃ |
| လာအို | ၅၁ | ၄၇ | ၀ |

● *ကျောဖုံးမှ*

ရိုးရိုးတန်း ၅၅ ဦး၊ သိမ်ဇရပ်ဘူတာမှ ရိုးရိုးတန်း ရထားစီးခရီးသည် ၁၉ ဦး စုစုပေါင်း ၁၁၂ ဦးတို့ လိုက်ပါစီးနင်းခဲ့ပြီး ခရီးသည်စီးနင်းမှု တဖြည်းဖြည်းများပြားလျက်ရှိသည်။

ထိုနည်းတူ မေ ၁၈ ရက်တွင် အမှတ်(၉၀)အစုန်လူစီးရထားသည် မော်လမြိုင်မြို့မှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ရန်ကုန်မြို့သို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ခရီးသည်စီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ တစ်ရက်ခြား ပြေးဆွဲရာမှ နေ့စဉ်ပြေးဆွဲပေးခြင်းနှင့် ရထားအစင်းရေတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်–မော်လမြိုင်–ရန်ကုန်ခရီးစဉ်ဖြင့် လိုက်ပါစီးနင်းလိုသည့် ခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မေ ၁၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ဖယ်ခုံမြို့၊ ပင်လောင်းမြို့၊ ဟိုပုံးမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အတူပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

အသင်းကြီးနှစ်သင်း တွေ့ဆုံနေသောကြောင့် ပွဲအစပိုင်း မိနစ်တွင်ပင် အကြိတ်အနယ်ရှိခဲ့သည်ကို တွေ့ရသည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် ရရှိခဲ့ပြီး ဗက်စ်ကွက်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘင်ဇီမာက သွင်းယူပေးနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ခရူးစ်က ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ဦးဆောင်ဂိုးများ ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် နည်းဗျူဟာအပြောင်းအလဲပြုလုပ်ပြီး ဆာဂျင်နိုဒက်စ်၏ နေရာကို ဂရစ်ဇ်မန်းဖြင့် အစားထိုးခဲ့သည်။ ထို့နောက်ပိုင်း ဘာစီလိုနာအသင်းသည် ရီးရဲမက်ဒရစ်အသင်းအပေါ် ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် မိနစ် ၆၀ တွင် ဘာစီလိုနာအသင်း ချေပဂိုးရရှိခဲ့ပြီး အယ်ဘာ၏ ဖန်တီးပေးမှုမှတစ်ဆင့် မင်ဂွက်ဇာက သွင်းယူပေးနိုင်ခဲ့သည်။ နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ် သည်။

ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ရီးရဲမက်ဒရစ် တိုက်စစ်မှူး ဘင်ဇီမာသည် ယခုနှစ်ရာသီ အသင်းအတွက် ပြိုင်ပွဲစုံ ၃၅ ပွဲတွင် ၂၅ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယနေ့ပွဲစဉ်တွင် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သောကြောင့် လာလီဂါအမှတ်ပေးဖလား ဆွတ်ခူးရန် အခွင့်အရေးကောင်းတစ်ခု ပိုင်ဆိုင်နိုင်ခဲ့သည်။

**အောင်ဇော်**

# ၉-၄-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း




သတင်းစာရှင်းလင်းပွဲ၌ ခင်းကျင်းပြသထားသည့် မဲစာရင်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် လက်နက်ကိရိယာများ။

*ယမန်နေ့မှအဆက်*

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ဆက်လက်ရှင်းလင်းရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ အသုံးပြုခဲ့သည့် နောက်ဆုံး မဲစာရင်း Soft copy များကို ရယူပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ထုတ်ပြန်လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ဧပြီလ ၈ ရက်နေ့အထိ ထုတ်ပြန်ပြီးစီးမှုများအရ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ၁၁ ခုရှိ မြို့နယ်ပေါင်း ၁၀၆ မြို့နယ်၊ မဲရုံပေါင်း ၁၄၂၁၄ ရုံကို စိစစ်ခဲ့ရာ မြို့နယ်ကော်မရှင် စာရင်းအရ မဲဆန္ဒရှင် ၁၄၄၈၅၃၃၀ ဦးဖြစ်သော်လည်း လဝကစာရင်းအရ ၁၁၁၁၁၈၀၆ ဦးသာရှိပြီး ၃၃၇၃၅၁၄ ဦးကွာခြားမှုရှိကြောင်း၊ ၎င်းတို့အနက် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၅၅၄၁၅၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၁၁၁၂၃၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်သူ ၁၁၁၈၇၈၇ ဦး၊ စိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း ၂၇၈၄၁၈၃ ဦးရှိသည်ကို တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၁၉ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယခုစစ်ဆေး ထုတ်ပြန်မှုများသည် မြို့နယ်တစ်ခုချင်းအလိုက် စိစစ်တွေ့ရှိမှုများသာဖြစ်ပြီး အခြားတိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များနှင့် တိုက်ဆိုင်စစ်ဆေးမှု (Cross Check) များ ပါဝင်ပါက တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်း CD၊ PDF များကို အခြေခံထုတ်ပြန်ခဲ့သည့် မဲမသမာမှု ပြုနိုင်/ဖြစ်နိုင်သည့် အရေအတွက် ၁၀၄၈၂၁၁၆ ဦး ရာခိုင်နှုန်း ၂၈ ဒသမ ၁၇ ရာခိုင်နှုန်းထက် ပိုမိုများပြားနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဖော်ပြပါ မြို့နယ် ၁၀၆ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများအပေါ် တပ်မတော် စိစစ်ချက်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ် တွေ့ရှိချက်များကို နှိုင်းယှဉ်ရာတွင်လည်း စိစစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ကော်မရှင်၏ စိစစ်တွေ့ရှိမှု အရေအတွက်က ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး (မှတ်ပုံတင်) မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၆၃၉၂၇ ဦး၊ တစ်ကြိမ်ထက်ပို၍ မဲစာရင်းတွင် ပါဝင်သူ (ထပ်နေသော မဲစာရင်း) ၃၅၈၀၁၈ ဦး ပိုမိုစိစစ်တွေ့ရှိရပါကြောင်း၊ ယခု ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပြန်လျက်ရှိမှု အခြေအနေများကို တင်ပြမှာဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ဧပြီလ ၈ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၈ ခုအတွင်းရှိ မြို့နယ်ပေါင်း ၁၀၁ မြို့နယ်ရှိ မဲရုံပေါင်း ၁၃၁၉၂ ရုံ၏ ဆန္ဒမဲ လက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျ ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့် မဲလက်မှတ်ပေါင်း ၁၄၉၈၄၅၂၈၊ အသုံးပြု ၉၇၁၄၂၈၆၊ ကျန်ရမည့်အရေအတွက် ၅၂၇၀၂၄၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၈၄၁၅၀၃ ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၅၉၇၄၀၃ နှင့် အပို ၁၆၈၆၆၄ ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါ ပျောက်ဆုံးမဲ ၅၉၇၄၀၃ မဲနှင့် ပိုသုံး/ အပိုလက် ကျန်မဲ ၁၆၈၆၆၄ သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်ခြင်းမရှိဘဲ မဲမသမာမှုများ ဖြစ်ပေါ် စေကြောင်း ရှင်းလင်းပြောကြားသည်။

**မဲစာရင်းကွင်းဆင်းစစ်ဆေးမှု နေ့စဉ်ထုတ်ပြန်ပေး**

၁၁။ ယခုဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည်များကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါကြောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များရှိ မဲစာရင်းနှင့် ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိမှုများကိုလည်း နိုင်ငံပိုင်ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယိုများမှ အသေးစိတ်စာရင်းဇယားများဖြင့် နေ့စဉ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင်လည်း စိစစ်တွေ့ရှိမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို Power Point, Video Clip များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်၍ ယနေ့သတင်းစာရှင်းလင်းပွဲတွင် စစ်ဆေးတွေ့ရှိမှုအခြေအနေများကို ခြုံငုံပြီးတင်ပြမှာဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများနှင့်မတူဘဲ အခက်အခဲ၊ ကန့်သတ်ချက်များစွာကြားက ကျင်းပဆောင်ရွက်ရခြင်းဖြစ်ပြီး နောက်ဆက်တွဲ ပြဿနာများလည်း ကြီးမားစွာပေါ်ပေါက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် ရွေးကောက်ပွဲကာလလုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းကပ်ထားခြင်းနှင့် မဲဆန္ဒရှင်များက ဖြည့်စွက်၊ ကန့်ကွက်၊ ပြင်ဆင်မှုဆောင် ရွက်ခြင်း၊ မဲလက်မှတ်အပ်နှံ၊ ရိုက်နှိပ်၊ ထုတ်ပေးခြင်း၊ ရွေးကောက်ပွဲသုံးပစ္စည်းများ ဝယ်ယူဖြန့်ဝေခြင်း အပါအဝင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိခဲ့ကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုမှ ဟောပြောစည်းရုံးရန် အသံသွင်းရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအရ အခက်အခဲများစွာရှိပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပါတီများက ကန့်ကွက်ခြင်း၊ အကြံပြုခြင်းနှင့် ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုများလည်းရှိခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အထူးသဖြင့်ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးရာတွင် အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ဝေးလံခေါင်ဖျားဒေသများနှင့် သွားလာရန် ကန့်သတ်မှုရှိသော ဒေသများအတွက် မဲရုံသုံးပစ္စည်း၊ ကြိုတင်မဲလက်မှတ်နှင့် မဲလက်မှတ်များ အချိန်မီပို့ဆောင်ရန် အခက်အခဲရှိခဲ့သော်လည်း တပ်မတော်က လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများကူညီပေးခဲ့သဖြင့် အချိန်မီ ရောက်ရှိဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ ထူးခြားချက်ကတော့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအရ Stay at Home ဒေသများရှိ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များထံ

*စာမျက်နှာ ၁၇ သို့*

**"၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှရရှိသော စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ သက်ဆိုင်ရာ ရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားသည့် အမှုပေါင်း ၅၄၆ မှုရှိပြီး တရားစွဲတင် ၃၃၄ မှု၊ ပိတ်သိမ်း ၁၇၂ မှုနှင့် လက်ကျန် ၄၀ မှုဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာအမှုပေါင်း ၂၈၇ မှုရှိပြီး မဲဆန္ဒရှင်များက တင်ပြသည့်အမှု ၉၄ မှု၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြသည့်အမှု ၁၉၃ မှုတို့ဖြစ်"**

*စာမျက်နှာ ၁၆ မှ*

အိမ်တိုင်ရာရောက် လိုက်လံ၍ ကြိုတင်မဲကောက်ခံခြင်း၊ အခြားဒေသများရှိ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များအား ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်မဲပေးခွင့်ပြုခြင်းများ ဆောင်ရွက်ခြင်း၊ မိမိနေရပ် မပြန်နိုင်သူများအား ပုံစံ(၁၅)ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးခြင်း အပါအဝင် မဲစာရင်းဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်း လုပ်ငန်းစဉ်များအတွက် ဖြေလျှော့ပြင်ဆင်သည့် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခြင်းများ ရှိခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/ မရှိ စိစစ်ရန်လိုအပ်သည့် ညွှန်ကြားချက်များကိုလည်း တွေ့ရှိရကြောင်း၊ လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပခြင်း မပြုနိုင်သည့် မဲဆန္ဒနယ်မြေများစာရင်း ကြေညာရာတွင်လည်း ကန့်ကွက်မှုနှင့် အငြင်းပွားမှု များစွာရှိခဲ့ကြောင်း၊ အခြားထူးခြားချက်တစ်ခုကတော့ ကြိုတင်မဲပေးသူ အရေအတွက် အလွန်များပြားခြင်းဖြစ်ပြီး ကြိုတင်မဲကောက်ယူခြင်းနှင့် ကြိုတင်မဲပေးခြင်းဖြစ်စဉ်များမှာ ကန့်ကွက်လွှာ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများစွာရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်တွင် မဲပေးသူပေါင်း ၂၇၅၁၂၈၅၅ ဦး အနက် ကြိုတင်မဲပေးသူ ၅၈၈၄၄၂၀ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၁ ဒသမ ၃၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးသူပေါင်း ၂၃၉၁၁၇၈၄ ဦး အနက် ကြိုတင်မဲပေးသူ ၁၄၃၈၁၈၂ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၀၁ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရကြောင်း၊ ကြိုတင်မဲကောက်ခံခြင်း၊ မဲပေးခြင်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့သော မဲမသမာမှုဖြစ်စဉ်များကိုလည်း ယခင်သတင်းစာ ရှင်းလင်းပွဲများတွင် ဓာတ်ပုံ၊ Video Clip များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံများ



**ဆန္ဒမဲလက်မှတ် မှားယွင်းထုတ်ပေး**

၁၂။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဦးစီးသည့် ပူးပေါင်းအဖွဲ့များ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးချက်များကို အသေးစိတ်စာရင်းဇယားများဖြင့် ထုတ်ပြန်လျက်ရှိကြောင်း၊ မဲလက်မှတ်များ ပျောက်ဆုံးခြင်း၊ တရားမဝင် အပိုသုံးခြင်း၊ အပိုရရှိခြင်းများ တွေ့ရှိရပြီး ထူးခြားချက်များအနေဖြင့် တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်း ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၂)ကြိုတင်ဆန္ဒမဲလက်မှတ် လက်ကျန် ၂ စောင်တွင် ဆန္ဒပြုပြီး/ လက်ဗွေနှိပ်ပြီး အမည်စာရင်းဖြည့်သွင်းပြီးဖြစ်သော်လည်း မဲလက်မှတ်စာအုပ်တွင် လက်ခံဖြတ်ပိုင်းနှင့်တွဲလျက် ကျန်ရှိနေကြောင်း တွေ့ရှိရခြင်း၊ (လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိ)၊ ပျော်ဘွယ်မြို့နယ်၊ တာမွေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ မုံရွာမြို့နယ်၊ လှည်းကူးမြို့နယ် အပါအဝင် ထုတ်ပြန်ပြီး မြို့နယ်များရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့နောက်ပိုင်းနှင့် ယခုမဲလက်မှတ်များ စစ်ဆေးချိန်မှသာ အသုံးပြုပြီး မဲလက်မှတ်လက်ခံဖြတ်ပိုင်းနှင့် အသုံးမပြုရသေးသော မဲလက်မှတ်များအား သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ အပ်နှံထားရှိကြောင်း တွေ့ရှိရခြင်း၊ ပေါက်မြို့နယ်၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)မဲရုံ၌ပေးသော မဲလက်မှတ်စာအုပ် ၁ အုပ်တွင် မဲလက်မှတ်လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်၊ မဲရုံအမှတ်၊ ရပ်/ကျေးအမည်များ ထည့်သွင်းထားရှိမှု မရှိခြင်း၊ မုံရွာမြို့နယ်၊ မုံရွေးကျေးရွာအုပ်စု၊ မဲရုံအမှတ်(၂)တွင် အလားတူ မဲလက်မှတ်လက်ခံဖြတ်ပိုင်း ၁၉၇ စောင် တွေ့ရှိရခြင်း၊ (ဆိုလိုသည်မှာ မည်သူမဲပေးထားကြောင်း တိုက်ဆိုင်စိစစ်ရန်ခက်ခဲခြင်း၊ မဲမသမာမှုဖြစ်နိုင်ခြင်း)၊ ချီဖွေမြို့နယ် အပါအဝင် မြို့နယ်အချို့၏ ဆန္ဒမဲလက်မှတ်စာအုပ်များကို စိစစ်ရာတွင် သတ်မှတ်အရေအတွက် ၅၀ မပြည့်သော မဲလက်မှတ်စာအုပ်များ၊ အရေအတွက် ၅၀ ထက်ပိုနေသော မဲလက်မှတ်စာအုပ်များကို တွေ့ရှိရခြင်း၊ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် ထုတ်ပေးခဲ့သော ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဦးကျော်နိုင်ဦး (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးချမ်းမင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ သရေစည်သူ ဦးစိုးမောင်(အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အောင်(ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးလွင်မြင့်ဦး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးအောင်မြင့်ကြည် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) တို့၏ အမည်များ မဟုတ်ဘဲ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဒေါ်တင်မိုးခိုင် (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးမြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးဝင်းကိုကို (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးသန်းထွေး (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) နှင့် ဦးအောင်သိန်းကျော် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) တို့၏ အမည်များပါရှိသည့် ဆန္ဒမဲလက်မှတ်များပါရှိလာပြီး မှားယွင်းထုတ်ပေးခြင်း၊ ကြိုတင်မဲပေးသည့်ကာလ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်နေ့အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု ၇ ခုရှိ မဲရုံပေါင်း ၈ ရုံတွင် မဲလက်မှတ်မှားယွင်းသူ ၂၇၈ ဦးနှင့် ဆန္ဒမဲပေးပြီးသူ ၆၆၇ ဦး၊ စုစုပေါင်း ၉၄၅ ဦး မဲပေးထားကြောင်း စိစစ်တွေ့ရှိရသဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၎င်းမဲလက်မှတ် ၉၄၅ စောင်နှင့် လက်ကျန် ၅ စောင်ကို မြို့နယ်ရဲစခန်းတွင် သိမ်းဆည်းထားရှိပြီး ၎င်းအစား မဲလက်မှတ် ၁၉ ထုပ် ၉၅၀ စောင်ဖြင့် ပြန်လည်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်း၊ ရဲစခန်းအတွင်းရှိ ငွေတိုက်တွင်သိမ်းဆည်းထားသည့် ဆန္ဒပြုထားခြင်းမရှိသေးသော ဆန္ဒမဲလက်မှတ်စာအုပ်အသစ်များကို ပြန်လည်စစ်ဆေးရာတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ ပါဝင်သက်ဆိုင်ခြင်းမရှိသည့် မကွေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်သာပါသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်)ကို စစ်ဆေး

*စာမျက်နှာ ၁၈ သို့*

**“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်”**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၁၇ မှ*

တွေ့ရှိရပြီး ချိပ်ပိတ်ကာ ရဲစခန်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားခြင်း၊ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ ချိပ်ပိတ်ထားသော ဆန္ဒမဲလက်မှတ်စာအိတ် ၅ အိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့်ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ် ချည်သောကြိုးဖြင့် တစ်ပါတည်းတွဲလျက်ချည်ထားပြီး ချိပ်ပိတ်ထားသည်ကိုတွေ့ရှိရခြင်း၊ ၎င်း Label ကတ်ပြားများမှာ မဲရုံတွင်အသုံးပြုရန် ထုတ်ပေးထားသည့် ပစ္စည်းများ မဟုတ်သဖြင့် NLD ရုံးမှ ပေးပို့သည့်မဲလက်မှတ်များ ဖြစ်နိုင်ပြီး ခိုင်လုံမဲများအဖြစ် အတည်ပြုရန်ခက်ခဲပြီး မဲမသမာမှုများ ပြုလုပ်ထားခြင်းများ တွေ့ရှိရကြောင်း ရှင်းလင်းပြောကြားသည်။ အလားတူ စိစစ်ချက်အရ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆန္ဒမဲလက်မှတ်များ၏ မှားယွင်းမှုနှင့် ချို့ယွင်းအားနည်းချက်များအနေနှင့်လည်း မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် စာအုပ် ၁ အုပ်၏ အဖုံးတွင် ဆင်ပေါင်ဝဲမြို့နယ်ဟု ဖော်ပြထားသော်လည်း အတွင်းတွင် မင်းလှမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ဆန္ဒမဲလက်မှတ်စာအုပ် ၂၂ အုပ်၏အဖုံးတွင် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)ဟု ဖော်ပြထားသော်လည်း အတွင်းတွင် မြို့သစ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ဆန္ဒမဲလက်မှတ် စာအုပ် ၂ အုပ်၏ ပထမ ၂ ရွက်မှာ ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်သော်လည်း ဒုတိယ ၁၆ ရွက်သည် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ တတိယ ၃၂ ရွက်သည် ပေါက်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ စာအုပ် ၁ အုပ်၏ ပထမ ၂၆ ရွက်သည် ပေါက်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ဖြစ်သော်လည်း ဒုတိယ ၂၄ ရွက်သည် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် စာအုပ် ၁ အုပ်၏ ပထမ ၂ ရွက်သည် ဆောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)ဆန္ဒမဲလက်မှတ် စာအုပ် ၁ အုပ်၏ အဖုံးတွင် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)ဟု ဖော်ပြထားသော်လည်း အတွင်းတွင် နတ်တလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် စာအုပ် ၃၈ အုပ်တွင် မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရောထွေးပါဝင်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ဆန္ဒမဲလက်မှတ်များအနက် မဲလက်မှတ်စာအုပ် ၈၃၆ အုပ်သည် အစွန်းအထင်းပါနေခြင်း၊ မဲလက်မှတ် စာအုပ် ၁၅ အုပ်တွင် ၅၀ ရွက်အစား ၄၈ ရွက်သာရှိခြင်း၊ မဲလက်မှတ် ၃၅ အုပ်တွင် ၅၀ ရွက်အစား ၅၂ ရွက်ဖြစ်နေခြင်း၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁၁) မဲလက်မှတ် စာအုပ် ၃၀ အုပ်မှာ အတွင်း၌ မဲလက်မှတ်များမှာ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)၊ အမှတ်(၈)၊ အမှတ်(၁၀)တို့၏ ဆန္ဒမဲလက်မှတ် ၄၁၉ ရွက် ရောနှောပါဝင်နေခြင်း၊ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ဗမာတိုင်းရင်းသားလူမျိုး ဆန္ဒမဲလက်မှတ်တွင် လက်ချောင်းထိပ် မင်စွန်းနေသော မဲလက်မှတ် စာရွက် ၃၀ ရွက်ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ဖွဲ့စည်းထားသော စေ့စပ်ညှိနှိုင်းရေး ကော်မတီများက ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ကနီမြို့နယ်၊ ဘုတ်ကုန်းကျေးရွာ မဲရုံအမှတ်(၂)မှ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ မတွေ့ရှိဘဲ ကြိုတင်မဲလက်ကျန်သာ တွေ့ရှိရသဖြင့် စိစစ်ခဲ့ရာ မဲလက်မှတ်လက်ခံဖြတ်ပိုင်းများကို မဲရုံမှူးက သိမ်းဆည်းထားပြီး လာရောက်အပ်နှံမှု မပြုခြင်းနှင့် မြို့နယ်လက်ကျန်မြေပြင်တွေ့ရှိ စာရွက် ၉၃၅၀ စောင် (၁၈၇ အုပ်) အနက် မဲလက်မှတ် နံပါတ်စဉ်မပါ ၉ အုပ်တွေ့ရှိရပြီး ၎င်းတို့အနက် ၁ အုပ်တွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဗွေအမှတ်အသားမပါ အသုံးပြုပြီး ဖြတ်ပိုင်း ၄ စောင် ပါရှိကြောင်း တွေ့ရှိရခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အနေဖြင့် ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၁)ကျေးရွာအုပ်စု မဲရုံ အမှတ်(၁)၊ ပဲခူးတိုင်း ဒေသကြီးလွှတ်တော်၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော် ဆန္ဒမဲလက်မှတ်များအား ဖွင့်ဖောက် စစ်ဆေးခဲ့ရာ NLD ပါတီ ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်နော်ပွယ်စေး၏ ခိုင်လုံမဲများထဲတွင် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှ ဆန္ဒမဲလက်မှတ် (အဝါရောင်နောက်ခံအညိုစင်း) များဖြင့် ထပ်မံ ဆန္ဒပြုမဲပေးထားသည့် ခိုင်လုံမဲ ၇၃ စောင် ရောနှောပါရှိနေကြောင်း တွေ့ရှိရခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် ချောင်းရင်း ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၂)၏ ကြိုတင်မဲ လက်မှတ် လက်ခံဖြတ်ပိုင်းများတွင် အခြားမဲရုံ ၇ ရုံမှ မဲဆန္ဒရှင်များက မဲပေးထားခြင်း၊ မဲဆန္ဒရှင် လက်မှတ်မထိုးထားခြင်း၊ ပြည့်စုံစွာဖြည့်စွက်ထား ရှိမှု မရှိခြင်း၊ မဲစာရင်းပုံစံ (၁)တွင် ဦးထွန်းမြင့်၊ ဦးဝင်းမြင့်၊ ဒေါ်ခင်ရွှေ၊ ဒေါ်နွေးနွေးလှိုင်နှင့် ဒေါ်ဟေမာန်ဦး စသည့်မဲဆန္ဒရှင် ၅ ဦးတို့၏ အမည်အား ခဲတံဖြင့် ထပ်မံဖြည့်စွက်ထားရှိသော်လည်း ကျန်အချက်အလက်များ ဖြည့်စွက်ထားရှိမှု မရှိခြင်းနှင့် မဲပေးထားရှိခြင်း၊ သရက်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မဲရုံအမှတ်(၃)၏ ပြည်သူ့ လွှတ်တော်မဲဆန္ဒနယ်၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)ကို မြေပြင်စစ်ဆေးချက်အရ ရပ်/ကျေး ကြိုတင်မဲပေးထားသည့် မဲစာရင်း အမှတ်စဉ် ၉၉၅ ဒေါ်အေး အေးအောင်၊ အမှတ်စဉ် ၉၉၈ ဒေါ်မိုင်မယ်စင်နှင့် အမှတ်စဉ် ၁၀၀၀ ဦးရန်နိုင်လင်းတို့နှင့် စပ်လျဉ်း၍ **“မြို့တွင်းဝင်ခွင့်မရသဖြင့် ဖုန်းဖြင့် ဆန္ဒပြု”**ဟု မှတ်ချက်ပြု ရေးသားထားသည်ကို စိစစ်တွေ့ရှိရခြင်း၊ အစရှိသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည့် ဖြစ်စဉ်၊ ဖြစ်ရပ်နှင့် မှတ်တမ်းများကို စိစစ်တွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ သက်သေခံ စာရွက်စာတမ်းများ၊ မဲလက်မှတ် နမူနာများကိုလည်း တစ်ပါတည်း ကြည့်ရှုလေ့လာနိုင်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသော စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ သက်ဆိုင်ရာရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားသည့် အမှုပေါင်း ၅၄၆ မှုရှိပြီး တရားစွဲတင် ၃၃၄ မှု၊ ပိတ်သိမ်း ၁၇၂ မှုနှင့် လက်ကျန် ၄၀ မှုဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာ အမှုပေါင်း ၂၈၇ မှုရှိပြီး မဲဆန္ဒရှင်များက တင်ပြသည့်အမှု ၉၄ မှု၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြသည့် အမှု ၁၉၃ မှုတို့ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှု ၂၉ မှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှု ၄၅ မှု တင်သွင်းခဲ့ခြင်းနှင့် နှိုင်းယှဉ်ပါက များစွာ ပိုမိုနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ **Digital Printing Machine** များဖြင့် လုပ်ငန်းဆောင်ရွက်သည့် **မီနိုင်းပုံနှိပ် လုပ်ငန်းများ၊** အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံ သင်တန်းများနှင့် ပါရဂူဘွဲ့ သင်တန်းများအတွက် ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစီးပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်း အမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

*ဤဆောင်းပါးတွင်ဖော်ပြချက်များသည် ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်ပါသည်။*

# မီဒီယာဟူသည် စတုတ္ထမဏ္ဍိုင်

# မြန်မာမှ ဒေါ်လာစားမီဒီညာများအကြောင်း

## ဦးကျော်စိန် (ပညာရေး)

**အမေရိကန်နိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲသမိုင်းမှာ ဝါးတားဂိတ်အရေးတော်ပုံဆိုရင် ကမ္ဘာမှာ အထင်ကရ မှတ်တိုင်ကြီးတစ်ခု ဖြစ်ပါတယ်။ ဒီအရေးတော်ပုံမှာ အမေရိကန်နိုင်ငံက မီဒီယာသမားတွေရဲ့ အစွမ်းနဲ့ လုပ်ဆောင်ချက်တွေဟာ အံ့မခန်းဆိုရမှာပါ။ ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတစ်ခုမှာ ရွေးကောက်ပွဲ မသမာမှုကြောင့် သမ္မတ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်ကြီး ရာထူးက ထွက်ပေးလိုက်ရတဲ့ အရေးတော်ပုံဖြစ်ပါတယ်။**

ဒီမိုကရေစီနိုင်ငံတွေမှာ မီဒီယာဆိုတာ စတုတ္ထမဏ္ဍိုင် ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုတဲ့ မဏ္ဍိုင်ကြီး သုံးရပ်နဲ့ ပြည်သူလူထုအကြား ပေါင်းကူးပေးတာ၊ ဆက်စပ်ပေးတာ၊ ထိန်းကျောင်းပေးတာ၊ တည့်မတ်ပေးနိုင်တာက မီဒီယာတွေနဲ့ မီဒီယာသမားတွေဖြစ်တော့ စတုတ္ထမဏ္ဍိုင်လို့ အထူးပြုထားတာဖြစ်ပါတယ်။ ဘိုလိုတော့ရရင် Media television, radio and newspapers as providers of information ဖြစ်ပြီး writing media, printed media, online media ဆိုတာတွေလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ စာနယ်ဇင်း(သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း)ဆိုပြီး သုံးခဲ့တာလည်း ရှိပါတယ်။ မီဒီယာတွေမှာ မီဒီယာကျင့်ဝတ်ဆိုတာလည်းရှိတယ်လို့ သိရပြီး ကျင့်ဝတ်နဲ့အညီ ဆောင်ရွက်ကြရတယ်လို့လည်း မှတ်သားဖူးပါတယ်။

### မီဒီယာလောက စော်ကားတာသည်းမခံနိုင်

၂၃-၃-၂၀၂၁ နေ့ပြုလုပ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ (၃/၂၀၂၁) သတင်းစာရှင်းလင်းပွဲမှာ ခေတ်သစ်သတင်းစာသတင်းဌာနမှ သထုံဦးတင်ထွန်းက အကြံပြုပြောကြားချက်တွေထဲမှာ ယနေ့မြန်မာပြည်မီဒီယာများ ဘယ်လိုဖြစ်နေတာလဲ၊ မီဒီညာ မီဒီညာ ဒေါ်လာစားတွေဖြစ်ကြောင်း ပါလာတယ်။ မိစ္ဆာပါတီ၏ သြဇာအောက်တွင် လောင်းရိပ်မိနေသည့်အတွက် အဖြစ်မှန်ကို မသိကြကြောင်း၊ မရေးနိုင်ကြကြောင်း ၁၉၅၄ ခုနှစ်ကတည်းက သတင်းစာလောကထဲကို ဝင်လာတဲ့၊ စာနယ်ဇင်းအကြောင်း လက်တန်းပြောနိုင်တဲ့ ရှေ့မီနောက်မီ ဆရာကြီး ဦးတင်ထွန်းက ပြောပါတယ်။ ဆရာကြီးက "မိစ္ဆာပါတီ" လို့ ဆိုလိုက်တာဟာ "မန္တလေးက ဇော်မြင့်မောင် ဆိုသူက စတုတ္ထမဏ္ဍိုင်မရှိပါ" ဟူ၍ ပြောခဲ့ဖူးကြောင်း၊ "အောင်မိုးညို ဆိုသူသည် စတုတ္ထမဏ္ဍိုင် မရှိဟူ၍ ပြောကြောင်း၊ အလွန်စော်ကားထားတဲ့အတွက် မီဒီယာလောကကို ထိခိုက်စော်ကားတာ သည်းမခံနိုင်လို့" ပြောတာလို့ ယူဆပါတယ်။



နောက်တစ်ချက်က "ဒေါ်လာစား မီဒီညာ" လို့ မီဒီယာအချို့ကို ဖော်ထုတ်ပြောသွားပါတယ်။ ဦးတင်ထွန်းဟာ ဝါရင့် စာနယ်ဇင်းသမားတစ်ယောက်အနေနဲ့ NLD ပါတီကို တိုက်ခိုက်လိုစိတ်နဲ့ပြောတယ်လို့ မှတ်ယူစရာ အကြောင်းမရှိပါဘူး။ NLD ပါတီ၊ ဒီမိုကရေစီအရေးတော်ပုံကို ဦးဆောင်ဦးရွက်ပြုနေပါတယ်လို့ သူတို့ပြောနေတဲ့ ပါတီအကြီးအကဲလုပ်နေသူတွေ ကိုယ်တိုင်က မီဒီယာရဲ့အခန်းကဏ္ဍကို အလေးမထားလို့၊ စော်ကားလို့ ပြောရတာ ဖြစ်မှာပါ။ မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီ အသွင်ပြောင်းကာလကို ကျော်ဖြတ်နေချိန်မှာ စာပေစိစစ်ရေးဆိုတာကို ဖျက်သိမ်းပြီး ပုဂ္ဂလိက စာနယ်ဇင်းတွေ လွတ်လပ်စွာ ထုတ်ဝေခွင့်ပြုထားခဲ့တာ ဖြစ်ပါတယ်။ မီဒီယာရဲ့ သဘောကိုယ်နှိုက်ကလည်း ပွင့်လင်းမြင်သာမှုနဲ့ လွတ်လပ်စွာ ရေးသား ထုတ်ဝေခွင့်ဆိုတော့ မီဒီယာဥပဒေအရ၊ မီဒီယာကျင့်ဝတ်အရ ပြည်သူလူထုတွေ သိခွင့်ရှိသမျှ အမှန်ကို အမှန်အတိုင်း ဖော်ထုတ်တင်ပြကြရမှာပါ။ ဒီမိုကရေစီစနစ်မှာ မဏ္ဍိုင်ကြီးသုံးရပ်က အပြန်အလှန် ထိန်းကျောင်းကြတယ် ဆိုပေမယ့် မှုမမှန်မှုတွေဖြစ်လာခဲ့ရင် မီဒီယာတွေက ဝင်ရောက်ထိန်းကျောင်းကြမှ ပြည်သူက အမှန်ကို သိခွင့်၊ စဉ်းစားနိုင်ခွင့်တွေ ရရှိလာမှာပါ။ NLD ပါတီဟာ မီဒီယာတွေရဲ့ ထိန်းကျောင်းမှုကို လက်မခံလိုဘူး၊ လက်ခံရင်တောင် သူတို့ကိုလိုလားတဲ့၊ သူတို့ကို ထောက်ခံတဲ့ မီဒီယာတွေဖြစ်မှဆိုတော့ ကျွမ်းကျင်ရာ လိမ္မာဆိုသလို မြန်မာနိုင်ငံမှာ ဒေါ်လာစား မီဒီညာ ဆိုတာကို မွေးထုတ်ခဲ့တာပါ။

### နိုင်ငံခြားငွေနဲ့ ပြည်သူကို လှည့်စားနိုင်

NLD ပါတီရဲ့ ခေါင်းဆောင်ဟာ မြန်မာနိုင်ငံမှာ ရှစ်လေးလုံးအရေးအခင်းကာလ နိုင်ငံတကာမီဒီညာတွေ အထောက်အပံ့နဲ့ လူ့အခွင့်အရေး၊ လူသားချင်းစာနာမှု ဒီမိုကရေစီကိစ္စတွေကို အကြောင်းပြုပြီး ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကစပြီး နိုင်ငံတကာက ချီးမြှောက်ကြတဲ့ ဆုတံဆိပ်မျိုးစုံနဲ့ ဒေါ်လာရေစီးကြောင်းကတစ်ဆင့် ဝင်လာခဲ့တာဖြစ်ပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာ ဒေါ်လာချောင်းကလေးဖောက်၊ ပါတီလောင်းရိပ်အောက် ရောက်နေမယ့် ဒေါ်လာစားမီဒီညာတွေ မှိုလိုပေါက်လာတာ မဆန်းပါဘူး။ ဒေါ်လာစား မီဒီညာရဲ့ စွမ်းအားကြောင့် NLD ပါတီဟာ ဒီမိုကရေစီအရေးအကြောင်းပြ၊ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှု အကြောင်းတွေကိုပြပြီး ရခိုင်ပြည်နယ်အရေးအခင်းထဲက ဘင်္ဂါလီတွေကို အားပေးအားမြှောက်ပြုရင်း OIC အဖွဲ့နဲ့ ရင်းနှီးမှုရအောင် ယူနိုင်ခဲ့တယ်။ ဒီတော့ NLD ပါတီလူကြီးတွေဟာ နိုင်ငံခြားငွေတွေ အလျှံပယ်နဲ့ မီဒီယာဆိုတာတွေသာမက မီဒီညာတွေနဲ့ ပြည်သူလူထုကိုပါ ကောင်းကောင်း လှည့်စားနိုင်ခဲ့တယ်။

ရခိုင်ပြည်နယ်အရေးအခင်းမှာ သတင်းထောက် ဝလုံးနဲ့ ကျော်စိုးဦးဆိုတာ အထင်ကရ မီဒီယာသမားတွေပေါ့။ အရေးအခင်းကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ အင်းဒင်ရွာအမှုကိစ္စမှာ တပ်မတော်က ကျူးလွန်ခဲ့တယ်ဆိုတာကို ဖော်ထုတ်နိုင်တယ်ဆိုပြီး နိုင်ငံတကာမီဒီယာထိ ပေါက်ရောက်သူတွေပေါ့။ အင်းဒင်ရွာအမှုကိစ္စနဲ့ သတင်းထောက် ဝလုံးတို့ကို နိုင်ငံတော်က အမှုဖွင့်ပြီး တရားရုံးက အရေးယူအပြစ်ပေးတယ်။ ဒီတော့ သတင်းသမားတွေ၊ မီဒီယာသမားတွေက Free Free ဆိုပြီး ဆန္ဒပြကြတယ်။ သတင်းသမားတွေကို နှိပ်ကွပ်တယ်၊ မတရား ဖမ်းဆီးထောင်ချတယ်ဆိုပြီး ကမ္ဘာသိအောင် အော်ကြလော်ကြတော့ အမေရိကန်ကြီးက မနေနိုင်၊ မထိုင်နိုင်ဖြစ်ပြီး သူတို့ကို လွှတ်အောင် ကြံဆောင်ကာ အမေရိကန်နိုင်ငံကို ပို့လိုက်ကြတယ်။ အခု သူတို့က ICJ မှာတောင် အကောင်ဗလောင်ဖြစ်နေပြီဆိုပါလား။ ရခိုင်ပြည်နယ်ကို ARSA တွေ ဝင်တိုက်တဲ့အချိန်မှာ ဟိန္ဒူဘာသာဝင်တွေ အစုလိုက်အပြုံလိုက် လူမဆန်စွာ သတ်ဖြတ်ခံရ၊ ပြန်ပေးဆွဲခံရတဲ့ အမှုကိစ္စမျိုးကို မြန်မာမီဒီယာတွေက စတိသဘောတောင် ရေးကြ ပြောခဲ့ကြပါရဲ့လား။ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှု ဦးစားပေး ပါတီကြီးက ဟိန္ဒူဘာသာဝင်တွေအတွက် ဘယ်လိုစာနာထောက်ထားမှုမျိုး ပေးခဲ့ပါသလဲ။ ဘာသာပေါင်းစုံဆိုတဲ့အထဲ ရခိုင်ပြည်နယ်ထဲက ဗုဒ္ဓဘာသာဝင်ရခိုင်လူမျိုးတွေနဲ့ အခြားမျိုးနွယ်စုတိုင်းရင်းသားလူမျိုးတွေရောပါရဲ့လားလို့ မေးကြည့်ချင်ပါတယ်။

### သွေးထိုးလှုံ့ဆော်မှုကြောင့် ဆန္ဒပြမှုတွေဖြစ်လာ

မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရာမှာ တစ်ပါတီအာဏာရှင်စနစ်ကို ဖော်ဆောင်လိုတဲ့၊ ဒီမိုကရေစီ နည်းလမ်းမကျတဲ့ ရွေးကောက်ပွဲနဲ့၊ မဲမသမာမှုရလဒ်တွေနဲ့၊ အစိုးရအာဏာကို ရယူနိုင်ဖို့ ကြိုးစားခဲ့တဲ့ NLD ပါတီ တာဝန်ရှိသူတွေကို တပ်မတော်က ထိန်းသိမ်းခဲ့ပါတယ်။ တပ်မတော်က စတင်တာဝန်ယူတဲ့ ပထမ ရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့ပေမယ့် ဒုတိယအပတ်ကစပြီး NLD ပါတီဝင်တွေနဲ့ ထောက်ခံသူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဆူပူမှု၊ ဆန္ဒပြမှုတွေဖြစ်ပေါ်လာခဲ့ပါတယ်။ ယခုအခါ ဆူပူဆန္ဒပြတဲ့အဆင့်ကနေ ကျော်လွန်ပြီး မင်းမဲ့စရိုက်ဆန်တဲ့ ဥပဒေချိုးဖောက်မှုအဆင့်တွေနဲ့ ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ် လက်ပစ်ဗုံး၊ မီးပုလင်း၊ မီးကွင်း စတဲ့အဖျက်အမှောင့် လက်နက်တွေကိုင်စွဲပြီး ပြည်သူတွေရဲ့ နေအိမ်၊ စက်ရုံ၊ အလုပ်ရုံတွေကို မီးရှို့ဖျက်ဆီးတာ အုပ်ချုပ်ရေးအဆောက်အအုံတွေနဲ့ ရဲစခန်းတွေကို စီးနင်းတိုက်ခိုက်တာတွေထိ ကူးပြောင်းလာခဲ့ပါတယ်။

သပိတ်ဆိုတဲ့နေရာမှာတောင် လမ်းလျှောက်သပိတ်၊ ထိုင်သပိတ်၊ ဆိုင်ကယ်စီးသပိတ်၊ အရုဏ်ဦးသပိတ်၊ ရှောင်ကွင်းသပိတ်၊ လူမဲ့သပိတ်၊ နှင်းဆီနီသပိတ် စတဲ့ သပိတ်စုံ သူပုန်ထ လုပ်နေကြသလို ညတိုက်ပွဲနဲ့ သံပုံးတီးလှုပ်ရှားမှုတွေက ရှိနေဆဲပါ။ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ပုဂ္ဂလိကသတင်းစာတွေနဲ့ မီဒီယာတွေက ဘယ်လိုဖော်ပြနေကြသလဲ။ ပြည်သူတွေကို ဘယ်လိုရှင်းလင်းတင်ပြနေသလဲ။

*စာမျက်နှာ ၂၁ သို့*

**"ရခိုင်ပြည်နယ်ကို ARSA တွေ ဝင်တိုက်တဲ့အချိန်မှာ ဟိန္ဒူဘာသာဝင်တွေ အစုလိုက်အပြုံလိုက် လူမဆန်စွာ သတ်ဖြတ်ခံရ၊ ပြန်ပေးဆွဲခံရတဲ့ အမှုကိစ္စမျိုးကို မြန်မာမီဒီယာတွေက စတိသဘောတောင် ရေးကြ ပြောခဲ့ကြပါရဲ့လား။ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှု ဦးစားပေး ပါတီကြီးက ဟိန္ဒူဘာသာဝင်တွေအတွက် ဘယ်လိုစာနာထောက်ထားမှုမျိုး ပေးခဲ့ပါသလဲ"**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*စာမျက်နှာ ၂၀ မှ*

လမ်းလျှောက်ဆန္ဒပြတာ၊ ထိုင်သပိတ်လုပ်နေကြတာ၊ သပိတ်အတားအဆီးလုပ်နေကြတာတွေကို နေ့စဉ်နဲ့အမျှ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ တစ်စောင်လုံး နီနေအောင် ဖော်ပြကြတယ်။ မတ်လကုန်ခါနီး ဆန္ဒပြမှုတွေ လျော့ပါးလာစဉ်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက် ဆန္ဒပြမှုများရှိဆိုတာကို မျက်နှာဖုံးမှာ စာလုံးကြီးတွေနဲ့ ဖော်ပြနေကြတယ်။ "ကိုးရီးယားရောက် မြန်မာများ ဆက်လက်ဆန္ဒထုတ်ဖော်၊ ဂျပန်ရောက် မြန်မာများ အစာငတ်ခံဆန္ဒပြ" ဆိုတဲ့ သတင်းတွေနဲ့ "ဒဂုံမြို့သစ်၌ ပစ်ခတ်ဖြိုခွင်းမှုများရှိခဲ့၊ တစ်ဦး သေဆုံး၊ ဒဏ်ရာရသူရှိ" စတဲ့သတင်းတွေ ပါနေဆဲ။ (မတ်လ ၂၇ ရက် ဖြိုခွင်းမှုကြောင့် ၁၀၀ကျော် သေဆုံးခဲ့မှု ကမ္ဘာ့နိုင်ငံ ၁၂ နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများရှုတ်ချ) (မီးရထားဝင်းအတွင်း CDM လုပ်သူများ ဝန်ထမ်းအိမ်ရာမှ ဖယ်ရှားခံရမှု အမေရိကန်သံရုံးမှ လာရောက်ကြည့်ရှု) စတဲ့သတင်းတွေနဲ့ R2P မျှော်နေသူတွေ၊ Welcome US Army လုပ်နေသူတွေကို မျှော်လင့်ချက်ပေးနေပါတယ်။ CDM လှုပ်ရှားမှုနဲ့ အလုပ်ပြုတ်ခံရမှာ မကြောက်၊ ဒေါ်လာငွေထုတ်မယ်ဆိုနေသူတွေကို အိပ်မက်လှလှမက်လို့ရအောင် ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေပါတယ်။

**မီဒီယာအမှန်သမားတွေဖော်ထုတ်သင့်**

မြန်မာနိုင်ငံမှာ လက်ရှိ ဖြစ်ပေါ်နေတဲ့ တပ်မတော်က အာဏာထိန်းမှုကိစ္စဟာ အကြောင်းမဲ့ ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ ဒါကို မီဒီယာသမားတွေ ကောင်းကောင်းသိပါလျက်နဲ့ အမှန်တရားကို ပြည်သူလူထုထဲ ချမပြရဲကြဘူး။ နိုင်ငံတကာအကူအညီ(ဒေါက်တာဆာဆာ)၊ CDM လှုပ်ရှားမှု (ဒေါက်တာဇော်ဝေစိုး)နဲ့ လူထုဆန္ဒထုတ်ဖော် တိုက်ပွဲဝင်မှု(မင်းကိုနိုင်)တွေ ပေါင်းစပ်ပြီး အရေးတော်ပုံအောင်ရမည် လုပ်နေတာ တကယ်အလုပ်ဖြစ် မဖြစ်ကို မီဒီယာသမားတွေ သိပါတယ်။ သိလျက်သားနဲ့ မသိယောင်ဆောင်နေတာလဲ ဖြစ်နိုင်ပါ တယ်။ (ဒေါ်လာစားတွေ)"စစ်အာဏာရှင်အလိုမရှိ"၊ "ဒီမိုကရေစီရရှိရေး ဒို့အရေး"၊ "We want Democracy"၊ "ဖမ်းဆီးထားတဲ့ ဒို့ခေါင်းဆောင်တွေ ချက်ချင်းလွှတ်" ၊ "ဒို့သမ္မတ ဦးဝင်းမြင့်" လို့ ညတိုင်း သံပုံးတီးအပြီးမှာ လမ်းမပေါ် ဖယောင်းတိုင်မီးတွေထွန်းပြီး သံချပ်တိုင်နေကြတဲ့ GZ ဆိုတဲ့ မျိုးဆက်သစ်တွေကို မိမိတို့ ပါတီအကျိုး၊ ကိုယ်ကျိုးအတွက် အသုံးမချသင့်ကြပါဘူး။ နေ့တွက်ကလေးတွေနဲ့၊ ထမင်းထုပ်ကလေးတွေနဲ့၊ ရေသန့်ဘူးလေးတွေဝေနဲ့ ကလေးတွေကို တိုက်ပွဲဝင်ခိုင်း၊ အသေခံခိုင်းနေတဲ့ ဒေါ်လာစားတွေရဲ့ လုပ်ရပ်ကို မီဒီယာအမှန်သမားတွေ ဖော်ထုတ်သင့်ပါပြီ။

**"စတုတ္ထမဏ္ဍိုင်အစစ်အမှန်တွေက (ဆူပူအကြမ်းဖက်သူ အင်အား ၁၅၀ ခန့်က မီးပုလင်းများ၊ မီးကွင်းများဖြင့် လာရောက်ပစ်ပေါက် ခဲ့ရာ)၊ (ယာယီရဲကင်းစခန်းကို ဆူပူအကြမ်းဖက်သူ လူတစ်စုက မီးရှို့ခဲ့မှုကြောင့်…) စတဲ့အကြောင်းရင်းတွေကို ပြည်သူသိအောင်ချပြဖို့၊ ရေးကြဖို့၊ ပြောကြဖို့ တာဝန်ရှိနေတယ်လို့ ယူဆပါတယ်။ တိုင်းပြည်ဒုက္ခရောက်နေချိန်မှာ၊ ပြည်သူလူထု အကျပ်အတည်းတွေ့နေချိန်မှာ စတုတ္ထမဏ္ဍိုင်ရဲ့အားနဲ့ ဒေါ်လာစား မီဒီညာတွေကို တိုက်ထုတ်ကြပါစို့"**

အမုန်းတရားနဲ့ အမုန်းစကားတွေရိုက်သွင်းပြီး ဆရာတော်သံဃာတော်ကြီးတွေကိုပါ စော်ကားစေတဲ့ အမှုမျိုးထိစေခိုင်းနေတာတွေ၊ တပ်မတော်အကြီးအကဲရဲ့ ဓာတ်ပုံတွေကို လမ်းမအလယ်မှာကပ်ထားပြီး အများပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဆောင်ရွက်နေကြတာတွေက ဘယ်လိုဒီမိုကရေစီမျိုးပါလိမ့်။ "ဒီ NLD ရဲ့ ဒီမိုကရေစီ စံချိန်စံညွှန်းဆိုတာ စစ်အာဏာရှင်ဆန့်ကျင်ရေး (တပ်မတော်ဆန့်ကျင်ရေး)၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး (ချိုးဖောက်ရေး)နဲ့ တစ်ပါတီဒီမိုကရေစီဖော်ဆောင်ရေး (NLD) ဆိုတာကို အလွတ်ကျက်ထားသူတွေအဖို့တော့ NLD ပါတီက လူတွေ အရေးယူခံရတာနဲ့ တပ်မတော်က အာဏာထိန်းလိုက်တာ အံကိုက်ဖြစ်နေတော့ တရားခံအနေနဲ့ စစ်အာဏာရှင် ဆန့်ကျင်ရေးကို ရှေ့တန်းတင်လိုက်တာပါ။ ပြည်သူဆိုတာကလည်း သာမန်ရပ်ကွက်ဈေးလေးထဲမှာတင် နေ့ပြန်တိုးငွေချေးစားသူရဲ့ဩဇာကို မလွန်ဆန်ရဲတော့ ဆန္ဒပြဆို ပြတာပေါ့၊ သပိတ်မှောက်ဆို မှောက်တာပေါ့။ တပ်မတော်အာဏာထိန်းပြီးမှ ပေါ်ပေါက်လာတဲ့ ဆန္ဒပြမှု၊ လှုပ်ရှားမှုနဲ့ ဆန့်ကျင်တိုက်ခိုက်မှုတွေဟာ NLD အခါတော်ပေးတွေရဲ့စနက်ဆိုတာ ငြင်းမရပါဘူး။ We need R2P in Myanmar ဆိုတာနဲ့ Welcome US Army ဆိုတာတွေက ဘယ်သူတွေရဲ့ဆန္ဒ ဖြစ်နေမလဲ။ ဒါတွေကို မီဒီယာတွေက တာဝန်သိသိ သစ္စာရှိရှိနဲ့ ဖော်ထုတ်ပေးဖို့ လိုအပ်ပါတယ်။ တပ်မတော် သတင်းစာရှင်းလင်းပွဲဆိုတာကို တစ်ဖက်သတ်မြင်နေသူတို့ ရှင်းလင်းသွားအောင် စတုတ္ထမဏ္ဍိုင်က တာဝန်ယူသင့်ပါပြီ။

NLD ပါတီဦးဆောင် အရပ်သားအစိုးရအဖွဲ့ ငါးနှစ်တာကာလမှာ ဝန်ကြီးဌာနအလိုက် နိုင်ငံခြားသွားအကြံပေး ဘယ်နှယောက်ကို ဘယ်လောက်နှုန်းနဲ့ ငွေးရမ်းအသုံးပြုခဲ့တယ်ဆိုတာ ဘယ်မီဒီယာကမှ ဖော်ထုတ်မပြသနိုင်ခဲ့ပေမယ့် မီဒီယာတစ်ခုကတော့ အင်းဝအပ်ချုပ်ဆိုင်က အိမ်ဖော်မလေးလူ့အခွင့်အရေးချိုးဖောက်ခံရမှုကို လူသိရှင်ကြားဖော်ထုတ်နိုင်ခဲ့သလို လူ့အခွင့်အရေးကော်မရှင်ထိပို့ပေးပြီး အရေးယူခံရအောင်ထိ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး ပုဂ္ဂလိကသတင်းစာတစ်စောင်က ဝန်ကြီးချုပ်နဲ့ လက်ပတ်နာရီကိစ္စ အစဖော်ခဲ့ပေမယ့် နောက်ပိုင်းမှာ ကြီးကြီးမားမား ဘယ်အဂတိလိုက်စားမှုမျိုးမှ ပေါ်ပေါက်လာတာ မရှိတော့တာက ဒေါ်လာစား မီဒီညာတွေရဲ့စွမ်းအားကို မီဒီယာတွေရဲ့ အင်အားနဲ့ မတွန်းလှန်နိုင်လို့ဘဲ ဖြစ်နိုင်ပါတယ်။

**ပြည်သူလူထုဆင်းရဲဒုက္ခကိုမစာနာ**

နောက်ဆုံးတော့ NLD ပါတီဟာ မိုးပြိုအောင်နိုင်ခဲ့ပါတယ်။ ဒီမှာ ဒီမိုကရေစီယဉ်ကျေးမှုအရ ရွေးကောက်ပွဲရလဒ်ကို လက်ခံရမယ်ဆိုတဲ့ အယူအဆက ပေါ်လာသေး။ ရွေးကောက်ပွဲရလဒ်ကို လက်ခံနိုင်ဖို့ တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါ။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ထိန်းပေးကြပါ၊ ကြပ်မတ်ပေးကြပါလို့ နိုင်ငံရေးပါတီတွေက သံကုန်အော်တယ်၊ နောက်ဆုံး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တွေ့ခွင့်တောင်းပြီး တင်ပြကြတယ်။ ဒါကို မီဒီယာတွေကလည်း သိကြတယ်။ ဒါပေမယ့် မီဒီယာမှာ ပေါ်လွင်သွားတာက မလုပ်ရဲတာ ဘာမှမရှိဆိုတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပြောတဲ့ မိန့်ခွန်းရှည်ကြီးထဲက စကားတစ်ခွန်း။ တပ်မတော်အပေါ် မလိုမုန်းတီးစိတ်ဖြစ်ပေါ်စေနိုင်တဲ့ စကားကောက်နုတ်ချက်ပါ။ ဒီတော့ မြန်မာ့မီဒီယာဆိုတာကို အတိုချုပ်လိုက်ရင် မိစ္ဆာပါတီလောင်းရိပ်မိနေတဲ့ ဒေါ်လာစား မီဒီညာပေါ့။ သူတို့တွေဟာ COVID – 19 ဒဏ်ခံစားနေကြရတဲ့ ပြည်သူလူထုရဲ့ ဆင်းရဲဒုက္ခကို မစာနာ နိုင်သေးဘဲ အာဏာလက်လွတ်သွားတဲ့ NLD ပါတီအတွက် အသေခံ တိုက်ပွဲဝင်အောင် စည်းရုံးလှုံ့ဆော်နေကြသေးတယ်။ တပ်မတော် မုန်းတီးရေးနဲ့ ဆန့်ကျင်ရေး သွေးထိုးလှုံ့ဆော်နေ ကြသေးတယ်။

အချုပ်ဆိုရရင် မီဒီယာရဲ့ စွမ်းအား၊ မီဒီယာရဲ့ တန်ဖိုး၊ မီဒီယာရဲ့နေရာဟာ တန်ဖိုးကြီးမားတဲ့ စွမ်းအားရှင်ဖြစ်တာမို့ ဒီမိုကရေစီစနစ်မှာ စတုတ္ထမဏ္ဍိုင်ပါ။ စတုတ္ထမဏ္ဍိုင်ရဲ့ စွမ်းအားဟာ ပြည်သူလူထုကို ဖမ်းစားနိုင်တယ်၊ ဆွဲဆောင်နိုင်တယ်။ စည်းရုံးသိမ်းသွင်းနိုင်တယ်။ ပွင့်လင်းမြင်သာမှန်ကန်မှုရှိတဲ့မီဒီယာဟာ လူထုအပေါ်မှာလည်း ဩဇာတည်ပါတယ်။ ဒါကြောင့် မိစ္ဆာပါတီဟာ ဒေါ်လာတွေကျွေးပြီး ဒေါ်လာစားမီဒီယာကို မွေးခဲ့တာ။ ဒီမိုကရေစီ အမည်ခံပါတီနဲ့ အစိုးရ ငါးနှစ်တာကာလမှာ ပွင့်လင်းမြင်သာမှုဆိုတာ ပါတီတွင်းတောင် မရှိဘူးလို့ဆိုကြတော့ ဒေါ်လာစား မီဒီယာတွေကို ဆွံ့အ နားမကြားလုပ်ထားတာ။ ဒီမိုကရေစီပါတီကြီး မဲမသမာမှုနဲ့ အရေးယူခံရတာကို ဘယ်မီဒီယာကမှ မပြောကြ၊ မဆိုကြပါဘူး။ ပစ်ခတ် ဖြိုခွင်း၍ တစ်ဦးဒဏ်ရာရ ဘုရားကြီးမြို့၌ ဝမ်းဗိုက်တွင် ကျည်ထိမှန်ခဲ့သည့်သူ သေဆုံးရ စတဲ့သတင်းတွေ တင်နေတာ။

ဒါကြောင့် စတုတ္ထမဏ္ဍိုင်အစစ်အမှန်တွေက (ဆူပူအကြမ်းဖက်သူအင်အား ၁၅၀ ခန့်က မီးပုလင်းများ၊ မီးကွင်းများဖြင့် လာရောက်ပစ်ပေါက်ခဲ့ရာ)၊ (ယာယီရဲကင်းစခန်းကို ဆူပူ အကြမ်းဖက်သူ လူတစ်စုက မီးရှို့ခဲ့မှုကြောင့်…) စတဲ့ အကြောင်းရင်းတွေကို ပြည်သူသိအောင်ချပြဖို့၊ ရေးကြဖို့၊ ပြောကြဖို့ တာဝန်ရှိနေတယ်လို့ ယူဆပါတယ်။ တိုင်းပြည်ဒုက္ခရောက်နေချိန်မှာ၊ ပြည်သူလူထု အကျပ်အတည်းတွေ့နေချိန်မှာ စတုတ္ထမဏ္ဍိုင်ရဲ့ အားနဲ့ ဒေါ်လာစား မီဒီညာတွေကို တိုက်ထုတ်ကြပါစို့ ခင်ဗျား။

၈–၄–၂၀၂၁ ရက်နေ့ထုတ် **Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ဦးကျော်စိန်(ပညာရေး)၏ "မီဒီယာဟူသည် စတုတ္ထမဏ္ဍိုင် မြန်မာ့ဒေါ်လာစား မီဒီညာများအကြောင်း" ဆောင်းပါးကို Golden Hand ဂျာနယ် အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။**

(စာတည်း)

# ငြိမ်းချမ်းရေးကို မြတ်နိုးပါ တည်ငြိမ်ရေးကို အလေးထားပါ

စာချစ်သူ

သည်နေ့မနက်မှာတော့ တဖြောက်ဖြောက်နှင့် ရွာသွန်းဖြိုးနေသည့် မုန်တိုင်းမိုး စဲစပြုလေပြီ။ နေခြည်ပျပျ လင်းလက်လာမှုနှင့်အတူ အိမ်ခေါင်းရင်းမှ ချိုး၊ ဆက်ရက် စသည့် ကျေးငှက်သာရကာတို့၏ တွန်ကျူးသံများကိုလည်း ပြန်လည်ကြားလာရ၏။

အရောင်မျိုးစုံနှင့် တစ်သွေးတစ်မွေးလှပသော အမည်မသိ ငှက်ငယ်လေးတစ်ကောင်ကမူ ကျွန်တော့်မလှမ်းမကမ်းမှာ လာနားရင်း ဘာသာဘာဝ အော်မြည်တွန်ကျူးလို့ နေပြန်ပါ၏။ ကြည်နူးမှုနှင့် ယှဉ်သော စိတ်စေတသိက်တို့နှင့်အတူ ထမင်း တစ်ဆုပ်၊ ဆန်တစ်ဆုပ်ကို စင်္ကြူဟောင်းပေါ် ကြဲချ ကျွေးမိလေ၏။

ကျွန်တော်တို့နေထိုင်ရာ အိမ်ဂေဟာသည် သစ်ရိပ်ဝါးရိပ်များနှင့် ဆိတ်ငြိမ်ရာရပ်ကွက်ဖြစ်၍ ကျေးငှက်သာရကာမျိုးစုံ လာကြ၊ နားကြသည်။ မနက်မနက်ဆို ကျီးကန်းတို့ကလည်း အုပ်လိုက်။ ကျွန်တော်တို့ ဇနီးမောင်နှံက သူတို့ကို စာကလေးခွေ မုန့်လေးများ မကြာခဏ ကျွေးလေ့ရှိသည်မို့ မကြာမကြာ အစာလာတောင်းတတ်ကြလေသည်။

## နိုင်ငံရေးမိုးလေဝသလည်း ခန့်မှန်းတတ်

ပြီးခဲ့သည့်ရက်များကမူ အဆက်မပြတ် ရွာသွန်းနေသော မုန်တိုင်းမိုးကြောင့် သူတို့ မလာကြ။ ကျေးငှက်တိရစ္ဆာန်များ၏ ပင်ကိုဗီဇ အသိက ထူးဆန်းလှသည်။ မိုးရိပ်လေရိပ်ကို သူတို့ သိသည်။ ရန်သူ၊ မိတ်ဆွေ ခွဲခြားတတ်သည်။ သဘာဝ မိုးလေဝသကိုသာမက လူတို့၏ပယောဂကြောင့် ဖြစ်ပေါ်လေ့ရှိသော နိုင်ငံရေးမိုးလေဝသကိုလည်း သူတို့ခန့်မှန်းတတ်သည်။ ငြိမ်းချမ်းသာယာမှု ကင်းမဲ့သော ပတ်ဝန်းကျင်ကို သူတို့ရှောင်ရှားတတ်လေသည်။ **ကျွန်တော်သည် သူတို့အော်မြည်တွန်ကျူးသံများကိုနားဆင်ရင်း ဆရာသော်တာဆွေ ရေးသားခဲ့သော "သူတို့ ပြန်လာပါစေ" ဝတ္ထုဆောင်းပါးကို ဖျတ်ခနဲ အမှတ်ရလိုက်မိသည်။**

"သူတို့ ပြန်လာကုန်ကြပြီ အစ်ကိုကြီး . . . အစ်ကိုကြီးပြောခဲ့တဲ့ လင်းဝက်တွေ၊ ဗျိုင်းတွေလေ၊ မကြာခင် ကျွန်မတို့တစ်တွေ ငါးကောက်ကြရတော့မယ်။ သူတို့ အသိုက်တွေလုပ်နေကြပြီ။ သာယာဝတီ ဗျိုင်းမွေးတွေလဲရတော့မယ်။ အဖေလည်း သိပ်ဝမ်းသာနေတာပဲ . . ."

ကျွန်တော့်ညီမဆီက ဟိုအကြောင်း သည်အကြောင်းရေးသောစာထဲမှာ အထက်ပါအပိုဒ်ကို ဖတ်လိုက်ရတော့ လွန်စွာနှစ်ထောင်းအားရရှိပါဘိသည်။

ကျွန်တော်တို့ အိမ်ခြေရင်းနှင့် ခေါင်းရင်းတလင်းထဲမှာ အလွန်ကြီးမားသော မန်ကျည်းပင်ကြီးများရှိပါသည်။ ဘယ်လောက် ကြီးမားပါသနည်း။ မှန်းဆချက်နှင့်ပြောရသော် ယောကျ်ားကြီး သုံးယောက် ရင်ဆိုင်ပိုက်မှ သူတို့လုံးပတ်က ရှိပေသည်။

ကျွန်တော်တို့ငယ်စဉ်တောင်ကျေး ကလေးဘဝ မှတ်မိသည့်အရွယ်မှစ၍ နှစ်စဉ်နှစ်တိုင်း မိုးဦးကျပြီဆိုလျှင် ဗျိုင်းများတစ်အုပ်ပြီး တစ်အုပ် ရောက်လာကြ၏။ ထို့နောက် လင်းဝက်များ ...။

နံနက်စောစော ဝှတ်-ဝှတ် ဟူသော သူတို့အသံများကြားရမှ ...

"ဟော လင်းဝက်တွေလည်း ရောက်လာပြီဟေ့"

ကျွန်တော်တို့ အင်မတန်ဝမ်းသာကြသည်။ သူတို့ရောက်လာသည်ဆိုကတည်းက အသိုက်များကို အပြိုင်အဆိုင် လုပ်ကြလေသည်။ သူတို့သည် နှစ်စဉ် မိုးသံလေသံကြားပြီဆိုလျှင် ဤမန်ကျည်းပင်ကြီးများပေါ်သို့ ရောက်လာကြပြီး

> **"ပြီးခဲ့သည့်ရက်များကမူ အဆက်မပြတ် ရွာသွန်းနေသော မုန်တိုင်းမိုးကြောင့် သူတို့ မလာကြ။ ကျေးငှက်တိရစ္ဆာန်များ၏ ပင်ကိုဗီဇအသိက ထူးဆန်းလှသည်။ မိုးရိပ်လေရိပ်ကို သူတို့သိသည်။ ရန်သူ၊ မိတ်ဆွေ ခွဲခြားတတ်သည်။ သဘာဝ မိုးလေဝသကိုသာမက လူတို့၏ပယောဂ ကြောင့် ဖြစ်ပေါ်လေ့ရှိသော နိုင်ငံရေးမိုးလေဝသကိုလည်း သူတို့ ခန့်မှန်းတတ်သည်။ ငြိမ်းချမ်းသာယာမှု ကင်းမဲ့သော ပတ်ဝန်းကျင်ကို သူတို့ရှောင်ရှားတတ်လေသည်။ ကျွန်တော်သည် သူတို့အော်မြည် တွန်ကျူးသံများကို နားဆင်ရင်း ဆရာသော်တာဆွေ ရေးသားခဲ့သော "သူတို့ ပြန်လာပါစေ" ဝတ္ထုဆောင်းပါးကို ဖျတ်ခနဲ အမှတ်ရလိုက်မိသည်"**

အသိုက်များလုပ်ကာ ဥဥ၍ ကလေးများမွေးဖွားကြလေသည်။

ဤအချိန်တိုင်သော် ကျွန်တော်တို့ရွာပတ်လည်က လယ်များ၊ ချောင်းများ၊ အိုင်များ၌ ရေများဖွေး၍ ငါးများပေါ်ပြီဖြစ်ရကား သူတို့သားသမီးများအတွက် ယူဆောင်လာကြကာ တစာစာအော်နေကြသော ပါးစပ်လေးများထဲ ခွံ့ကျွေးသည်၌ ငါးကကြီးပြီး ကလေးပါးစပ်မဆံ့၍လည်းကောင်း၊ စားပြီးပို၍လည်းကောင်း အောက်သို့ တဖုတ်ဖုတ်ကျလာကြလေသည်။

ကျွန်တော်တို့မှာ နေ့စဉ်ချက်ပြုတ်စားသောက်ရရုံမက ငါးပိပင် လုပ်ရပါသည်။ အများအားဖြင့် သူတို့ကလေးတွေကျွေးသည်မှာ ငါးခူ၊ ငါးရံ့များသာဖြစ်၍ ပထမတန်းရေချို ငါးပိကိုရပါသည်။

တပေါင်း၊ တန်ခူး မိုးသားကျူးပြီဆိုလျှင် ကျွန်တော်တို့သည် သူတို့ကိုမျှော်ရပါသည်။ အဲ - မိုးကုန်ဆောင်းကူးတော့ ကျွန်တော်တို့ သူတို့ကို လွမ်း၍ ကျန်ခဲ့ရပါတော့သည်။

ယင်းသို့ ဗျိုင်းများ၊ လင်းဝက်များ နှစ်စဉ်မှန်မှန်လာခဲ့ကြသည်မှာ ကျွန်တော် လူမမည် မှတ်မိသည့်အရွယ်မှစ၍ ကျွန်တော်လူလားမြောက် လူပျိုပေါက်ဖြစ်ပြီး အိမ်မှထွက်ခဲ့သည့်အချိန်အထိပင် ဖြစ်ချေသည်။

## ရေးဟောင်းနှောင်းဖြစ်ပြော

အနှစ် ၂၀ ကျော်ကြာခဲ့ချေပြီ၊ ကာလအမျိုးမျိုး ပြောင်းခဲ့ပြီ။ ဘဝအထွေထွေကြုံခဲ့ကြပြီ။ လွန်ခဲ့သောကာလ ကျွန်တော့်ဇာတိဌာနေမွေးရပ်မြေပြန်၍ အသက် ၇၀ ကျော် ဖခင်အိုနှင့် အသက် ၄၀ ကျော် သားအဖတို့တွေ့ဆုံကြကာ ရေးဟောင်းနှောင်းဖြစ်များကို ပြောကြသည်။

"ဒါနဲ့အဖေ ... ကျွန်တော်တို့ မန်ကျည်းပင်ကြီးတွေပေါ် ဗျိုင်းတွေ၊ လင်းဝက်တွေ မလာကြတော့ဘူးလား ... "

အဖေသည် သူ၏ယိုင်နဲ့နေသော သွားများကိုကိုင်တွယ်စမ်းသပ်နေရာမှ -

"မလာကြတော့ဘူးကွယ်"

"ဘယ်လောက် ကြာပြီလဲ"

"ရပ်ရွာတွေ သေနတ်ကိုင်ခိုင်းကတည်းကစပြီး တော့ပေ့ါကွယ်၊ တဒိုင်းဒိုင်းနဲ့ ပစ်လိုက် ခတ်လိုက်ကြတာ"

ကျွန်တော်က ဖြတ်၍ "နို့ - အဖေက မပစ်ကြနဲ့လို့ မပြောဘူးလား"

ကျွန်တော်က အမှတ်မဲ့ မေးလိုက်မိရာ အဖေ့မျက်နှာသည် ရုတ်တရက် စိတ်မချမ်းမသာဖြစ်သွားကာ ...

"အဲဒီခေတ်က လူကြီးစကား နားထောင်တဲ့ခေတ်လား သားရယ်၊ ကိုယ့်အသက်အန္တရာယ် ရန်မရှာအောင်ဘဲ သူတို့အလိုလိုက်၊ သူတို့စိတ်ကြိုက်လိုက်နေရတာ"

ယင်းမှ ကျွန်တော်သတိရ၍ ဖခင်အိုအား ဒီလိုမေးလိုက်မိတာ မှားလေခြင်းဟု ဝမ်းနည်းမိပါတော့သည်။

ဟိုလူ ဒီလူတွေ၊ ဟိုအကြောင်းဒီအကြောင်းဖြင့် သေနတ်ကိုင်လိုက်ကြရတော့ မန်ကျည်းပင်က ငှက်ပစ်တာလောက် အပထားတော့ အိမ်လာပြီး ဓားပြတိုက် ပြန်ပေးဆွဲခြင်းကိုပင် ခံရပေမည်။

ဤအတိုင်းမှန်၏။ ဖဆပလအစိုးရခေတ်ဆိုးကြီးထဲတွင် ကျွန်တော့်အဖေ ဓားပြတိုက်ခံရ၍ မချိမဆံ့ရိုက်နှက်ပြီး ရှိသမျှပစ္စည်း ယူသွားကြသည်။ ယခုထက်တိုင် အဘိုးကြီးမှာ သူတို့ရိုက်နှက်သော ဒဏ်များ ခံနေရသည်။

ယင်းခေတ်သမယတွင် တောရွာများမှာ (မြို့တွေမှာလည်း) ဓားပြတိုက်၊ ပြန်ပေးဆွဲခံရခြင်းတို့မှာ ဘာမျှမဆန်းသောကိစ္စမျိုးလိုဖြစ်နေသည်။

ယခု ဗိုလ်ချုပ်ကြီး အစိုးရလက်ထက်၌ သိသိသာသာကြီး ပပျောက်သွားသည်ကို ဘယ်ပုဂ္ဂိုလ် ဘယ်ပါတီစွဲမှ မငြင်းနိုင်။ အဘယ်ကြောင့်ဟူမူ ဘယ်သူ ဘယ်ဝါဟု မခွဲခြားဘဲ ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် အရေးယူခြင်းနှင့် အရပ်ရပ်ရှိ လက်နက်များကို သိမ်းဆည်းပစ်လိုက်သောကြောင့် ဖြစ်ပေ၏။

ကျွန်တော်တို့သားအဖ စကားပြောနေကြစဉ်ဝယ် ကျွန်တော်၏ညီမငယ်သည် အနားတွင်ရှိနေ၍ လင်းဝက်နှင့် ဗျိုင်းများအကြောင်း ရောက်သည်၌ သူလည်းရေးဖြစ်ဟောင်း အောက်မေ့ကာ ဟိုတုန်းကလို ငါးတွေကောက်၊ ဗျိုင်းမွေးတွေ စုလိုက်ချင်ပါသေးသည်ဟု ဝင်ပြောပါသည်။

ထို့ကြောင့် ကျွန်တော်ပြန်ပြီး နှစ်ပတ်မျှအကြာ၌ အမှတ်တရ စာထဲထည့်ရေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်လည်း ဤစာဖတ်ပြီး အလွန်ဝမ်းသာ မိပါသည်။ ကြည့်စမ်း ရပ်ရွာမှာ သေနတ်တွေမရှိတော့ဘူးဆိုတာ ဒီငှက်တွေ ဘယ်နှယ့်လုပ်သိကြပါလိမ့်။

## ရာသီဥတုလည်းပြ သဘာဝလည်းသိကြ

စင်စစ်တော့ တိုင်းပြည်၏ အခြေအနေကို ရာသီဥတုကလည်းပြသည်။ ကျေးငှက်သတ္တဝါတို့လည်း သူတို့သဘာဝနှင့် သိကြသည်။

အဖေသည် ဒီငှက်များ ပြန်လာကြသည်ကို သူမသေခင် မြင်ချင်ပါသေးသည်ဟု ပြောခဲ့သည်။

ဟော . . . ယခု မြင်ရပါပြီ။

ကျေးရွာတွေသာယာတော့ ငှက်တိရစ္ဆာန်များပါ ငြိမ်းချမ်းစွာ မှီခိုအောင်းရပေမည်။

"သူတို့ ပြန်လာပါစေ ..."

**ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ရည်ရွယ်ရေးသားခဲ့သည့် ဆရာ့စာကို ကျွန်တော်ကြိုက်လွန်း၍ ခဏခဏ ပြန်ဖတ်လေ့ရှိသည်။ လင်းဝက်များ၊ ဗျိုင်းများ ပြန်လာကြသည်ကို ဖတ်ရသောအခါ ကျွန်တော်လည်း ဆရာ့နည်းတူ ဝမ်းသာခြင်း၊ ကြည်နူးခြင်းများ ခံစားရပါသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားခဲ့သောကာလအတွင်း သားကောင်ဖြစ်ခဲ့သည့် ဆရာ့အဖေနှင့် ကျေးလက်နေပြည်သူများအတွက်လည်း စိတ်မကောင်းခြင်းများစွာ ဖြစ်ရပြန်သည်။**

စစ်နှင့် စစ်၏အနိဋ္ဌာရုံများသည် လက်ဖမိုးနှင့် လက်ဖဝါးလို ဒွန်တွဲ ယှဉ်တွဲ၍ နေပေသည်။

ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီး ဂျော့အက်စ် ပက်တန်က -

"စစ်ပွဲဟူသည် သတ်ကြ၊ ဖြတ်ကြရသည့် အလုပ် ဖြစ်သည်။ ရန်သူတို့၏သွေးတွေ မြေသို့ကျအောင် မိမိက လုပ်ရင်လုပ်၊ သို့မဟုတ်ရင် ရန်သူက မိမိရဲ့သွေးတွေ မြေသို့ ကျအောင် လုပ်သွားလိမ့်မည်။ ဒါကြောင့် ရန်သူကို မိမိက လက်ဦးမှုယူပြီး ရင်ပွင့်သွားအောင် ပစ်ထည့်လိုက်။ ဒါမှမဟုတ် ဗိုက်ထဲကအူတွေ၊ အသည်းတွေ ပြုတ်ထွက်ကုန်အောင်ပစ်"

"စစ်ဆိုတာ ရိုးရိုးရှင်းရှင်းလေးပဲ။ သူသေကိုယ်ကြေ အသေချရတဲ့ပွဲပဲ။ ရက်စက်မှ ကြေကွဲဆိုသလို ပြတ်ပြတ်သားသားတိုက်ရတယ်။ စစ်နဲ့အချစ်မှာ မတရားတာ မရှိဘူး။ ဒါကြောင့်လည်း ရိုးရိုးရှင်းရှင်းနဲ့ ရက်ရက်စက်စက် တိုက်ပွဲဝင်တတ်တဲ့လူမျိုးသာ စစ်ပွဲမှာလိုတယ်"

ပက်တန်၏ အဆိုအမိန့်ကား စစ်၏ ရက်စက်ကြမ်းကြုတ်မှုများ၊ ဆိုးရွားကြမ်းတမ်းမှုများကို ဖော်ကျူးပြသနေသည်။ စစ်၏နောက်ဆက်တွဲ

*စာမျက်နှာ ၂၃ သို့*

# ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ပိုမိုစီးဝင်လာစေရေး ဆောင်ရွက်ရန်လို

**တောင်ကြီး ဧပြီ ၁၁**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)ကို ဧပြီ ၈ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းက ရှမ်းပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုစီးဝင် လုပ်ကိုင်လာကြရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်ကော်မတီလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့် မပြီးပြတ်သေးသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း မြန်မြန်ဆန်ဆန် ခွင့်ပြုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ကော်မတီအတွင်းရေးမှူးကလည်း ယခုအစည်းအဝေးမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့် ယခင်ဆောင်ရွက်ပြီးစီးခဲ့မှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန် စီမံထားသည့်ကိစ္စများကို ရှင်းလင်းတင်ပြမည်ဖြစ်သည့်အတွက် ကော်မတီဝင်များက မရှင်းလင်းမှုများ ဖြည့်စွက် ဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း။



ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ကြော်ငြာစာများနှင့် ထုတ်ပြန်ထားသည့် ဦးစားပေးကဏ္ဍပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကိုဗစ်-၁၉ ကာလ ဦးစားပေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းပါ ဦးစားပေးကဏ္ဍများနှင့် ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် ကာလတိုအတွင်း အကျိုးရရှိမည့် Quick win လုပ်ငန်းများကိုလည်း ရှာဖွေဖော်ထုတ်ပြီး မြန်မြန်ဆန်ဆန် ခွင့်ပြုပေးသွားရန် ကော်မတီဝင်များက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း။

ထို့အပြင် After Care Service ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုအလွန် ကွင်းဆင်းဝန်ဆောင်မှုပေးခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ကိုလည်း ပြင်ဆင်ဖွဲ့စည်းပြီး တာဝန်ပေးအပ်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းများကိုလည်း သတ်မှတ်ချိန်အမီပြီးစီးရေး မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်း၊ ပြည်နယ်အတွင်းမှာရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ပိုမိုစီးဝင်လာစေရေးအတွက် မိမိတို့တာဝန်ရှိသည့်အတိုင်း ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လေးလေးနက်နက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးလေးနိုင်က ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ယခင်ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန် စီမံထားသည့်ကိစ္စများကို ရှင်းလင်းတင်ပြခြင်းနှင့် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြကာ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

*စာမျက်နှာ ၂၂ မှ*

အနိဋ္ဌာရုံများကိုမူ အနုမာနနှင့် မှန်းဆသိမြင်နိုင်ပေသည်။ ဝေးဝေးမကြည့်ပါနှင့် မိတ်ဆွေ . . .

မြဝတီမြို့မြောက်ဘက် ၁၀ မိုင်အကွာတွင်ရှိသော သောင်ရင်းမြစ်ကမ်းဘေးက အိုမီဂါ ပုံသဏ္ဌာန်ရှိ ဝါးခသစ်(ခေါ်) ကော့မူးရာစခန်း။ ၁၉၉၄-၉၅ ခုနှစ်တွင် မြန်မာ့တပ်မတော်က စခန်းသိမ်းတိုက်ပွဲကြီးဆင်နွှဲခဲ့ပြီး နောက်ဆက်တွဲ အဖြစ်အပျက်ကို အောက်ပါအတိုင်း ဆဝါး သိမြင်နိုင်သည်။

"၁၉၉၆ ခုနှစ် နှစ်ဆန်းတွင် စစ်ဆင်ရေးအလှည့်ကျ တာဝန်ထမ်းဆောင်ဖို့ ရောက်ရှိလာသော တပ်မမှူး ဗိုလ်မှူးကြီးစိန်ဝင်း ဦးစီးတပ်မ (၁၀၁) ရှေ့တန်းတပ်မဌာနချုပ်ရုံးသို့ ကော့ကရိတ်မြို့နယ် လှိုင်ကွယ်ရွာမှ ယောဂီဝတ်စုံဝတ် အမျိုးသမီးကြီးတစ်ဦး ရောက်လာသည်။ နာမည်ရင်းမှာ ဒေါ်စန်းရင် ဖြစ်သော်လည်း ပုဂ္ဂိုလ်များ ဝင်စီး၍ စီးရင်ဟု ခေါ်ကြသည်။

တပ်မမှူးနှင့် စကားပြောနေစဉ်မှာပင် ဒေါ်စန်းရင်၏ ကိုယ်ခန္ဓာမှာ တုန်တက်လာပြီး ယောကျ်ားကြီးတစ်ဦးကဲ့သို့ လေသံပြောင်းသွားကာ အတားအဆီးမဲ့စကားတွေ ပြောလေတော့သည်။

"ငါက အဖိုးမောင်းတစ်လုံးလို့ ခေါ်တယ်၊ ဒေါနတောင်တစ်ကြောက တောင်စောင့်နတ်ပေါ့ကွာ။ ဟိုး သောင်ရင်းကမ်းနဖူးက ကော့မူးရာဆိုတဲ့ တောအုပ်လေးရှိတယ်မဟုတ်လားကွဲ့-- အဲဒီမှာ ဟိုးအတိတ်က စစ်ပွဲကြီးတွေ အကြီးအကျယ်တိုက်ခဲ့ကြတယ်လေကွာ၊ အဲဒီတိုက်ပွဲတွေမှာ ကရင်စစ်သားတွေရော၊ ဗမာစစ်သားတွေရော မရှုမလှ သေဆုံးခဲ့ကြရတယ်။ အဲဒါတွေ မင်းတို့မေ့နေကြပြီလားဟေ့"

"မမေ့ပါဘူး ခင်ဗျ"

"အဲလေကွာ ... ခုတော့ သူတို့ခမျာ နေစရာမရှိ သွားစရာမရှိ မကျွတ်မလွတ်တဲ့ ဘဝမှာ နာနာဘာဝအဖြစ် ရောက်နေကြရတယ်။ သူတို့အတွက် အလှူဒါနလုပ်ပြီး အမျှပေးရမယ်။ အောင်စေတီတစ်ဆူ တည်ပေးရမယ်ကွဲ့"

တပ်မမှူးက နားထောင်နေရင်း ဟိုးအတိတ်ဆီက အရိပ်တွေ တဖြည်းဖြည်းထင်ဟပ်လာ၍-

"အလှူလုပ်ပေးပါ့မယ်၊ ကျဆုံးသွားခဲ့တဲ့သူတွေအတွက် စေတီလေးတည်ပြီး အလှူလုပ်တာဟာ အင်မတန်ကို ကောင်းပါတယ်"

သို့နှင့် ဘုရားတည်ရန် တပ်မမှူးကြီး၏ တာဝန်ပေးချက်အရ ကိုးတောင်ပြည့်စေတီတစ်ဆူကို တပ်မတော်သားများ၏ လုပ်အားဖြင့် တည်ထားလိုက်ကြလေ၏။

**စုံစုံညီညီ တက်ရောက်**

ဘုရားထီးတော်တင်၊ အနေကဇာတင် အလှူတော်မင်္ဂလာရေစက်ချအခမ်းအနားကို ထီးချုရားဆရာတော်က ကြီးမှူး၍ တပ်မမှူး၊ အရာရှိ၊ စစ်သည်များ စုံစုံညီညီတက်ရောက်ခဲ့သလို ကော့ကရိတ်မြို့မှ ဆိုင်းဝိုင်းငှားရမ်း၍ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူလူထုကိုလည်း ဖိတ်ကြားခဲ့၏။

အလှူတော်ရေစက်မချခင် အရီး ဒေါ်စန်းရင်က ကန်တော့ပွဲမှတင်ထားသော ရေမန်းခွက်ကို ယူ၍ အလှူဒါနများကို သာခုခေါ်ရန် ဖိတ်ခေါ်ရင်း ရေမန်းခွက်မှ ရေစင်များကို အရပ်ရှစ်မျက်နှာရှိ ဒေသခံတရားနာပရိသတ်အနှံ့အပြားသို့ ပက်ဖျန်းပေးလိုက်ရာ လူပုံအလယ်တွင် မထင်မှတ်သော ဖြစ်ရပ်ကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။

"ဟေး . . . ထိခေါင် ထိခေါင် ထိခေါင်လားဟေ့"

"ဘာမထီ အာဇာနည် တပ်မတော်ချီလာပြီ"

"ဘယ်ညာ ဘယ်ညာ ဘယ်ညာ"

"အဖိုးမောင်တစ်လုံးရေ - ကျွန်တော်တို့ဘဝကို ဒီလိုပဲ ပစ်ထားတော့မှာလား . . . အီးဟီးဟီး"

လေးငါးဆယ်ခန့်ရှိသော လူထုပရိသတ်အတွင်းမှ မကျွတ်မလွတ်နိုင်သေးသော ပရလောကသားများက ဝင်ပူးပြီး စိတ်စွဲရာတွေကို သီဆိုအော်ဟစ်ကခုန်မြူးထူးနေကြသောမြင်ကွင်းက ငိုရမလို ရယ်ရမလို ပြောမယုံကြုံဖူးမှပင် နားလည်နိုင်ပေလိမ့်မည်။

ထီးချုရားဆရာတော်ကြီးက သံဝေဂယူဖွယ်မြင်ကွင်းကိုကြည့်ရင်း -

"ကဲ ကဲ . . . အားလုံးပဲ တရားနာဖို့ စုံကြပြီဆိုရင် ဒီနေ့ ဒီရက်ပြုလုပ်တဲ့ ကော့မူးရာ စခန်းပေါ်က ကိုးတောင်ပြည့်စေတီလေးကို ဟိုးအတိတ်ကာလများစွာက ဤနေရာ ဤဒေသမှာ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရတဲ့ မြန်မာ့တပ်မတော်သားတွေ၊ ကရင်တိုင်းရင်းသားတွေ ကျွတ်ပါစေ၊ လွတ်ပါစေဆိုတဲ့ သဘောနဲ့ အကျွတ်အလွတ်အောင်စေတီလို့ သမုတ်လိုက်တယ်။ ဒီနေ့ ဒီအချိန်ကစပြီး ဒီနေရာဟာ အတိတ်ကာလ နှစ်များစွာက စစ်ပွဲတွေကို အဆုံးသတ်စေခဲ့တဲ့ အောင်မြေဖြစ်လို့ ဒီနေ့ ဒီရက် ဒီအချိန်ကစပြီး အရာရာအောင်မြင်ပြီလို့ သဘောထားလိုက်ကြတော့၊ ကဲ ရေစက်ချမယ်။ အားလုံးလိုက်ဆိုကြ"

"အားလုံးကြားကြားသမျှ အမျှ - အမျှ- အမျှ ယူတော်မူကြပါကုန်လော့ "

"သာခု - သာခု - သာခု"

**ငြိမ်းချမ်းရေး အသီးအပွင့်ခံစား**

ဝါးခသစ်(ခေါ်) ကော့မူးရာစခန်းဆီက နောက်ဆက်တွဲ စစ်အနိဋ္ဌာရုံတို့သည် ဤသို့လျှင် ဝမ်းနည်းကြေကွဲဖွယ်ကောင်းလေစွ။ သို့ရာတွင် ထို့နောက်ပိုင်း ကရင်ပြည်နယ်တစ်ဝန်းလုံးရှိ ဒေသခံပြည်သူများသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ခူးဆွတ်ခံစားနိုင်ခဲ့၍ နှစ်ပေါင်းများစွာ အေးချမ်းသာယာစွာ နေထိုင်ခွင့်ရလာခဲ့ကြသည်။ ငြိမ်းချမ်းတော့ ရပ်ရွာများ သာယာဝပြောလာသည်။ ကရင်ပြည်နယ်၏ သဘာဝအလှသည် ပို၍ ဝီပြင်၊ ပို၍ လှပလာသည်။

**ပစ္စုပ္ပန်ကာလတွင်မူ ဘေးပယောဂများကို နားယောင်နေကြသူအချို့သည် သာစွဌာနေ ဖွဲ့ကပင်မြေကို နောက်ထပ်တစ်ဖန် စစ်တလင်းမြေဖြစ်အောင် ပြန်လည်အသက်သွင်းလိုကြသည်။ တိုက်ကွက်အချို့ကို တစ်ကျော့ပြန်ဖန်တီးလာခဲ့ကြပြန်ပါသည်။ ရက်စက်ကြမ်းကြုတ်သော စစ်ပွဲနှင့်အတူ တစ်ပါတည်းကပ်လျက် လိုက်ပါလာသော စစ်၏အနိဋ္ဌာရုံ မြင်ကွင်းအချို့ကိုလည်း မြင်တွေ့လာရပြန်သည်။**

ထို့အတူ လက်ရှိမြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ မကျေနပ်သူ နိုင်ငံရေးသမားအချို့နှင့် ဝန်းရံထောက်ခံသူအချို့သည် နုနယ်ပျိုမျစ်သော လူငယ်ထုကို သားသမီးချင်းကိုယ်ချင်းမစာ ဆိုရှယ်မီဒီယာလူမှုကွန်ရက်ထက်မှ မြှောက်ပင့်သွေးထိုး လှုံ့ဆော်လျက်ရှိနေကြပြန်သည်။ ဘာတဲ့ -

"တော်လှန်ရေးဆိုတာ မှည့်တဲ့အချိန်မှ ပြုတ်ကျလာမည့် ပန်းသီးတစ်ခု မဟုတ်ပါ။ သင်ကိုယ်တိုင် ပြိုလဲပြုတ်ကျအောင် လုပ်ယူရမှာ...။"

"ကျွန်တော်ကတော့ အသေခံမယ့်အစား အနားရှိတဲ့ ရရာလက်နက်နဲ့ ပြန်ချမှာပဲ" ဟူသည့် တစ်ခေတ်တစ်ခါက နာမည်ကျော် ပြောက်ကျား တော်လှန်ရေးသမားကြီး ချီဂွေဗာရာ၏ တော်လှန်ရေးဒဿနများကို ရေးသားဖော်ပြကာ ရိုးသားဖြူစင်သောလူငယ်များကို တော်လှန်ရေး၊ တော်လှန်ရေးဟုဆိုကာ အသိမဲ့လမ်းကြောင်းပေါ်သို့ တွန်းပို့နေကြဆဲပါတကား။ ။

- ❑ **"တော်လှန်ရေးဆိုတာ မှည့်တဲ့အချိန်မှ ပြုတ်ကျလာမည့် ပန်းသီးတစ်ခု မဟုတ်ပါ။ သင်ကိုယ်တိုင် ပြိုလဲပြုတ်ကျအောင် လုပ်ယူရမှာ...။"**
- ❑ **"ကျွန်တော်ကတော့ အသေခံမယ့်အစား အနားရှိတဲ့ ရရာလက်နက်နဲ့ ပြန်ချမှာပဲ" ဟူသည့် တစ်ခေတ်တစ်ခါက နာမည်ကျော် ပြောက်ကျား တော်လှန်ရေးသမားကြီး ချီဂွေဗာရာ၏ တော်လှန်ရေးဒဿနများကို ရေးသားဖော်ပြကာ ရိုးသားဖြူစင်သောလူငယ်များကို တော်လှန်ရေး၊ တော်လှန်ရေးဟုဆိုကာ အသိမဲ့လမ်းကြောင်းပေါ်သို့ တွန်းပို့နေကြဆဲပါတကား**

ကိုးကား။ ။ မြန်မာပြည်သားကိုကို၏ ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက် အပိုင်း(၃) သောင်ရင်းကမ်းနဖူးက ကော့မူးရာ

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မကွေးတိုင်းဒေသကြီးရှိ လမ်း / တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုစစ်ဆေး



**နေပြည်တော် မေ ၁၁**
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်- တောင်ညို - ချောင်းနက်- တောင်တွင်းကြီးလမ်းအပိုင်းကို လမ်းချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန ဥတ္တရခရိုင်မှ မိုင်တိုင် အမှတ်(၄၁/၀)နှင့် (၄၄/၂)အကြားတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်- တောင်ညို-ချောင်းနက် - တောင်တွင်းကြီးလမ်းသည် ရိုးမဖြတ်ကျော် လမ်း (၇)လမ်းတွင် အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် လမ်းချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ ကွန်ကရစ်ခင်းရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် လမ်းပခုံးကိုပါ တစ်ပါတည်းဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် Guard Rail များကိုလည်း လိုအပ်သည့်နေရာတွင် တပ်ဆင်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

### အချိန်တိုအတွင်း သွားလာနိုင်မည်

နေပြည်တော်- တောင်ညို -ချောင်းနက် - တောင်တွင်းကြီးလမ်း နေပြည်တော်ကောင်စီ နယ်မြေအပိုင်းကို လမ်းဦးစီးဌာန (နေပြည်တော်) မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး လမ်းအရှည် ၃၂ မိုင်၊ ၂ ဖာလုံရှိကာ လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် မိုင် ၃၀၊ ၂ ဖာလုံ ပြီးစီးမည်ဖြစ်သည် ။ ယခင်က နေပြည်တော်မှ မကွေးတိုင်း နယ်စပ်အထိ တစ်နာရီခွဲအချိန်ကြာ မောင်းနှင်ခဲ့ရပြီး ယခုအခါ မိနစ် ၅၀ ဖြင့်သာ ခရီးသွားပြည်သူများ အချိန်တိုအတွင်း သွားလာနိုင်မည် ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်- အောင်လံ- တောင်တွင်းကြီး လမ်းပေါ်တွင် တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ တံတားအထူးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော အရှည် ပေ ၁၈၀ နှစ်လမ်းသွား ပရပ်ကျယ်ချောင်းတံတားသစ် တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး အဖွဲ့ (၃)မှ အရှည် ပေ ၃၀၀ နှစ်လမ်းသွား ကြေးနီချောင်းတံတားသစ် တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မင်းဦးနှင့် တာဝန်ရှိသူများသည် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်နေသော ဧရာဝတီတံတား (သရက် - အောင်လံ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးအောင်က တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာရေးနှစ်အလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အထူးအလေးထားဆောင်ရွက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ ဘိုးပိုင်များတူးရာတွင် ယခင်တံတား တည်ဆောက်ရေးလုပ်ငန်းများ၏ အတွေ့အကြုံကိုရယူပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တွင်အသုံးပြုသည့် စက်/ယာဉ်/ယန္တရား များကို သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုမရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း တံတားကြီးကို အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးနိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် အောင်လံဘက်ခြမ်း တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ရေလယ်ကျွန်းပေါ်သို့သွားရောက်၍ ရေလယ်တိုင်အမှတ် (RP6 – RP7– RP8– RP9– RP10– RP11) တိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရေလယ်တိုင်အမှတ်(RP–8)တွင် Pile Cap သံဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ သရက်ဘက် ကမ်းတွင် ရေကြောင်းသွားသင်္ဘောများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဧရာဝတီတံတား(သရက်–အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင်တည်ရှိပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်မြို့တို့ကို ဆက်သွယ်တည်ဆောက်ထားကာ စုစုပေါင်း တံတားအရှည် ၂၂၇၂ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် ၁ မီတာစီ ပါရှိပြီး တံတားအောက် ရေလမ်းကင်းလွတ် အကျယ် မီတာ ၁၃၀၊ အမြင့် ၁၆ မီတာရှိကာ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတားအမျိုးအစားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ AASHTO HS 25 Loading ဖြစ်သည်။

### လွယ်ကူလျင်မြန်စွာ သွားလာနိုင်

ယခုတည်ဆောက်နေသည့် ဧရာဝတီတံတား (အောင်လံ–သရက်) တည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ သရက်မြို့နှင့် ဧရာဝတီမြစ်အရှေ့ဘက်ရှိ အောင်လံမြို့တို့မှ ဒေသခံပြည်သူများ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သလို နောင်တစ်ချိန်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ သရက်၊ အောင်လံ၊ နေပြည်တော်ကိုဖြတ်ပြီး အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်နိုင်သော စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ အရေးပါသော တံတားတစ်စင်းအဖြစ် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် အစားထိုးရွေးချယ်နိုင်ရေး ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန်(၂၆–၂–၂၀၂၂) ရက်နေ့ နိုင်ငံပိုင် သတင်းစာများတွင် ဖိတ်ခေါ်ထားရှိပြီး အဆိုပြုလွှာများကို (၂၇–၃–၂၀၂၂) ရက်နေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီ ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၂၃)ဦး ရှိခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပါ အဆိုပြုလွှာပေးပို့လာသူ (၂၃) ဦး၏ အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေ ၁၀ နှင့်အညီ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပြုလာသည့် ကိုယ်စားလှယ်လောင်းများအနက် အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်စုံပြီး သက်ဆိုင်ရာ နယ်ပယ် အသီးသီးတွင် သတ်မှတ်အချိုးအစားနှင့် ကိုက်ညီသူ အောက်ဖော်ပြပါ (၁၁) ဦးကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် မလိုအပ်သဖြင့် သတင်းမီဒီယာကောင်စီဝင်များအဖြစ် အဖွဲ့မှ ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ပါသည်–

(က) **သတင်းစာဆရာများ**
- (၁) ဦးတင်မောင်ဦး
- (၂) ဦးဌေးအောင်

(ခ) **ကဗျာဆရာ**
- (၁) ဒေါက်တာအေးမင်း

(ဂ) **ထုတ်ဝေသူများ**
- (၁) ဦးမောင်မောင်မြင့်အေး
- (၂) ဦးသက်နိုင်ဦး

(ဃ) **စာရေးဆရာများ**
- (၁) ဒေါ်မြင့်မြင့်သိန်း
- (၂) ဦးနေထွန်းဝင်း

(င) **သတင်းအေဂျင်စီများ**
- (၁) ဦးအောင်ပြည့်စုံ
- (၂) ဒေါ်ချိုအိဇင်(ခ)နွေဦးလင်း
- (၃) ဦးတင်မောင်ထွေး

(စ) **မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း**
- (၁) ဦးရဲနိုင်စိုး

၃။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့အနေဖြင့် အောက်ဖော်ပြပါကျန်ရှိသည့် သတင်းမီဒီယာသမားတစ်ဦးချင်း ကိုယ်စားလှယ်လောင်း (၆) ဦး နှင့်ပတ်သက်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်ပြီး (၃) ဦး ရွေးချယ်ရန် အဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်–
- (က) ဦးသက်ခိုင်
- (ခ) ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး)
- (ဂ) ဒေါ်နှင်းအေးခိုင်
- (ဃ) ဦးစိုးမင်း
- (င) ဦးနေလင်း(မောင်ချိုဝေ)
- (စ) ဦးတင်အေး(လပြည့်ဝန်းအောင်ကျော်)။

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဆိုပြုလွှာ ပေးပို့လာသူများအနက် သတ်မှတ်ထားသည့် အချက်အလက်အထောက်အထားပြည့်စုံမှုမရှိခြင်း၊ သတင်းမီဒီယာနည်းဥပဒေများပါ သတ်မှတ်နယ်ပယ်နှင့် ကိုက်ညီမှုမရှိခြင်း စသည့်စိစစ်တွေ့ရှိမှုများကြောင့် အဖွဲ့၏သဘောတူဆုံးဖြတ်မှုဖြင့် (၆) ဦးအား ပယ်ခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က) နှင့် (ခ) အရ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်–
- (က) နေ့ရက် – ၃၀–၄–၂၀၂၂(သောကြာနေ့)
- (ခ) နေရာ – အမှတ်(၅၀)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုပ်ရှင်အနုပညာရပ်ဝန်း (Film Development Centre–FDC)၊ ဗဟန်းမြို့နယ်။
- (ဂ) အချိန် – နံနက် (၁၀:၀၀) နာရီ။


**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့်အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Chuu Sitt Han https://www.facebook.com/payitmalaychuusit | ချူးစစ်ဟန်  | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Shwe Pon https://www.facebook.com/shwe.pon | ဒေါက်တာ ရွှေပုံ  | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Kaung Myat Thu https://www.facebook.com/kkg.kmt | ကောင်းမြတ်သူ  | ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Moe Zaw Aung https://www.facebook.com/100011456630387 | မိုးဇော်အောင်  | မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Kyaw Naing Oo (Rahta) https://www.facebook.com/rahta.rain | ကျော်နိုင်ဦး  | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Nay Ko https://www.facebook.com/100016860002065 | နေကိုအောင်  | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Bran Sai (Bransai) https://www.facebook.com/lynnthant.aungmyin | ဘရန်စိုင်း  | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Aaron Kyaw Kyaw https://www.facebook.com/aaronkyawkyaw | အောင်ကျော်ကျော်  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Nway Oo Naing https://www.facebook.com/maungmaung.naing.965 | မောင်မောင်နိုင်  | ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Oakar Chan Nyein(ကိုး) https://www.facebook.com/oakar.c.nyein | ဥက္ကာချမ်းငြိမ်း  | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၁ | Nang Ei Ei San https://www.facebook.com/profile.php?id=100009260890387 | နန်းအိအိစံ  | သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Ko Tin Myint Zaw https://www.facebook.com/kotin.myintzaw.9 | တင်မြင့်ဇော်  | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Aung Kyaw Thu https://www.facebook.com/akthutyt | အောင်ကျော်သူ  | သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Tin Htun Aung https://www.facebook.com/tinhtunaung.tinhtunaung.3 | တင်ထွန်းအောင်  | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Sai Thawzinoo https://www.facebook.com/sai.thawzinoo | ဒေါက်တာ စိုင်းသော်ဇင်ဦး  | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | DrAye Aye Thant https://www.facebook.com/draye.ayethant | အေးအေးသန့်  | ဂန့်ဂေါမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Lom Maung https://www.facebook.com/100025817313905 | လွန်းမောင်  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Mar Lar https://www.facebook.com/100024423886672 | ခင်လေး  | ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Thein Myint (အိမ်မြဲမြဲ အကျိုးဆောင်) https://www.facebook.com/thein.myint.5851 | သိန်းမြင့်  | လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Ma Moe Moe Win https://www.facebook.com/100016602062795 | မိုးမိုးဝင်း  | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါ ပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

## ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်သူများအား ဖမ်းဆီးရမိ



**နေပြည်တော် မေ ၁၁**

ဆူပူအကြမ်းဖက်သူများအသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီး ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် သန်လျင်မြို့နယ် ဘုရားကုန်း ကျေးရွာအုပ်စု လက်ယက်စမ်း ကျေးရွာရှိ ဝေအောင်ချမ်းမျိုး (ခ) ဝေယံ၏နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းအားတွေ့ရှိခြင်းမရှိဘဲ ဖခင်ဖြစ်သူ ဦးတင်မောင်ဝင်း(ဘ)ဦးစံခိုင်နှင့် မနန္ဒာလင်း (ဘ) ဦးကျော်နိုင်ဝင်း (အိမ်အကူ)တို့နှစ်ဦးအား လက်လုပ်ဗုံးမျိုးစုံ ၂၅၉ လုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ငူမြို့ အင်ဒိုင်းကျေးရွာ အုပ်စု ရပ်ကွက်(၄) ဖလန်ကုန်း ကျေးရွာနေ မင်းကို(ခ)မင်းကိုကိုအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် မြောင်းမြမြို့နယ် မြရတနာ ရပ်ကွက် ဘီ(၇)လမ်းရှိ ဦးခင်မောင်သန်း(ဘ)ဦးမောင်ထွန်းအား ၎င်း၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း၊ မြစ်သားမြို့နယ် ဘူတာရပ် အောင်ဇေယျလမ်း၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များအတိုင်း လုပ်ဆောင်

**နေပြည်တော် မေ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက် ငါးကန်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ယနေ့နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အထက်ပါ မီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ရုံးအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။




ထို့ပြင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၁ လမ်း ၂၆ လမ်းနှင့် ၂၇ လမ်းရှိ မြဝတီဘဏ်(ဈေးချို)ကို ဆူပူအကြမ်းဖက်သူ နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး အချင်း တစ်လက်မခွဲ၊ အရှည် ခြောက်လက်မ သံပိုက်အထုပ်ဖြင့်ပြုလုပ်ထားပြီး သံတိုသံစများထည့်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဘဏ်တွင် လုံခြုံရေး တာဝန် ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်တစ်ဦးတွင် ဝဲဘက်၊ ယာဘက်ခြေသလုံး ပွင့်ထွက်ကျိုးဒဏ်ရာရရှိခဲ့သဖြင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

အလားတူ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် တွဲလျက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၁) ရပ်ကွက် အနော်ရထာလမ်းနှင့် လှော်ကားလမ်းထောင့်၌ ရပ်နားထားသော YBS ယာဉ်များအကြား ယနေ့ ညနေ ၃ နာရီ ၅ မိနစ်ခန့်တွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။(ဓါတ်ပုံ) အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှာဖွေရာ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး ထပ်မံတွေ့ရှိရသဖြင့် အများပြည်သူ အန္တရာယ်မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းနိုင်ခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် အမှတ်(၁၁)လမ်းရှိ ခရိုင်ရဲတပ်ဖွဲ့မှူးနေအိမ်ရှေ့ လူသွားလမ်းဘေး၌ ဆူပူအကြမ်းဖက်သူလူတစ်စုက ဒေသန္တရလက်လုပ်မိုင်းတစ်လုံး လာရောက်ချထားခဲ့သဖြင့် အများပြည်သူ အန္တရာယ်မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းနိုင်ခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တူမီးသေနတ်၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ ဖျာပုံမြို့နှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်များ အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၁၀ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက် ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

**လာရောက်အပ်နှံ**

ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည် သဘောပေါက်ကာ ပိုင့်-၂၂ သေနတ်တစ်လက်၊ တူမီးသေနတ် ၅၈ လက်၊ လေသေနတ် နှစ်လက်၊ လက်လုပ်သေနတ် ၁၇ လက်နှင့် ဒူးလေး တစ်လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက် အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ ခေတ်သစ်နယ်ခဲ့ အလိုကျ ရှုးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။

မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# အန္တရာယ်ကြီးတဲ့ စိတ်ကူးယဉ်အိပ်မက်ကို မဖော်ဆောင်ပါနဲ့

ကိုရင်မောင်

ဖေဖော်ဝါရီလ ဒုတိယပတ်ကစလို့ စတင်လှုပ်ရှားလာကြတဲ့သပိတ်တွေဟာ မရေမတွက်နိုင်လောက်အောင် များခဲ့ပါတယ်။ “ရုံးမတက်နဲ့ ရုန်းထွက်” ဆိုတဲ့ CDM သပိတ်က စလိုက်တာ သပိတ်ပေါင်းစုံကို တွေ့ခဲ့ရပါတယ်။ ဟိုကတစ်မျိုး၊ ဒီကတစ်မျိုး၊ ဟိုကတစ်ဖွဲ့၊ ဒီကတစ်ဖွဲ့နဲ့ လူမှုကွန်ရက်တွေပေါ်မှာ လူအမျိုးမျိုးရဲ့ အခါပေးလမ်းညွှန်တဲ့အတိုင်း တစ်နေ့တစ်မျိုး မရိုးနိုင်အောင် သပိတ်အမျိုးမျိုးဆင်နွှဲနေကြတာ။

အဲဒီလို သပိတ်အမျိုးမျိုးတွေ ပေါ်ထွက်လာရာကနေ နောက်ဆုံးမှာ သပိတ်စုံ။ သပိတ်စုံတော့ သူပုန်ထတဲ့အဖြစ်ကို ရောက်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ဒုတိယပတ်ကစလို့ ယနေ့အထိ မှောက်ခဲ့တဲ့ သပိတ်တွေကို ပြန်ကြည့်ရင် ရယ်စရာလည်း ကောင်း၊ စိတ်ပျက်စရာလည်း ကောင်းလှပါတယ်။ ထိုင်သပိတ်၊ ထသပိတ်၊ ဆန်စေ့ပဲစေ့အာလူးကြက်သွန်ကောက်တဲ့သပိတ်၊ ထမင်းချက်သပိတ်၊ သံပုံးတီးသပိတ်၊ လက်ခုပ်တီးသပိတ်၊ အသံတိတ်သပိတ်၊ ရေငုပ်သပိတ်၊ ရေပေါ်သပိတ်၊ ငြိမ်းချမ်းရေးသပိတ်၊ ဆူပူရေးသပိတ်၊ ညသပိတ်၊ နေ့သပိတ်၊ ကားပျက်သပိတ်၊ ကားဟွန်းတီးသပိတ်၊ ဆိုင်ကယ်သပိတ်၊ ပန်းသပိတ်၊ ပိတောက်သပိတ်၊ နှင်းဆီသပိတ်၊ ထီးသပိတ်၊ ယောဂီသပိတ်၊ အမှိုက်သပိတ်၊ စက္ကူသပိတ်၊ သွေးမတိတ်တဲ့ ဆေးသပိတ်ဆိုပြီး အမျိုးမျိုးအဖုံဖုံ ပြုလုပ်ခဲ့ကြပါတယ်။

**၈၈ က ကြွေးကြော်သံ**

ဆန္ဒပြသပိတ်မှောက်တဲ့သူတွေဟာ “၈၈ တုန်းက အချိုးတွေ ၂၁ မှာ လာမချိုးနဲ့”လို့ အော်ဟစ်ကြတာကိုတွေ့တော့ ယခုသပိတ်တွေဟာ ၈၈ တုန်းကသပိတ်ထက် သာတာကိုတော့ ဝန်ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် သပိတ်မှောက်လူငယ်တွေဟာ ၈၈ တုန်းက အချိုးတွေချိုးနေတာကိုတော့ သိရှာပုံမရပါဘူး။ ယနေ့ ဆူပူဆန္ဒပြခဲ့ကြတဲ့ လူငယ်အများစုဟာ အသက် ၂၀ ဝန်းကျင်မှ အသက် ၃၀ ဝန်းကျင် လူငယ်တွေဖြစ်နေကြလို့ ၈၈ အရေးအခင်းကို မမီလိုက်ကြပေမယ့် သပိတ်စုံ ဆူပူဆန္ဒပြကြတာတွေ ပြိုကွဲထွက်လာပြီးတဲ့ နောက် ၈၈ အရေးအခင်းကာလတုန်းက ကြွေးကြော်ခဲ့ကြသလို “ရရင်ရ . . မရရင်ချ” လို့ အော်ဟစ်ခဲ့ကြတာဟာ ၈၈ က ကြွေးကြော်သံကြီး ဖြစ်နေတာကို သတိမပြုမိကြဘူးလို့ ပြောရမှာ ဖြစ်ပါတယ်။

ယနေ့ဆူပူဆန္ဒပြသူအများစုဟာ လူငယ်အများစုဖြစ်ကြလို့ ၈၈ ကို မမီခဲ့ကြပါဘူး။ အတွေ့အကြုံမရှိကြလို့ လုပ်ရဲကိုင်ရဲ ဖြစ်နေကြသလို နောက်ကွယ်က သွေးထိုးပေးတာတွေ၊ တွန်းအားအမျိုးမျိုးတွေ ရှိနေတာကြောင့်လည်း ရှေ့ဆက်တိုးနေကြတာ ဖြစ်ပါတယ်။ စိုးရိမ်ပူပန်တတ်သူတွေနဲ့ အတွေ့အကြုံရှိသူတွေက ရှေ့ဆက်မတိုးကြတော့ပါဘူး။ ဆူပူဆန္ဒပြကြတဲ့သူတွေကို သွေးထိုးလှုံ့ဆော်ပေးကြတဲ့ အရာအမျိုးမျိုးမှာ လူငယ်တွေအတွက် ဖန်တီးပေးထားတဲ့ အွန်လိုင်းပေါ်က (game) ဂိမ်းတွေ၊ (star war) ဇာတ်လမ်းဇာတ်ကွက်တွေဟာ အတုယူစရာတွေ ဖြစ်ခဲ့ပါတယ်။ ဆူပူဆန္ဒပြမှုတွေ ပြိုကွဲသွားတဲ့အခါမှာ မြို့တွင်းစစ်ဆင်ရေး၊ ရွာတွင်းစစ်ဆင်ရေးတွေ ပုံဖော်ဖို့ စိတ်ကူးယဉ်လာခဲ့ကြတာကို တွေ့ရပါတယ်။ အဲဒါတွေကတော့ ၈၈ ကနဲ့ မတူတဲ့ ၂၁ ရာစု ခေတ်လွန်နည်းပညာအချိုးတွေဖြစ်ပါတယ်။

**ဒီမတိုင်မီကတည်းက အွန်လိုင်းပေါ်ကနေ တစ်ဆင့် စစ်ပွဲဇာတ်လမ်းတွေ၊ စစ်ဆင်ရေးဇာတ်လမ်းတွေ၊ လက်နက်တပ်ဆင်နည်း၊ ပစ်ခတ်နည်း၊ လက်လုပ်သေနတ် ပြုလုပ်နည်း၊ အသုံးပြုနည်း၊ ပစ်ခတ်နည်းတွေကို မရိုးနိုင်အောင် မျှဝေပေးကြတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ဆူပူဆန္ဒပြမှုတွေ ဖြစ်ပေါ်နေစဉ်မှာ မီးပုလင်း၊ လက်လုပ်ဗုံးလုပ်နည်း၊ ပစ်နည်းတွေကို ပြည်ပကတစ်ဆင့် လူမှုကွန်ရက်တွေမှာ မျှဝေပြီးတဲ့အခါမှာ နောက်တစ်နေ့ ဆူပူ ဆန္ဒပြဖြစ်စဉ်တွေမှာ မီးပုလင်းတွေ၊ လက်လုပ် သေနတ်တွေ အသုံးပြုလာကြတာကိုတွေ့ရပါတယ်။ လောက်လွှဲတွေသုံးတာ၊ ဒိုင်းတွေ၊ ကျည်ကာတွေသုံးတာ၊ အနက်ရောင်ဝတ်စုံတွေ ဝတ်တာတွေဟာ အွန်လိုင်းပေါ်က ဂိမ်းတွေ၊ ဇာတ်လမ်းတွေအတိုင်း သရုပ်ဖော်နေကြတာ ဖြစ်ပါတယ်။**

**ဂိမ်းတွေသရုပ်ဖော်**

ဒီမတိုင်မီကတည်းက အွန်လိုင်းပေါ်ကနေ တစ်ဆင့် စစ်ပွဲဇာတ်လမ်းတွေ၊ စစ်ဆင်ရေးဇာတ်လမ်းတွေ၊ လက်နက်တပ်ဆင်နည်း၊ ပစ်ခတ်နည်း၊ လက်လုပ်သေနတ် ပြုလုပ်နည်း၊ အသုံးပြုနည်း၊ ပစ်ခတ်နည်းတွေကို မရိုးနိုင်အောင် မျှဝေပေးကြတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ဆူပူဆန္ဒပြမှုတွေ ဖြစ်ပေါ်နေစဉ်မှာ မီးပုလင်း၊ လက်လုပ်ဗုံးလုပ်နည်း၊ ပစ်နည်းတွေကို ပြည်ပကတစ်ဆင့် လူမှုကွန်ရက်တွေမှာ မျှဝေပြီးတဲ့အခါမှာ နောက်တစ်နေ့ ဆူပူဆန္ဒပြဖြစ်စဉ်တွေမှာ မီးပုလင်းတွေ၊ လက်လုပ်သေနတ်တွေ အသုံးပြုလာကြတာကိုတွေ့ရပါတယ်။ လောက်လွှဲတွေသုံးတာ၊ ဒိုင်းတွေ၊ ကျည်ကာတွေသုံးတာ၊ အနက်ရောင်ဝတ်စုံတွေ ဝတ်တာတွေဟာ အွန်လိုင်းပေါ်က ဂိမ်းတွေ၊ ဇာတ်လမ်းတွေအတိုင်း သရုပ်ဖော်နေကြတာ ဖြစ်ပါတယ်။

ဆူပူဆန္ဒပြတဲ့ သပိတ်စုံတွေ ပြိုကွဲသွားပြီးတဲ့အခါမှာ သူပုန်ထတဲ့အလုပ်တွေကို လုပ်လာကြပါတယ်။ ဒီနေရာမှာ သူပုန်သုံးလိုက်တာဟာ ကိုယ့်နိုင်ငံသားအချင်းချင်းတွေဖြစ်နေလို့ ယဉ်ယဉ်ကျေးကျေး တမင်တကာ ပြောလိုက်တာက တစ်ကြောင်း။ ဟိုတစ်ကွက် ဒီတစ်ကွက်၊ ဟိုတစ်စု ဒီတစ်စု၊ ဟိုနားက ပေါ်လိုက် ဒီနားက ပေါ်လိုက်နဲ့ လူတစ်စုလူတစ်ဖွဲ့ တိုက်ခိုက်ကြလို့ သူပုန်လို့ ပြောရတာဖြစ်ပါတယ်။ တကယ်တော့ ဒီလုပ်ရပ်တွေဟာ ပြည်ပက ဖန်တီးပေးထားတဲ့အတိုင်း လိုက်ကနေကြတဲ့ ပြည်တွင်းက အကြမ်းဖက်သမားတွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ဆူပူဆန္ဒပြတာတွေ ပြိုပျက်သွားပြီးတဲ့အခါ အကြမ်းဖက်တဲ့ နောက်တစ်နည်း လုပ်လာတာဖြစ်ပါတယ်။ အတုမယူသင့်တဲ့ နည်းလမ်းဖြစ်တာကို သတိမပြုကြတာ ဖြစ်ပါတယ်။

**အန္တရာယ်များလွန်း**

မြို့တွင်းစစ်ဆင်ရေးတွေ၊ ပြောက်ကျားစစ်ဆင်ရေးတွေ၊ ပြည်သူ့စစ်ဆင်ရေးတွေ၊ တောတွင်းက ဖက်ဒရယ်တပ်မတော် ဖော်ဆောင်ရေးတွေဆိုတဲ့ အန္တရာယ်ကြီးတဲ့ ဇာတ်လမ်းတွေ စိတ်ကူးယဉ်နေကြတာတွေကို မည်သူမျှ တားမြစ်သတိပေးကြတာ မရှိကြပါဘူး။ ဇာတ်လမ်းဖော်နေကြတာဟာ လူငယ်တွေနဲ့ မသိနားမလည်တဲ့ လူတွေ၊ ဝေးလံတဲ့နေရာတွေကလူတွေ ဖြစ်နေတာကို သတိပြုမိရင် သိနိုင်ပါတယ်။ တက်ကြွလူငယ်တချို့ဟာ အွန်လိုင်းပေါ်ကနေ ပြည်သူ့စစ်ဖွဲ့ဖို့ လမ်းကြောင်းပေးနေတာကို တွေ့ရပါတယ်။ ရရာလက်နက်နဲ့ တက်ကြွလူငယ် ငါးယောက်မှ ၁၀ ယောက် တပ်စိတ်စုဖွဲ့ဖို့၊ ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေ၊ ဂိမ်းတွေမှာ တိုက်ပွဲဝင်သလို စစ်ဆင်ရေးလုပ်ဖို့ ချပြနေတာတွေဟာ အန္တရာယ်များလွန်းပါတယ်။ စိတ်ကူးယဉ်ဗျူဟာတွေကို ချပြနေတာဟာ ကိုယ့်သေတွင်း ကိုယ်တူးနေသလိုပါပဲ။

ဒီလုပ်ရပ်တွေကို တားမြစ်သတိပေးခြင်းမရှိဘဲ အားရကျေနပ်နေသူတွေက တရားမဝင်ဖွဲ့စည်းထားသော CRPH နဲ့ ပြည်တွင်း၊ ပြည်ပက ပုဆိန်ရိုးတွေပဲ ဖြစ်ပါတယ်။ ပြည်သူတွေကို အန္တရာယ်တွင်းထဲကို တွန်းပို့ပြီး ပြိုလဲတော့မှ လက်နက်အားကိုးနဲ့ အနိုင်ကျင့်နေပါတယ်လို့ နိုင်ငံတကာစင်မြင့်ကို ရောက်အောင် စောင့်နေကြတဲ့သူတွေ ဖြစ်ပါတယ်။ တကယ်တော့ ဒီလိုအန္တရာယ်များတဲ့ အလုပ်တွေကို တော်ရုံတန်ရုံလူငယ်တွေ၊ ပုံမှန်အသိ ခံယူချက်နဲ့ ပါဝင်ခဲ့ကြတဲ့လူငယ်တွေ မလုပ်ကြပါဘူး။ မရေရာမသေချာတဲ့ ရှေ့တန်းမှာ သေမထူး နေမထူး ဇာတ်လမ်းခင်းရဲတဲ့သူတွေဟာ သေမထူး နေမထူး လုပ်ရဲတဲ့ တွန်းအားဆေးတွေ သုံးထားလို့သာ လုပ်နိုင်ကြတာဖြစ်ပါတယ်။ ဘယ်သူမှ မလုပ်နိုင်၊ မလုပ်ရဲတဲ့အလုပ်တွေကို လုပ်သွားကြတဲ့သူအများစုဟာ တွန်းအားဆေးတွေ သုံးထားကြတာကို သတိထားမိကြမယ် ထင်ပါတယ်။ လုံခြုံရေးအဖွဲ့တွေ ဖမ်းဆီးမိတဲ့ ဆူပူအကြမ်းဖက်သမားတွေနဲ့အတူ စိတ်ကြွဆေးဝါးတွေပါ ပါနေတာ၊ အနယ်နယ်အရပ်ရပ်မှာ မူးယစ်ဆေးဝါးပမာဏများပြားစွာဖမ်းဆီးရမိတာကို သတင်းတွေ ထုတ်ပြန်ပေးနေတာပဲလေ။

**မကြောက်ဆေးသုံးထား**

စာရေးသူ ကိုယ်တွေ့မြင်တွေ့ခဲ့ရတဲ့ အတွေ့အကြုံအရ နယ်စပ်ဒေသအချို့မှာ အန္တရာယ်ကြီးမားပြီး အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို စွန့်စွန့်စားစား ခက်ခက်ခဲခဲလုပ်နေကြတဲ့ လူငယ်တွေကို တွေ့ခဲ့ရဖူးပါတယ်။ လမ်းမရှိတဲ့ တောတောင်လျှိုမြောင်ထဲမှာ ဝန်အပြည့်တင်ထားတဲ့ ဆိုင်ကယ်နဲ့ ဖောက်ထိုးဆင်းနေတာကို တွေ့ခဲ့ရပါတယ်။ ဒီလောက် အန္တရာယ်ကြီးတဲ့အလုပ်တွေကို လုပ်တာ အန္တရာယ်မဖြစ်ဖူးလားလို့ မေးကြည့်တော့ ဖြစ်တာပေါ့လို့ ဖြေပါတယ်။ မကြောက်ကြဘူးလားမေးတော့ မကြောက်ဘူးလို့ ဖြေပါတယ်။ ဘာလို့မကြောက်လဲမေးတော့ မကြောက်ဆေး (မူးယစ်ဆေးပြား) သုံးထားတယ်လို့ ပြောပါတယ်။ ဒီလူငယ်လေးတွေဟာ အသွားခရီးမှာ ကားတစ်စီးပေါ်မှာ အတုံးအရုံးလိုက်ပါလာခဲ့ကြပြီး ကယ်ရီလုပ်တဲ့အခါမှာ ဆေးသုံးပြီး အရဲစွန့်လုပ်ကိုင်ကြပါတယ်။ ဝေးလံတဲ့နေရာက ရင်နာစရာကောင်းတဲ့ လူငယ်တွေရဲ့ဘဝတွေ ဖြစ်ပါတယ်။

မူးယစ်ဆေးပြားတွေ ပေါ်နေတဲ့ကာလမှာ အသက်အန္တရာယ်ရှိတဲ့ စွန့်စားမှုတွေလုပ်ခိုင်းဖို့ အခက်အခဲတော့မရှိလှပါဘူး။ လူငယ်နဲ့ မူးယစ်ဆေးဝါး၊ လူငယ်နဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို တွန်းပို့ပေးတဲ့စစ်သွေးကြွပုံစံတွေ ဖန်တီးကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံလို အေးချမ်းတဲ့နိုင်ငံမှာ အမိုက်မဲဆုံးအလုပ်ကို လုပ်ကြတဲ့သူတွေလို့ ဆိုရမှာဖြစ်ပါတယ်။ **စာမျက်နှာ ၂၈ သို့** ●

**လူငယ်တွေကို အသေခံခိုင်းတာလည်း ဒီလူတွေ၊ လူငယ်တွေ သေကျေကြလို့ ရက်စက်တယ်၊ မတရားလုပ်တယ်လို့ဆိုတဲ့သူတွေဟာလည်း ဒီလူတွေပဲဖြစ်နေတာကို မြင်အောင်ကြည့်ဖို့လိုပါတယ်။ လူငယ်တွေဟာ စွန့်လွှတ်စွန့်စားတတ်တယ်၊ တီထွင်ဆန်းသစ်တတ်တယ်၊ တက်ကြွတယ်၊ ရဲရင့်တယ်၊ စိတ်ကူးကို အကောင်အထည်ဖော်တတ်တဲ့သူတွေဖြစ်ပါတယ်။ လက်တွေ့မကျတဲ့ အွန်လိုင်းပေါ်က အသိအမြင်တွေနဲ့ မိမိတို့အတွက် အန္တရာယ်ကြီးမားတဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေကို အကောင် အထည်ဖော်မယ့်အစား နိုင်ငံ့အကျိုးပြု၊ လူထုအကျိုးပြု စိတ်ကူးယဉ်ဇာတ်လမ်းတွေကို လက်တွေ့ အကောင်အထည်ပေါ်အောင် ဖော်ဆောင်ကြဖို့သာ တိုက်တွန်းအပ်ပါတယ်။**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ (ယာပုံ)၊ ညောင်ရမ်းတိုက်နယ် ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်း တိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော် တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ် ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ် ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင်



ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ် ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီ တောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

၂၀/၂၀၂၁ ဖြင့် လည်းကောင်း ထပ်မံထုတ်ပြန်၍ ကာလတိုးမြှင့်ဆောင်ရွက် ပေးခဲ့သည်။

အဆိုပါ သွင်းကုန်လိုင်စင်(၁)စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) နှုန်းဖြင့် ကောက်ခံခြင်းကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထပ်မံကာလ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်

**နေပြည်တော် မေ ၁၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မေ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၃၄၂၈၂ ဦး၊ အတွင်းလူနာ ၄၂၂၁ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃၁၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၃၀၅ ဦး စုစုပေါင်း ၉၆၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၃၂၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၀၀၈ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၈၃၂၉ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး



တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးစဉ်။

စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၁**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့်ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် သီရိမင်္ဂလာသိပ္ပံကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ကံကလေးကျေးရွာ ဓမ္မရေအေးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နေရှင်နယ်ကျောင်းတိုက်များရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ Covid-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နေရှင်နယ်ကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၂၇ မှ*

ဒီလုပ်ရပ်တွေကို လုပ်မယ်ဆိုရင် ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘဲ အကြွင်းမဲ့ ချေမှုန်းခံရမှာသာ ဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံ ဒီမိုကရေစီရေးကို အကြောင်းပြုပြီး ဆူပူဆန္ဒပြရာမှ အကြမ်းဖက်တိုက်ခိုက်မှုအသွင် ကူးပြောင်းလာတာဟာ သွေးရိုးသားရိုးတော့ မဟုတ်ပါဘူး။ တက်ကြွနေတဲ့ လူငယ်အချို့ကို နောက်ကွယ် က တွန်းအားပေးတဲ့သူတွေ၊ ဝမ်းသာအားရ မြှောက်ပင့်ပေးနေတဲ့သူတွေကြောင့် ဖြစ်ပါတယ်။

**မြင်အောင်ကြည့်ဖို့လို**

မြန်မာနိုင်ငံမှာ လက်နက်ကိုင်တိုက်တဲ့နည်းနဲ့ ဘယ်သောအခါမှ အောင်မြင်မှုမရဘူးဆိုတာကို လက်နက်မျိုးစုံကိုင်ဆောင်ပြီး နှစ်ပေါင်း ၇၀ ကျော် တိုက်နေရဆဲဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲတွေက သက်သေပြဆဲဖြစ်တယ်ဆိုတာကို သတိမူကြည့်ဖို့လိုပါတယ်။ နောက်ဆုံးမှာ ပြည်သူတွေပဲ မြေစာပင်ဖြစ်ပြီး နှစ်ဖက်ထိခိုက်နေကြတာကိုတွေ့ရမှာဖြစ်ပါတယ်။ လက်နက်ကိုင်စွဲတိုက်ခိုက်နေကြတဲ့သူတွေတောင် အနိုင်မရတဲ့စစ်ပွဲပုံစံဟာ ဟုတ်တိပတ်တိ လက်နက်မရှိဘဲအမိုက်ခံတိုက်ခိုက်ကြမယ်ဆိုရင် နစ်နာမယ့်သူဟာ ဘယ်သူလဲ ဗေဒင်မေးစရာ မလိုပါဘူး။

လူငယ်တွေကို အသေခံခိုင်းတာလည်း ဒီလူတွေ၊ လူငယ်တွေ သေကျေကြလို့ ရက်စက်တယ်၊ မတရားလုပ်တယ်လို့ဆိုတဲ့သူတွေဟာလည်း ဒီလူတွေပဲဖြစ်နေတာကို မြင်အောင်ကြည့်ဖို့လိုပါတယ်။ လူငယ်တွေဟာ စွန့်လွှတ် စွန့်စားတတ်တယ်၊ **တီထွင်ဆန်းသစ်တတ်တယ်၊ တက်ကြွတယ်၊ ရဲရင့်တယ်၊ စိတ်ကူးကို အကောင်အထည်ဖော်တတ်တဲ့သူတွေဖြစ်ပါတယ်။ လက်တွေ့မကျတဲ့အွန်လိုင်းပေါ်က အသိအမြင်တွေနဲ့ မိမိတို့အတွက် အန္တရာယ်ကြီးမားတဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေကို အကောင်အထည်ဖော်မယ့်အစား နိုင်ငံ့အကျိုးပြု လူထုအကျိုးပြု စိတ်ကူးယဉ်ဇာတ်လမ်းတွေကို လက်တွေ့အကောင်အထည်ပေါ်အောင် ဖော်ဆောင်ကြဖို့သာ တိုက်တွန်းအပ်ပါတယ်။** ။

**❍ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင် ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။ နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်မှုများကြောင့် ကနေဒါနိုင်ငံတွင် နောက်ထပ်ကူးစက်မှုများ ထပ်မံပေါ်ပေါက်လာမည့် အရေးနှင့်ရင်ဆိုင်နေရ

အော့တဝါ မေ ၁၁

**ဗီဇပြောင်းကိုဗစ် –၁၉ ကူးစက်မှုများကြောင့် ကနေဒါနိုင်ငံတွင် ကိုဗစ် –၁၉ တတိယအကျော့နှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု ယုံကြည်ကြသည်။**

မေ ၁၀ ရက် မွန်းလွဲပိုင်းအထိ ကနေဒါနိုင်ငံတစ်လွှား ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၀၁၀၈ ဦးအထိ တွေ့ရှိလာရသည်။ မေ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကနေဒါနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၅၉၈၆ ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၀၅၁၂၄၆ ဦးအထိ ရှိလာသည်။

သေဆုံးသူစုစုပေါင်းမှာမူ ၂၃၂၈၂ ဦးအထိရှိသည်ဟု သိရသည်။ ဗီဇပြောင်း ကိုဗစ် –၁၉ B.1.1.7 ကူးစက်မှုမှာ နိုင်ငံအတွင်း ပြည်နယ်အားလုံးနှင့် နယ်မြေနှစ်ခုတို့တွင် တွေ့ရပြီး ကနေဒါနိုင်ငံသားအများစု ကူးစက်ခံနေရသည့် ဗီဇပြောင်းကိုဗစ် –၁၉ လည်း ဖြစ်သည်။ အချို့နေရာများတွင် ဗီဇပြောင်းက မူရင်း ဗိုင်းရပ်စ်ကူးစက်မှုနေရာတွင် အစားထိုးနေရာယူလာကြောင်း တွေ့ရှိလာရသည်။

မကြာသေးမီရက်ပိုင်းအတွင်း နောက်ထပ်ဗီဇပြောင်းတစ်ခုလည်း ကူးစက်မှုများလာကြောင်း တွေ့လာရသည်ဟု ကနေဒါပြည်သူ့ကျန်းမာရေးအကြီးအကဲဖြစ်သူ ထရီဆာတင်ကပြောသည်။ P.1 ဟု အမည်ပေးထားသည့် ဗီဇပြောင်းမှာ ကိုဗစ် –၁၉ ကာကွယ်ဆေး၏အစွမ်းထက်မှုကိုလျှော့ချနိုင်သည်ဟု အချက်အလက်များက ဖော်ပြလျက်ရှိသည်။

အဆိုပါ ဗီဇပြောင်း ကိုဗစ်–၁၉ ကူးစက်မှုကို ထိန်းချုပ်ရန်မှာ ပို၍ပင်အရေးကြီးသည်ဟု ၎င်းက ထုတ်ပြန်ကြေညာခဲ့သည်။ မကြာသေးမီရက်ပိုင်းအတွင်း ကနေဒါနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုမှာ များပြားလာပြီး ကူးစက်မှု အများစုမှာ ဗြိတိန်တွင်တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် –၁၉ ကူးစက်ခံရခြင်းဖြစ်သည်။ P.1 ဗီဇပြောင်းကိုဗစ် –၁၉ ကူးစက်မှုမှာ ဘရာဇီးနိုင်ငံတွင် စတင်တွေ့ရှိရခြင်းဖြစ်ပြီး ကနေဒါနိုင်ငံတွင် ကူးစက်မှု များပြားလာခဲ့သည်။ မေ ၁၀ ရက် မွန်းလွဲပိုင်းအထိ အဆိုပါဗီဇပြောင်းကူးစက်ခံရသူ ၁၁၀၀ ရှိလာသည်ဟု သိရသည်။

ထိုစဉ် တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် – ၁၉မှာလည်း ကနေဒါနိုင်ငံတွင် လူဦးရေ ၃၅၀ ကျော် ကူးစက်ခံထားရသည်ဟု



ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

သိရသည်။ ကနေဒါလူငယ်များမှာ ဗီဇပြောင်းကိုဗစ် –၁၉ကြောင့် အများဆုံး ထိခိုက်ရပြီး အသက် ၂၀နှင့် ၃၉ နှစ်ကြားမှ ကူးစက်မှုအများဆုံးဟု သိရသည်။

ကနေဒါနိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးမှုမှာ နှေးကွေးနေသည့်အတွက် တတိယအကျော့ ကူးစက်မှုမှာဇွန်လအထိ ဖြစ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ မေ ၉ ရက်အထိ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးသူ ၇၅၆၉၃၂၁ ဦး ရှိသည်ဟု ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီက ပြောသည်။

**ဆင်ဟွာ**



# တူရကီတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၂၆၇၆ ဦးရှိ

**အင်ကာရာ မေ ၁၁**

တူရကီနိုင်ငံတွင် မေ ၉ ရက်က နောက်ထပ်ကိုဗစ် –၁၉ ကူးစက်ခံရသူ ၅၂၆၇၆ ဦး တွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ၂၄၉၇ ဦးမှာ ရောဂါလက္ခဏာမပြသူများဟု သိရသည်။

ထို့ကြောင့် တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၃၇၉၈၃၃၃ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ တူရကီတွင် ကိုဗစ်– ၁၉ကြောင့် သေဆုံးသူ ၂၄၈ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၃၃၇၀၂ ဦးရှိလာသည်ဟု သိရသည်

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၃၂၅၃၉ ဦး တိုးလာပြီးနောက် ပြန်လည်ကျန်းမာလာသူစုစုပေါင်းမှာ ၃၃၀၁၂၁၇ ဦး ရှိလာသည်။ ကိုဗစ် –၁၉ ကူးစက်ခံရပြီးနောက် အဆုတ်ရောင်ရောဂါခံစားရသူ အရေအတွက်မှာ ၃ ဒသမ ၁ ရာခိုင်နှုန်း တွင်ရပ်တည်နေပြီး အပြင်းအထန်နေမကောင်းဖြစ်သူ အရေအတွက်မှာ ၂၇၃၉ ဦးရှိသည်ဟု တိုင်းပြည်၏ ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကိုဗစ် –၁၉ ဆေးစစ်မှုပေါင်း ၃၀၂၇၃၅ ဦးရှိ ပြုလုပ်ခဲ့ပြီး တူရကီတွင်စုစုပေါင်းဆေးစစ်မှု ၄၁၂၉၇၅၈၀ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်မှ စတင်ကာ တိုင်းပြည်အနှံ့ ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးနှံမှုကိုပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံထုတ် ဆီနိုဗက်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် အစိုးရက အတည်ပြုပြီးနောက် ကာကွယ်ဆေးထိုးနှံမှုစတင်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ လူဦးရေ ၁၀၈၉၆၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်သည်။ တူရကီတွင်၂၀၂၀ မတ် ၁၁ ရက်မှ စတင်ကာ ကိုဗစ် –၁၉ ကူးစက်မှုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်မှုကြောင့် တိုကျို၏စီးပွားရေးကို ဒေါ်လာ ၃၆ဘီလီယံနီးပါး ထိခိုက်နိုင်ဟုဆို

**တိုကျို မေ ၁၁**

တိုကျိုစီးပွားရေး တက္ကသိုလ်၏ ခန့်မှန်းမှုအရ ဂျပန်နိုင်ငံမြို့တော်တွင် ကူးစက်မြန် ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုကြောင့် စီးပွားရေးတွင် အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံ နီးပါး ထိခိုက်နိုင်သည်ဟု သိရသည်။

ကူးစက်မှုနှုန်းများ လျော့ကျသွားပါက စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ နည်းပါးသွားနိုင်သည်ဟု ခန့်မှန်းထားသည်။ တိုကျိုတွင် ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုကြောင့် နေ့စဉ်ကူးစက်မှုမှာ ဧပြီလစောပိုင်းတွင် ၅၀၀ နီးပါး ရှိရာမှ မေလအရောက်တွင် ၁၄၀၀ အထိ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။

ဇူလိုင်လတွင် ဗီဇပြောင်း ကိုဗစ် –၁၉ အဓိက ကူးစက်မှုဖြစ်လာနိုင်သည်ဟု ခန့်မှန်းမှုများအရသိရသည်။

ယင်းကဲ့သို့ ကူးစက်မှုများကြောင့် တိုကျိုတွင် ယန်းငွေ ၃ ဒသမ ၇၆ ထရီလီယံ နီးပါး စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်နိုင်သည်ဟု စီးပွားရေးတွဲဖက်ပါမောက္ခဖြစ်သူ ဆိုင်ဆူကီ နာကီတာ ဦးဆောင်သည့်အဖွဲ့က ခန့်မှန်းမှုများ ပြုလုပ်ထားသည်။

အကယ်၍ ဗီဇပြောင်း ကိုဗစ်–၁၉ ကူးစက်မှု လျော့ကျလာပါက တိုကျိုတွင်စီးပွားရေးအရ ယန်း ၂ ထရီလီယံကျော် ထိခိုက်မှုရှိနိုင်သည်ဟု အဆိုပါအဖွဲ့က ခန့်မှန်းထားသည်။

အကယ်၍ ကိုဗစ် –၁၉ ကူးစက်မှုမှာ မေလတွင် ၁၀၀၀ အထိဖြစ်လာပါက နှစ်ကုန်ပိုင်းမရောက်မီအချိန်အထိ ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုမှာ အဓိကကူးစက်မှုကြီး ဖြစ်လာနိုင်ဖွယ်မရှိဟု ခန့်မှန်းထားသည်။

**ကျိုဒို**




ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ နေ့စဉ် ကူးစက်ခံရသူ ၁၅၀၀၀၀ ကျော်ရှိ

**နယူးဒေလီ မေ ၁၁**


အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူအရေအတွက် များပြားလျက်ရှိပြီး မေ ၁၁ ရက်တွင် နောက်ထပ် ကူးစက်ခံရသူ ၁၅၂၈၇၉ ဦးအထိရှိသည်ဟု ပြည်ထောင်စုအစိုးရ၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။


ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၃၃၅၈၈၀၅ ဦး ရှိသည်ဟု သိရသည်။

ထို့ပြင် ၂၄ နာရီအတွင်း သေဆုံးသူအရေအတွက်မှာလည်း ၈၃၉ ဦး တိုးလာခဲ့သည်။ ယခုသီတင်းပတ်အတွင်း နေ့စဉ်ကူးစက်မှု ၁၀၀၀၀၀ ထက်ကျော်လွန်လာသည်မှာ ငါးရက်ဆက်တိုက်ရှိပြီဟုလည်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

# ပြည်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပြုလုပ်ရာ ရတနာမာန်အောင်တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဘွဲ့တံဆိပ်တော်ရသံဃာတော် ၃၁ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး တစ်ပါးတို့ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်မြို့ ရတနာမာန်အောင် တောရကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်တပ်နယ်၊ တပ်နယ်မှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွှေဆံတော်ဂေါပကအဖွဲ့ဝင်များက ရတနာမာန်အောင်တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆီဆိုင်မြို့မဈေးအနောက်ဘက်လမ်း (စိန်ပန်းလမ်း)ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဆီဆိုင် ဧပြီ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် ရပ်ကွက်နေပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ သွားလာရေးအဆင်ပြေစေရေးတို့အတွက် မြို့မဈေးအနောက်ဘက်လမ်း (စိန်ပန်းလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်ထံမှ သိရသည်။

အဆိုပါလမ်းကို ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၁၅ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခွန်ရဲထွေး (ဆီဆိုင်)



# ဦးပရမတ္ထ(ခ)ဆရာ ဦးမြင့်လွင်

## (သန့်-တည်-ပွား)

## (မြိတ်)

## အသက်(၆၂)နှစ်

မြိတ်မြို့၊ တပ်ပြင်ရပ်၊ ဘုရားကြီးလမ်းနေ(ဦးဆာလင်-ဒေါ်ခင်နွဲ့)တို့၏ ဒုတိယသား၊ ဦးတင်အောင်-(ဒေါ်ရီရီငွေး)တို့၏မောင်၊ (ဦးလှမြင့်- ဒေါ်ချိုချိုအေး)တို့၏ညီ၊ ဦးအောင်မြင့်-ဒေါ်ချိုချိုလွင်(ထူးဆေးဆိုင်၊ ကော့သောင်း)၊ ဦးအင်ငယ်-ဒေါ်ထွေးညို (ကိုအင်ငယ်ဆေးဆိုင်၊ မြိတ်)၊ ဦးအောင်မိုး-ဒေါ်ဝင်းပပ၊ ဦးတင်ဆက်-ဒေါ်စန်းစန်းချို၊ ဦးပြုံးချို-ဒေါ်ချယ်ရီငွေးတို့၏အစ်ကို၊ ကိုဟိန်းမိုးမြင့်လွင်(HEIN LWIN Enterprise Ltd.),(Estate Myanmar Real Estate Agency)-မမေသန္တာမွန်၊ Dr. မနမ်နေဒ်ဂျာ- Dr.မိုးနှင်းဖြူမြင့်လွင်(Miracle Light Co.,Ltd.)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဟိန်းသီဟန်ဦး၊ မောင်M ဂွန်ဂျာတို့၏ ချစ်လှစွာသောအဘိုးသည် ၁၁-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် Grand Hantha ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂-၅-၂၀၂၁ ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများသိစေရန် ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ခရစ်တော်၌အိပ်ပျော်ခြင်း

## Pu David That Bik

## ဥက္ကာ၊ ဟားခါးမြို့နယ်အသင်း၊ ရန်ကုန်မြို့

## Yangon Lai Baptist Church Member

## အသက်(၆၅)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထာအိုရွာနေ (Pu Tial Kham- Pi Hniar Cin) တို့၏ ချစ်လှစွာသောသားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ် ၃၉နေ Pi Khin Sui ၏ ချစ်လှစွာသော ခင်ပွန်း၊ Pi Sui Chin (Kalaymyo)၏ ချစ်လှစွာသောမောင်၊ Pi Ngun Ci (Thantlang), Pi Ngun Bu (USA), Pu Sui Mang (Bungtlang) တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ Pu Laban Hlichal- Pi Sui Tin Par (USA), Dr. Duh Bik Cem (Lecturer, Department of Philosophy, University of Yangon)-Pi Thla Hnem Tial, Pi Sui Em- Pu Thla Hnin (USA), Pi Sung Chin Par(USA), Pi Dawt Khun Tial- Pu Ni Peng Cung (USA), Pi Ngun Za Chin -Rev. Chan Hnin Thui(USA), Nu Ngun Hniang Sung, Pa Duh Lian Sang , Pa Washington တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၉ယောက် တို့၏ အဘိုး သည် ၉-၅-၂၀၂၁ ရက်(သောကြာနေ့) ည ၇:၄၄နာရီတွင် Pinlon Hospital တွင် ခရစ်တော်၌ အိပ်ပျော် သွားပါသဖြင့် ၁၂-၅-၂၀၂၁ ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2L/6104 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1P/6774 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## နိုင်ငံတော်သို့ အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် အီလက်ထရောနစ်ငွေပေးချေမှုစနစ်၊ စာရင်းပြောင်းနည်းစနစ်တို့ဖြင့် အခွန်ပေးဆောင်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၏ အခွန်ငွေပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် အခွန်ပေးဆောင်ရာ၌ လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သော Mobile Banking၊ Mobile Payment စနစ်များဖြင့် လည်းကောင်း၊ MPU Corporate Debit Card အသုံးပြု၍ Online မှ လည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number-TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများ အနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်တို့ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင်သာမက မြန်မာနိုင်ငံရှိ နိုင်ငံခြား ဘဏ်ခွဲများအပါအဝင် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ဘဏ်ငွေစာရင်း (A/C) မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ရက်စနစ် CBM-NET ကိုအသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲရှိဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ အခွန်ပေးသွင်းနိုင်ပါသည်။

၃။ ဖိုင်ဘာအင်တာနက်လိုင်းအသုံးပြုလျက်ရှိသော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် e-Commerce Platform အရ MPU Debit Card ဖြင့် Online Tax Payment System (https://onlinepayment.ird.gov.mm/etax) ကို အသုံးပြု၍လည်းကောင်း၊ သမဝါယမဘဏ်(CB Bank)၊ ရှေ့ဝတီဘဏ်(AYA Bank)၊ ယူအေဘီဘဏ်(UAB)၊ ကမ္ဘောဇဘဏ်(KBZ)၊ မြန်မာ့ရှေ့ဆောင်ဘဏ်(MAB)၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)၊ မြဝတီဘဏ်တို့၏ မိုဘိုင်းငွေပေးချေမှုစနစ်များ(Mobile Banking)ကို အသုံးပြု၍လည်းကောင်း အခွန်ပေးသွင်းနိုင်ပါသည်။

၄။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ ဘဏ်ငွေစာရင်း(A/C)မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ရက်စနစ် CBM-NET အသုံးပြု၍လည်းကောင်း၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍လည်းကောင်း၊ အခွန်ထမ်းကုမ္ပဏီမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၅။ မြို့နယ်အခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ငွေသားဖြင့် အခွန်ငွေပေးသွင်းမှုအပြင် မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်တို့တွင် စာရင်းဖွင့်ထားရှိသော မိမိတို့ ဘဏ်ငွေစာရင်း(A/C)မှ စာရင်းပြောင်းနည်း (Account Transfer) ဖြင့်လည်းကောင်း အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၆။ ပုဂ္ဂလိကဘဏ်ရှိ မိမိတို့ဘဏ်ငွေစာရင်း(A/C)မှ အီလက်ထရောနစ်ငွေပေးချေမှုစနစ် အသုံးပြု၍ လည်းကောင်း (သို့မဟုတ်) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ရက်စနစ် CBM-NET အသုံးပြု၍လည်းကောင်း အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် သက်ဆိုင်ရာဘဏ်များမှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလွှဲပြောင်းလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား[ပတခ(e-payment)]ကို အခွန်ထမ်းထံသို့ ပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ မြန်မာ့စီးပွားရေးဘဏ် ၊ဘဏ်ခွဲများတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ ဘဏ်ငွေစာရင်း(A/C)မှ စာရင်းပြောင်းနည်း(Account Transfer) နည်းလမ်းဖြင့် ပေးသွင်းသည့် အခွန်ထမ်းများကို မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ငွေပေးသွင်းပြီးကြောင်း အထောက်အထားထုတ်ပေးသွားမည် ဖြစ်ပါသည်။

၈။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ်- ၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၄၀၃၀၁၉၂ (သို့မဟုတ်) သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ (e-Payment Section) ဖုန်းနံပါတ် ၀၁-၈၃၇၉၀၂၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

# ဒေါ်ကြည်

## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း ၂၀၊ အမှတ် ၁၃/၁၅ နေ (ဦးကြည်)၏ဇနီး၊ ဦးသန်းငွေ-ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းစိန်-ဒေါ်ကြူကြူလွင်၊ ဦးသန်းနွယ်-ဒေါ်သဇင်နီ၊ ဦးသန်းစိုး၊ ဦးသန်းထွန်း-ဒေါ်ရီရီအောင်၊ ဦးသန်းအောင်-ဒေါ်နှင်းရွှေ၊ ဒေါ်မာမာနု-(ဦးကျင်သိန်း)၊ ဒေါ်ခင်ခင်မြင့်-ဦးငွေဝင်းတို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၂၁ရက် (စနေနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၁ ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အထွေထွေပိုလျှံ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်ရွယ်စုံ သဲ၊ ကျောက်ရောမြေ၊ ဒီဇယ်ဆီ၊ ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | ၃/၂၀၂၀-၂၀၂၁ |
| (၁) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၆-၄-၂၀၂၁ ရက် (တနင်္လာနေ့)မှ ၁၄-၅-၂၀၂၁ ရက် (သောကြာနေ့)အထိ |
| (၂) | **တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁ |
| (၃) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - | ၁၄-၅-၂၀၂၁ ရက် (သောကြာနေ့) ညနေ ၁၆:၃၀ နာရီ |
| (၄) | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၇-၅-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ |
| (၅) | **တင်ဒါစိစစ်ရွေးချယ်မည့် နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ |

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | | - ၂၇-၄-၂၀၂၁ရက်မှ ၁၄-၅-၂၀၂၁ရက်ထိ |
| တင်ဒါလျှောက်လွှာတင်သွင်းမည့် ရက်၊ အချိန် | - | ၁၇-၅-၂၀၂၁ ရက် နံနက် ၉နာရီမှ ညနေ ၄:၃၀နာရီထိ |
| တင်ဒါရွေးချယ်မည့်ရက်၊ အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါရွေးချယ်မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်-မန္တလေးလမ်း၊ ချမ်းမြသာစည် (တောင်)၊ အကွက် (၈၈၀)၊ ယန္တရားအခြေစိုက်ရုံး (အထက်မြန်မာပြည်)၊ ပင်မအလုပ်ရုံ(မြောက်)ဝင်းအတွင်း၊ မန္တလေးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၆၉၇၀၅၀၆၂၄**

---

# ဦးအောင်ခန့် ၁၂/မဂဒ(နိုင်)၀၁၇၀၆၂
## အမှတ်(၉၀၆)၊ ရာဇဓိရာဇ်လမ်း၊ (၁၄/၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ် နေထိုင်သူသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးကျော်ဇောမောင် ၁၂/မဂဒ(နိုင်)၀၈၅၉၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

လူကြီးမင်း ဦးအောင်ခန့်နှင့် ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇောမောင်တို့သည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီး ယုံကြည်ကြသူများဖြစ်ကြောင်း သိရပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း လူကြီးမင်းအား ကျွန်ုပ်မိတ်ဆွေမှ ငွေကြေးများအပ်နှံ၍ ဦးဆောင်လုပ်ကိုင်စေပြီး၊ လုပ်ငန်းပြီးဆုံးလျှင်လည်း အကျိုးအမြတ်များ ခွဲဝေပြီး လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

ကျွန်ုပ်မိတ်ဆွေ အခြားသူထံမှ လက်ခံထားသော လုပ်ငန်းဖြစ်သည့် ''ဘိုကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်ရှိ DRD Project ကျေးလက်ဆိုလာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှု''အတွက် အဆောက်အအုံဆောက်လုပ်ရန် ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအား ငွေကျပ် ၃၈၈၅၀၀၀၀/-သိန်းအား ဘဏ်မှ လည်းကောင်း၊ Wave Money မှ လည်းကောင်း ယုံကြည်စွာ လွှဲအပ်လုပ်ကိုင်ပေးခဲ့ပါသည်။

သို့ပါသော်လည်း လူကြီးမင်းမှ အဆောက်အအုံလုပ်ငန်းအတွက် ငွေကျပ် ၂၃၈၅၀၀၀၀/-ကိုသာ လုပ်ငန်းခွင်အတွက် အသုံးပြုခဲ့ပြီး၊ ပိုငွေကျပ် ၁၅၀၀၀၀၀၀/-သိန်းခန့်အား မိမိကိုယ်ကျိုးအတွက်အလွဲသုံးစားပြုထားကြောင်း ညွှန်ကြားသိရှိရပါသည်။

သို့ပါ၍ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေအား လုပ်ငန်းအတွက် အသုံးပြုရန် အကြောင်းပြ၍ ပြောဆိုကာ ရယူထားသော လုပ်ငန်းသုံးပိုငွေကျပ် ၁၅၀၀၀၀၀၀/-သိန်းခန့်အား ဤကြေညာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဖြေရှင်းပေးအပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးအပ်မှုမရှိပါက သက်ဆိုင်ရာ ဥပဒေများအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကြိုတင်သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၂၀**

---

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံး ပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင် ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသော နေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော် ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင် နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက် အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများ အပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

---

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၈/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ ဝဒသမ ၀.၂၈ ဧကရှိ မြေကွက်အား မြေငှားဂရန် (အသစ်)လျှောက်ထားနိုင်ရေး ဒေါ်စန်းရင် ၉/ တတဥ(နိုင်)၀၃၆၇၈၅ က ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ တိုက်အမှတ်(44/4A) ၄လွှာ၊ ခေါင်းရင်းခန်း၊ ဗဟိုလမ်းမပေါ်ရှိ ဟောင်ကောင်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဒီဃဦး ၁၂/စခန(နိုင်)၀၁၀၆၉၇၆ထံမှ ကျွန်ုပ် ဦးဇော်မြင့်နောင် ၁၂/စခန(နိုင်)၀၅၂၃၅၄မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ဦးဇော်မြင့်နောင်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မြင့်နောင်**
**ဖုန်း-၀၉-၅၁၃၇၉၃၆**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် မလှိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေ သူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၊ မဲရုံ ၃၇၉ ရုံ | ၂၃၇၃၀၃ | ၁၈၁၇၁၁ | ၁၀၂၃၀ | ၂၁၃၅ | ၂၉၇၇၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ မဲရုံ ၂၁၀ ရုံ | ၁၂၂၁၉၁ | ၉၇၀၇၂ | ၇၃၇၃ | ၉၆၀ | ၁၄၁၂၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် မလှိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၅၈၉ ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၉၆၈၇၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၆၈၅၈၆ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၈၂၈၆ ၊ မြေပြင်လက်ကျန် ၁၁၁၆၃၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၉၈၂၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၃၁၇၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကျောက်ပန်း တောင်း | ၃၇၉ | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၁၀၆ | ၁၆၀၈၈ | ၁၆၇၉ |
| ၂ | မလှိုင် | ၂၁၀ | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |
| | စုစုပေါင်း | ၅၈၉ | ၃၉၆၈၇၂ | ၂၆၈၅၈၆ | ၁၂၈၂၈၆ | ၁၁၁၆၃၅ | ၁၉၈၂၆ | ၃၁၇၅ |

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

## သတ်မှတ်သွင်းကုန်လိုင်စင်ကြေး နှုန်းထားဖြင့် ကောက်ခံရန်ကာလတိုးမြှင့်

နေပြည်တော် ဧပြီ ၁၁

COVID-19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ၏ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်က အခွန်အခများကို ဖြေလျှော့ပေးလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ကြေးများကို လိုင်စင်(၁)စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း)နှုန်းဖြင့် ပြောင်းလဲကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိအား အမိန့်ကြော်ငြာစာ အမှတ် ၂၃/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ အား အမိန့်ကြော်ငြာစာ အမှတ် ၆၄/၂၀၂၀ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာ အမှတ် ၈၅/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိအား အမိန့်ကြော်ငြာစာ အမှတ် ၁၃/၂၀၂၁ ဖြင့် လည်းကောင်း၊ ၂၀၂၁ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ်၊

စာမျက်နှာ ၂၈ ကော်လံ ၆ ❑

## ရန်ကုန် - မော်လမြိုင် - ရန်ကုန် ရထားလမ်းပိုင်း၌ အမှတ် (၈၉)အဆန် လူစီးရထားခရီးစဉ်တွင် ရထားစီးနင်းသူများပြား

နေပြည်တော် ဧပြီ ၁၁

ရန်ကုန် - မော်လမြိုင် - ရန်ကုန် ရထားလမ်းပိုင်း၌ ခရီးသွားမိဘပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် မတ် ၂၉ ရက်မှစ၍ စတင်ပြေးဆွဲခဲ့သည်။

ယနေ့ နံနက် ၆ နာရီခွဲတွင် မဟာသင်္ကြန်ကာလအတွင်း ခရီးသွား မိဘများ အဆင်ပြေစွာ သွားလာနိုင်ရန် အမှတ် (၈၉) အဆန် ရန်ကုန်-မော်လမြိုင် လူစီးရထားပြေးဆွဲခဲ့ရာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နှစ်ခုံတစ်ယောက်နှုန်းဖြင့် ရန်ကုန်ဘူတာကြီးမှ ရထားစီးခရီးသည် အထက်တန်း ၃၈ ဦး၊

စာမျက်နှာ ၁၅ ကော်လံ ၁ ●



ရန်ကုန် - မော်လမြိုင် - ရန်ကုန် ရထားလမ်းပိုင်း၌ အမှတ် (၈၉) အဆန် ရထားစီးခရီးသည်များအား တွေ့ရစဉ်။




## ဘာစီလိုနာကို အနိုင်ယူပြီး လာလီဂါချန်ပီယံဖြစ်ရန် အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည့် ရီးရဲ

စပိန်လာလီဂါပွဲစဉ် (၃၀) အဖြစ် လာလီဂါထိပ်တန်းပြိုင်ဘက်နှစ်သင်းဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ တို့ပွဲစဉ်ကို ဧပြီ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးများကို ဘင်ဇီမာ၊ ခရူးစ် တို့က သွင်းယူပေးခဲ့ပြီး ဘာစီလိုနာအသင်းအတွက် ချေပဂိုးကို မင်ဂွက်ဇာက သွင်းယူပေးနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဧပြီ ၁၅ ရက်တွင် လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ယှဉ်ပြိုင်ရန်ရှိသော်လည်း ယနေ့ပွဲစဉ်တွင် အားထားရသည့် ကော့တွိုက်စ်၊ မိုဒရစ်၊ ခရူးစ်၊ ကက်စမဲရိုး၊ ဘင်ဇီမာစသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ဘာစီလိုနာအသင်းကလည်း ပထမအကျော့က ရှုံးကြွေးပြန်ဆပ်နိုင်ရန်အလို့ငှာ တာစတီဂန်၊ ဒီဂျောင်၊ မင်ဂွက်ဇာ၊ အယ်ဘာ၊ မက်ဆီ၊ ဒမ်ဘီလီစသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ✻